# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိ အကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)


၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်၊ ကြာသပတေးနေ့။ Thursday, 8 August 2019 ၉၇၃၅


# အာဆီယံအသိုက်အဝန်း တည်ထောင်ရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်သွားရန် မိမိတို့၏ ကတိကဝတ်များကို ထပ်လောင်းအတည်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ (၅၂) နှစ်မြောက် အာဆီယံနေ့တွင် ပေးပို့သည့်သဝဏ်လွှာ (၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၈ ရက်)**

ယနေ့သည် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)၏ (၅၂)နှစ်မြောက် နှစ်ပတ်လည်နေ့ ဖြစ်ပါသည်။ အာဆီယံအသင်းကြီးသည် တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှု၊ စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အတူတကွ သာယာဝပြောမှု၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု စသည်တို့ဖြင့် ပြီးပြည့်စုံသည့် ဒေသကြီးတစ်ခုအတွင်း အတူတကွ ပေါင်းစည်းနေထိုင်ကြရန်နှင့် မိမိတို့၏ ပဓာနကျသည့် အကျိုးစီးပွားများ၊ စံနမူနာကောင်းများနှင့် ရည်မှန်းချက်များကို မြှင့်တင်ကြရန်အတွက် တူညီဆန္ဒအပေါ် အခြေတည်ဖွဲ့စည်းထားသော ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ယခုကဲ့သို့ မင်္ဂလာရှိသည့် အခါသမယတွင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူအပေါင်းနှင့် အာဆီယံပြည်သူတစ်ရပ်လုံး ကျန်းမာချမ်းသာကြပါစေကြောင်း နှုတ်ခွန်းဆက်သ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မိမိတို့ ယနေ့တွေ့မြင်နေရသည့် အာဆီယံအသင်းကြီးသည် လွယ်လွယ်နှင့် ဖြစ်ထွန်းလာခဲ့ခြင်းမဟုတ်သည်ကို အာဆီယံနှစ်ပတ်လည်နေ့ အထိမ်းအမှတ်ကျင်းပသည့် ယခုလိုအချိန်သမယတွင် သတိချပ်ကြရန် လိုအပ်ပါသည်။ အသင်းစတင်ဖွဲ့စည်းစဉ်အချိန်တွင် အောင်မြင်သည့် အဖွဲ့အစည်းတစ်ခုအဖြစ် ရေရှည်ရပ်တည်နိုင်ပါမည်လော၊ ၎င်း၏ ရည်မှန်းချက်ပန်းတိုင်များနှင့် ကတိကဝတ်များကို လက်တွေ့ဖော်ဆောင်ပေးနိုင်ပါမည်လောဟု အာဆီယံအပေါ် သံသယများရှိခဲ့ကြပါသည်။ သို့သော်လည်း စတင်တည်ထောင်ခဲ့သည့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ »»



# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပါကစ္စတန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၇**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီး Dr. Khalid Hussain Memon အား ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ပိုမိုပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်နိုင်မှု အခြေအနေ၊ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စ၊ နှစ်နိုင်ငံကုန်သွယ်မှု ပိုမိုတိုးမြှင့်နိုင်ရန်အတွက် အလားအလာရှာဖွေရေးကိစ္စတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီး **Dr. Khalid Hussain Memon** အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**ကြေးမုံ ယနေ့ ဖတ်စရာ**


ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့် ပတ်သက်သည့် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာ ပြည်ထောင်စုလွှတ်တော်သို့ ဖတ်ကြားတင်သွင်း စာမျက်နှာ » ၄

မြန်မာနိုင်ငံ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး အစီရင်ခံစာ(၂၀၁၆-၂၀၁၇) ပါ အကြောင်းအရာများနှင့်စပ်လျဉ်း၍ တွေ့ဆုံရှင်းလင်းဆွေးနွေး စာမျက်နှာ » ၈





## ကြေးမုံ

# ယထာဘူတကျကျ ရှုမြင်သုံးသပ်

မြန်မာနိုင်ငံသည် ကမ္ဘာ့ပြည်သူများ၊ ကမ္ဘာ့နိုင်ငံများ အများစုလိုလား နှစ်သက်ပြီး အသိအမှတ်ပြုသော ဒီမိုကရေစီစနစ်ကို အကောင်အထည် ဖော်လျက်ရှိသည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ သက်တမ်းမရှည် သေးသော်လည်း ဒီမိုကရေစီစံနှုန်းပြည့်မီရေး၊ ရင့်ကျက်ခိုင်မာရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တစ်ဖက်တွင် ပြည်သူကိုဗဟိုပြု၊ ပြည်သူ့ အကျိုးစီးပွားကိုရှေးရှုပြီး အလေးထားအကောင်အထည်ဖော်လျက်ရှိသည်။

ထိုသို့ အကောင်အထည်ဖော်လျက်ရှိရာတွင် ပြည်သူ့အစိုးရ နိုင်ငံ့ တာဝန်ယူသည့်အချိန်မှစ၍ ရခိုင်ပြည်နယ်အရေးကိစ္စများနှင့်ကြုံတွေ့ လာရသည်။ ယင်းကိုအကြောင်းပြု၍ နိုင်ငံတကာနှင့် ကုလသမဂ္ဂမှ အဖွဲ့ အစည်းများအပါအဝင် ဖိအားပေးမှုအမျိုးမျိုးနှင့် ကြုံတွေ့လာရသည်။ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီအသွင် ကူးပြောင်းနေစဉ်ကာလအတွင်း ရခိုင်ပြည်နယ်အရေးကိစ္စသည် နိုင်ငံ၏အရေးကိစ္စများအနက် စိန်ခေါ်မှု တစ်ခုဟု ခံယူထားသည်။ အခြားနိုင်ငံများအနေဖြင့်လည်း အလားတူ အရေးကိစ္စများ ကြုံတွေ့လျက်ရှိသည်။

သို့သော် နိုင်ငံတကာတွင် အရေးအမျိုးမျိုးရှိသည့်အနက် မြန်မာ နိုင်ငံမှ ရခိုင်ပြည်နယ်အရေးမှာ ကမ္ဘာက ပိုမိုအာရုံစိုက်သော အရေးဖြစ် နေသည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ပြီး ဒီမိုကရေစီအသွင် ကူးပြောင်းရေးကို မနှေးအမြန်အကောင်အထည်ဖော်နေသည်။ ဒီမို ကရေစီအသွင်ကူးပြောင်းမှုကို အကောင်အထည်ဖော်ရင်း နိုင်ငံအတွင်းရှိ လူ့အသိုက်အဝန်းအားလုံး၏ အရေးကိစ္စများကို သဘာဝကျမျှတစွာ ဆောင်ရွက်ပေးရာတွင် ကမ္ဘာ့နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံ၏အသွင် ကူးပြောင်းမှုဖြစ်စဉ်တွင် ပါဝင်ကူညီမည့်အစား ရခိုင်ပြည်နယ်ဖြစ်စဉ် ကိုသာ တစိုက်မတ်မတ် ပုံဖော်အပြစ်ရှာနေသည်မှာ အံ့သြစရာဖြစ်သည်။

ပြီးခဲ့သည့် သြဂုတ်လ ၅ ရက်နေ့က ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေးမစ်ရှင် (Fact Finding Mission – FFM) မှ မြန်မာနိုင်ငံနှင့်ပတ်သက်၍ တစ်မျိုးတစ်ဖုံအပြစ်ရှာထားသော အစီရင်ခံ စာ ထုတ်ပြန်ခဲ့ပြန်သည်။ မြန်မာအစိုးရအနေဖြင့် အဆိုပါမစ်ရှင်၏ နောက်ဆုံးထုတ်အစီရင်ခံစာနှင့် သုံးသပ်ချက်များကို ပြတ်ပြတ်သားသား ပယ်ချခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးကောင်စီက အခြေ အမြစ်မရှိသော စွပ်စွဲချက်များကိုအခြေခံ၍ အဆိုပါမစ်ရှင်ကို စတင်ဖွဲ့စည်း စဉ်ကပင် ဆန့်ကျင်ကန့်ကွက်ခဲ့သည်။

လူ့အခွင့်အရေးကောင်စီက အချက်အလက်ရှာဖွေရေးမစ်ရှင် ဖွဲ့စည်း ဆောင်ရွက်ခြင်းသည် ယင်း၏လုပ်ပိုင်ခွင့်ကို ကျော်လွန်လုပ်ဆောင်ခြင်း ဖြစ်ပြီး နိုင်ငံတကာဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ချိုးဖောက်ခြင်းဖြစ် သည်။ အဆိုပါအချက်အလက်ရှာဖွေရေးမစ်ရှင်အဖွဲ့ကိုသော်လည်း ကောင်း၊ ၎င်း၏အစီအရင်ခံစာကိုသော်လည်းကောင်း အသိအမှတ်ပြုမည် မဟုတ်ချေ။ ထိုမစ်ရှင်အဖွဲ့၏အစီရင်ခံစာသည် မြန်မာနိုင်ငံနှင့် မြန်မာ ပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်ပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ခြင်းဖြစ်သည်ဟု မြန်မာအစိုးရက ရှုမြင်သုံးသပ်ထားသလို မြန်မာပြည်သူများအားလုံးကလည်း လက်ခံကြမည်မဟုတ်ချေ။

ရခိုင်ပြည်နယ်ရှိစိန်ခေါ်မှုများကို တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေး နှင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ခြင်းဖြင့်သာ ဖြေရှင်းနိုင်လိမ့်မည်ဟု မြန်မာနိုင်ငံက ယုံကြည် ထားသည်။ ရခိုင်ပြည်နယ်ရှိ လူ့အဖွဲ့အစည်းများအတွင်း သဟဇာတ ဖြစ်ရေးကို ဆောင်ရွက်ပေးခြင်း၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ လုံခြုံစိတ်ချ ရေး၊ သာယာဝပြောသော ပတ်ဝန်းကျင်ဖန်တီးပေးရေးတို့သည်သာ လတ်တလော ဦးစားပေးရမည့် ရည်မှန်းချက်နှင့် တာဝန်များဖြစ်သည်ကို မှန်ကန်သောအတွေးအမြင်ရှိသူတိုင်း နားလည်လက်ခံပြီး လက်တွဲပါဝင် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ဒီမိုကရေစီစနစ်ကို တန်ဖိုးထားသော ကမ္ဘာ့နိုင်ငံများနှင့် ကမ္ဘာ့အဖွဲ့အစည်းများအနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို လက်တွေ့အကောင်အထည်ဖော်နေသော မြန်မာနိုင်ငံအပေါ် ဒီမိုကရေစီ စံနှုန်းများနှင့်အညီ တိုးတက်ဖြစ်ထွန်းလာစေရေး မှန်ကန်သောစိတ်ရင်း စေတနာရှိမည်ဆိုပါက ရခိုင်ပြည်နယ်အရေးကိစ္စသာမက မြန်မာ တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်လာမည့် အရေးကိစ္စများကို ယထာဘူတကျကျ ရှုမြင်ပြီး ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ဆောင်ရွက်သင့်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း သတ္တုဖွံ့ဖြိုးရေးဘဏ်လီမိတက် (နေပြည်တော်) ဖွင့်ပွဲတက်ရောက်



**နေပြည်တော် သြဂုတ် ၇**

သတ္တုဖွံ့ဖြိုးရေးဘဏ် လီမိတက် (နေပြည်တော်)ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက နေပြည်တော် သပြေကုန်းဈေး၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

အခမ်းအနားတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ နေပြည်တော် ဒုတိယ မြို့တော်ဝန် ဦးရဲမင်းဦး၊ သတ္တုတွင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်ကြီး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသည့် ဦးဝင်းသော်နှင့် ဦးအောင်အောင်၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးလဖိုင်ခွန်ဆာနှင့် သတ္တုဖွံ့ဖြိုးရေးဘဏ် လီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးရုံးမူတို့က ဘဏ်အဆောက်အဦကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ထို့နောက် သတ္တုဖွံ့ဖြိုးရေးဘဏ် လီမိတက်ဆိုင်းဘုတ်ကို ပြည်ထောင်စု ဝန်ကြီး ဦးအုန်းဝင်း၊ ဦးလဖိုင်ခွန်ဆာ နှင့် ဦးရုံးမူတို့က စက်ခလုတ်နှိပ် ဖွင့်လှစ်ကြသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် သတ္တုဖွံ့ဖြိုးရေး ဘဏ်အဆောက်အဦအတွင်း ဘဏ် လုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုကြောင်း သိရ သည်။

**သတင်းစဉ်**

# တက္ကသိုလ်များစာပေပွဲတော် ပြည်မြို့၌ ကျင်းပမည်

**ပြည် သြဂုတ် ၇**

"တက္ကသိုလ်များစာပေပွဲတော် (ပြည်)" ကို သြဂုတ် ၃၀ ရက်နှင့် ၃၁ ရက် တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲ ၁ နာရီက ပြည်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင် အစည်းအဝေး ခန်းမ၌ ကျင်းပသော အစည်းအဝေးဆုံးဖြတ်ချက်အရ သိရသည်။

အဆိုပါ တက္ကသိုလ်များ စာပေပွဲတော်ဖြစ်မြောက်ရေးအတွက် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း၊ ပဲခူးတိုင်းဒေသကြီး ဒုတိယ ဥက္ကဋ္ဌ ဒေါ်နန်းမုံဝေမှ ပြည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကိုကိုသန့်၊ မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းသန့်၊ ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်အောင်မင်းတို့ ညှိနှိုင်း ဆောင်ရွက်ပြီး ယခုအစည်းအဝေးသည် ဒုတိယအကြိမ် ခေါ်ယူညှိနှိုင်းခြင်း ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ အောင်အောင်မင်းနှင့် ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများ၊ ပြည်နည်းပညာ တက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပြည်ပညာရေးကောလိပ်တို့မှ ဆရာ ဆရာမများ၊ ခရိုင်မြို့နယ်ပညာရေးမှူးများ၊ ဒုတိယခရိုင်ရဲမှူးနှင့် အထွေထွေ အုပ်ချုပ်ရေးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပွဲတော်တွင် ကျပန်းစကားပြောပြိုင်ပွဲ၊ ဝတ္ထုကဗျာပြိုင်ပွဲ၊ ကျောင်းသား ကျောင်းသူများ စာပေစကားဝိုင်းနှင့် စာရေးဆရာကြီးများ ပင့်ဖိတ်၍ စာပေဟောပြောပွဲများအပြင် သက်ဆိုင်ရာတက္ကသိုလ်များမှ ဖျော်ဖြေရေး အစီအစဉ်များ၊ ပြခန်း ပြကွက်များ၊ အကျွေးအမွေးများ၊ စာအုပ်အရောင်းပွဲတော် များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရ သည်။

**မောင်စိမ်းလန်း ( ပြည် )**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၇-၈-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၀၀၀ | ၁၁,၅၀၀ | ၄,၉၁၅ | ၅၅,၇၆၇,၅၀၀ |
| MTSH | ၃,၄၅၀ | ၃,၄၀၀ | ၁,၄၈၉ | ၅,၀၆၃,၈၅၀ |
| MCB | ၈,၀၀၀ | ၇,၉၀၀ | ၁၃၆ | ၁,၀၈၇,၅၀၀ |
| FPB | ၂၅,၅၀၀ | ၂၅,၅၀၀ | ၂၀၁ | ၅,၁၂၅,၅၀၀ |
| TMH | ၂,၉၅၀ | ၂,၉၅၀ | ၃,၁၀၀ | ၉,၁၄၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် သြဂုတ် ၇**

ရန်ကုန်(ရွှေဈေး) ၁၂၀၃၀၀၀ မန္တလေး(ရွှေဈေး) ၁၂၀၃၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၅၀/၉၀၅ ကျပ် | ၉၁၅/၉၂၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၃၀/၈၉၅ ကျပ် | ၉၄၅/၉၅၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၅၀/၈၀၅ ကျပ် | ၈၃၅/၈၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၆၀/၉၁၅ ကျပ် | ၉၃၀/၉၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၃၀/၈၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၄၀/၈၆၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၃၀/၇၄၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၀၉.၈ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၈၉.၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၄.၃၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၉၈၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၀.၇၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၃၂၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၂၁.၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄.၂၆ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၅.၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၉၁.၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်။**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957 ၁၉၅၇ ခုနှစ် ဇွန် ၁၈ ရက် တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၁၊ ဖက်စ် ၀၁-၂၀၃၃၅

»»» ရှေ့ဖုံးမှ

၁၉၆၇ ခုနှစ်၊ ဩဂုတ်လ(၈)ရက်နေ့မှစတင်၍ အာဆီယံအသင်းကြီးသည် စည်းမျဉ်းကို အခြေခံသည့် ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ခုအဖြစ် အောင်အောင်မြင်မြင် ပြောင်းလဲလာနိုင်ခဲ့သကဲ့သို့ အာဆီယံပဋိညာဉ်စာတမ်းတွင် ပြဋ္ဌာန်းထားသည့် ရည်မှန်းချက်များ၊ မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ရပ်တည်နိုင်ခဲ့သည်ကိုလည်း ထင်ရှားစွာတွေ့မြင်ရမည်ဖြစ်ပါသည်။ အာဆီယံမဏ္ဍိုင်ကြီးသုံးရပ်၏ စုပေါင်းအင်အားသည်လည်း အာဆီယံကို နိုင်ငံရေးအရ သဟဇာတဖြစ်ပြီး စီးပွားရေးအရ ပေါင်းစည်းကာ လူမှုရေးအရ တာဝန်ယူမှုရှိသည့် ပြည်သူကိုဗဟိုပြု၊ ပြည်သူကိုမျက်နှာမူသော အသိုက်အဝန်းတစ်ရပ်အဖြစ် ပေါ်ထွန်းလာရေးကို ထပ်လောင်း အားဖြည့်ပေးလျက်ရှိပါသည်။

ယနေ့အာဆီယံသည် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် တည်ထောင်ခဲ့သည့် အာဆီယံအသိုက်အဝန်းကြီးကို ပြည့်ဝစွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ဦးတည်လျှောက်လှမ်းလျက်ရှိပါသည်။ ထိုသို့ ဦးတည်လျှောက်လှမ်းရာတွင် အမြဲတမ်း ဖြစ်ပေါ်ပြောင်းလဲနေသည့် ဒေသတွင်းအနေအထား၌ အာဆီယံ၏ အရေးပါအခရာကျမှုနှင့် စည်းလုံးညီညွတ်မှုတို့ကို ဆက်လက်ထိန်းသိမ်းလျက် အာဆီယံဆွေးနွေးဖက်နိုင်ငံများအပြင် ပါဝင်ပတ်သက်သူအားလုံးနှင့် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်သွားရန် မိမိတို့အနေဖြင့် ကတိကဝတ်ပြုထားပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ကဏ္ဍအသီးသီးတွင် ရလဒ်ကောင်းများ အထင်အရှားတွေ့မြင်နေရသည့် အတွက်လည်း နှစ်ထောင်းအားရ ဖြစ်မိပါသည်။ အာဆီယံ၏ ညှိနှိုင်း အဖြေရှာခြင်းနှင့် တူညီဆန္ဒအပေါ် အခြေခံခြင်းတို့သည် ယနေ့အာဆီယံအဖြစ် တည်ရှိလာအောင် ဆောင်ကြဉ်းပေးနိုင်ရုံသာမက အခြားပြင်ပနိုင်ငံများ၏ ယုံကြည်မှုကိုပါ တည်ဆောက်ပေးနိုင်သည်ဆိုသည်မှာ သံသယဖြစ်ဖွယ် မရှိကြောင်း ပြောကြားလိုပါသည်။ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ ဆက်ဆံရေးကို ကြည့်မည်ဆိုလျှင် ဆွေးနွေးဖက်နိုင်ငံအများစုနှင့် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ တိုးမြှင့်နိုင်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသည် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ ဖော်ဆောင်ရာတွင် မိမိတို့အကြား ပိုမိုနီးကပ်စေမည်ဟု ယုံကြည်ပါသည်။

**အာဆီယံနှင့်ထိတွေ့ဆက်ဆံရန် ပိုမိုစိတ်အားထက်သန်**

အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်(TAC)သည်လည်း ဒေသတွင်းရှိ နိုင်ငံများအချင်းချင်း ထိတွေ့ဆက်ဆံရေးကို များစွာ အထောက်အကူဖြစ်စေပါသည်။ TAC တွင် ပါဝင်လက်မှတ်ရေးထိုးသည့် နိုင်ငံအရေအတွက် တိုးတက်များပြားလာခြင်းသည်လည်း နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အာဆီယံနှင့်ထိတွေ့ဆက်ဆံရန် ပိုမိုစိတ်အားထက်သန်ကြသည်ကို ထင်ဟပ်ပြသနေခြင်းဖြစ်ပါသည်။ အာဆီယံမဟုတ်သည့် တတိယနိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများတွင် ထူထောင်ထားသည့် အာဆီယံကော်မတီများ၊ အာဆီယံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်များနှင့် အာဆီယံအဖွဲ့ဝင်မဟုတ်သည့် နိုင်ငံများမှ အာဆီယံဆိုင်ရာ သံအမတ်ကြီးများအနေဖြင့် အာဆီယံနှင့် ပြင်ပကမ္ဘာအကြား ပေါင်းကူးဆက်ဆံရေးတွင် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ကြရန်လည်း တိုက်တွန်းလိုပါသည်။

တစ်ဖက်တွင်လည်း အာဆီယံအနေဖြင့် စီးပွားရေးပေါင်းစည်းမှု ပိုမိုအားကောင်းရေးအတွက် အလေးအနက်ထားလျက်ရှိရာ အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ မျှော်မှန်းချက်နှင့် ၂၀၃၀ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ ပြည့်ဝစွာရရှိရေးတို့အတွက် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတကာကုန်သွယ်ရေး ပြန်လည်ဦးမော့လာစေရေးနှင့် အာဆီယံစီးပွားရေး တောင့်တင်းခိုင်မာမှု ပိုမိုအားကောင်းလာစေရေးအတွက် ဒေသတွင်းစီးပွားရေး မိတ်ဖက်ပြုမှုအစီအစဉ်(RCEP)နှင့် စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးမှုများကိုလည်း ယခုနှစ်အတွင်း အပြီးသတ်ဆောင်ရွက်နိုင်ရန် မျှော်လင့်ပါသည်။

**အာဆီယံအဆင့်မြင့်မြို့တော်များကွန်ရက် အောင်မြင်ဖြစ်ထွန်း**

အလားတူ အာဆီယံအဆင့်မြင့်မြို့တော်များကွန်ရက် အောင်မြင်ဖြစ်ထွန်းသည်ကိုလည်း မြင်တွေ့လိုပါသည်။ မြို့တော်များအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံ အသီးသီးရှိ မြို့ကြီး (၂)မြို့ (၃)မြို့စီတို့သည် ခေတ်မီ၍ ရေရှည်ခိုင်မြဲသည့် မြို့ပြများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ကြသည့် နေရာတစ်ခုဖြစ်လာရန် အာဆီယံအဆင့်မြင့်မြို့တော်များကွန်ရက်ကို

> **အာဆီယံ၏ ညှိနှိုင်း အဖြေရှာခြင်းနှင့် တူညီဆန္ဒအပေါ် အခြေခံခြင်းတို့သည် ယနေ့ အာဆီယံအဖြစ်တည်ရှိလာအောင် ဆောင်ကြဉ်းပေးနိုင်ရုံသာမက အခြား ပြင်ပနိုင်ငံများ၏ ယုံကြည်မှုကိုပါ တည်ဆောက်ပေးနိုင်သည်ဆိုသည်မှာ သံသယဖြစ်ဖွယ်မရှိကြောင်း ပြောကြားလို**

ထူထောင်ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။ ၎င်း၏ အဓိကရည်ရွယ်ချက်မှာ နည်းပညာကို အဓိကမောင်းနှင်အားအဖြစ်အသုံးချပြီး အာဆီယံပြည်သူအားလုံး၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြစ်ပါသည်။ ထို့ကြောင့် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် အလားအလာကောင်းများကို အတူတကွ ရှာဖွေဖော်ထုတ်ရာတွင်လည်းကောင်း၊ အလေ့အကျင့်ကောင်းများ အချင်းချင်း မျှဝေရာတွင် လည်းကောင်း၊ အဆင့်မြင့်မြို့တော်များ ဖွံ့ဖြိုးရေးအတွက် သီးခြားလုပ်ငန်းစဉ်များ ချမှတ်ရေးနှင့် အာဆီယံအတွက် ထူးခြားကောင်းမွန်သည့် အဆင့်မြင့်မြို့တော်များ ပေါ်ထွန်းရေးအတွက် မူဘောင်များရေးဆွဲရာတွင်လည်းကောင်း အာဆီယံအတွင်းရှိ အဆင့်မြင့်မြို့တော်များအကြား ကွန်ရက်ချိတ်ဆက်ခြင်းက အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေနှင့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များကို အာဆီယံအဆင့်မြင့်မြို့တော်များ ကွန်ရက်အဖွဲ့ဝင် မြို့များအဖြစ် သတ်မှတ်ထားပြီး ဖြစ်ပါသည်။

အခြားအရေးပါသည့် ကဏ္ဍတစ်ခုမှာ ၂၀၁၉ ခုနှစ်ကို အာဆီယံယဉ်ကျေးမှုနှစ်အဖြစ် သတ်မှတ်ထားခြင်းဖြစ်ပါသည်။ အာဆီယံနိုင်ငံအချင်းချင်းကြားတွင်လည်းကောင်း၊ အခြားသော ကမ္ဘာ့နိုင်ငံများနှင့် လည်းကောင်း ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်များမှတစ်ဆင့် အာဆီယံ၏ ယဉ်ကျေးမှုနှင့် ရှေးဟောင်းအမွေအနှစ်များကို ကမ္ဘာသိအောင် တင်ပြခြင်းဖြင့် အာဆီယံ၏ စည်းလုံးမှုအသံကို မြှင့်တင်ပေးရန် ရည်ရွယ်ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း အာဆီယံ အစားအစာပွဲတော်၊ ဈေးရောင်းပွဲတော် အစရှိသည့် အခမ်းအနားများကို မန္တလေးနှင့် ရန်ကုန်မြို့များတွင် အသီးသီး ကျင်းပပြုလုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ အစီအစဉ်များသည် အာဆီယံ၏ ထူးခြားကောင်းမွန်မှုများနှင့် အရောင်အသွေးစုံလင်သည့် ယဉ်ကျေးမှုများကို ပြည်သူလူထုအပါအဝင် ကမ္ဘာကိုတင်ပြခြင်းဖြစ်သည့်အတွက် တက်ကြွစွာ ပါဝင်ဆင်နွှဲကြရန် တစ်ဦးချင်းစီကို တိုက်တွန်းလိုပါသည်။ ထို့အပြင် မကြာမီတည်ထောင်မည့် အာဆီယံအသင်းအဖွဲ့များ ကွန်ရက်သည်လည်း အာဆီယံအသိုက်အဝန်းနှင့် ပတ်သက်သည့် ပြည်သူလူထု၏ အသိအမြင်နှင့် အာဆီယံအသိုက်အဝန်း ထူထောင်ရာတွင် ပြည်သူများအားလုံး ပါဝင်မှုရှိသည်ဆိုသည့် ခံစားချက်ကို မြှင့်တင်ပေးမည်ဖြစ်ပါသည်။

ယနေ့ မိမိတို့ရရှိပိုင်ဆိုင်ထားသည့် အောင်မြင်မှုရလဒ်များကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်အတွက် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ အာဆီယံခေါင်းဆောင်များက အာဆီယံအသိုက်အဝန်းတည်ထောင်ရေးလုပ်ငန်းစဉ်များတွင် အာဆီယံ၏ အရေးပါအခရာကျမှု၊ စည်းလုံးညီညွတ်မှုနှင့် ပြင်ပမိတ်ဖက်များနှင့် ထိတွေ့ဆောင်ရွက်ခြင်းကို ဆက်လက်ထိန်းသိမ်းမှုတို့၏ အရေးပါပုံကို ထပ်လောင်းအတည်ပြုခဲ့သည့်အပြင် ကဏ္ဍပေါင်းစုံတွင် စဉ်ဆက်မပြတ် တည်တံ့ခိုင်မြဲမှုရှိစေရေးအတွက် "စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးမိတ်ဖက်ပြုမှုဆိုင်ရာ အာဆီယံ ခေါင်းဆောင်များ၏ မျှော်မှန်းချက်" တစ်ရပ်ကိုလည်း ထုတ်ပြန်ကြေညာခဲ့ပါသည်။

**ဒေသဆိုင်ရာအဖွဲ့အစည်းကြီး တစ်ရပ်အဖြစ် ပေါ်ထွန်း**

အာဆီယံအသင်းကြီးကို စတင်တည်ထောင်ခဲ့ကြသည့် ပုဂ္ဂိုလ်ကြီးများအနေဖြင့် ဗန်ကောက်ကြေညာစာတမ်းတွင် ဖော်ပြထားသည့်အတိုင်း ၎င်းတို့၏ အမြော်အမြင်ကြီးမားသည့် မျှော်မှန်းချက်များနှင့်အတူ အာဆီယံကို အားကောင်းခိုင်မာပြီး အောင်မြင်ကြွယ်ဝသည့် ဒေသဆိုင်ရာအဖွဲ့အစည်းကြီး တစ်ရပ်အဖြစ် ပေါ်ထွန်းလာစေရန်အတွက် လမ်းကြောင်းများ ချမှတ်ပေးခဲ့ပါသည်။ အဆိုပါ မျှော်မှန်းချက်များကို အာဆီယံပဋိညာဉ် စာတမ်းတွင်လည်း ထပ်မံထည့်သွင်းဖော်ပြထားပါသည်။ အာဆီယံ၏အနာဂတ်ကို မည်သို့ပုံဖော်မည်နည်းဆိုသည်မှာ ယနေ့ မိမိတို့တစ်တွေ၏ လက်ထဲတွင်ရှိပါသည်။ အာဆီယံအသိုက်အဝန်း တည်ထောင်ရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်သွားရန် မိမိတို့၏ ကတိကဝတ်များကို ထပ်လောင်းအတည်ပြုပါကြောင်း အခွင့်အခါသင့်ခိုက် ပြောကြားလိုပါသည်။ ပြည်သူများအနေဖြင့်လည်း ဒေသတွင်း ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးအတွက် မိမိတို့နှင့်အတူ တက်ကြွစွာ ပူးပေါင်းပါဝင်လက်တွဲ ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

# ပြည်သူလူထု၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုများအပေါ် ပေးရသည့်အခကြေးငွေနှင့် ထိုက်တန်သည့် ဝန်ဆောင်မှုမျိုးဖြစ်ရန်လို

**နေပြည်တော် ဩဂုတ် ၇**

လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနေမှုနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း တိုးတက်သုံးစွဲနိုင်မှု အခြေအနေများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး/ ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၌ ကျင်းပသည်။



အစည်းအဝေးတွင် လျှပ်စစ်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံးရာခိုင်နှုန်းပြည့် လျှပ်စစ်ဓာတ်အားရရှိရေး ရည်မှန်းချက်ထားသည့်အတွက် ၁၀ နှစ်အတွင်း ၅၀ ရာခိုင်နှုန်း ထပ်မံရရှိရေး ဆောင်ရွက်ရာတွင် မည်ကဲ့သို့ ဆောင်ရွက်ကြမည်ကို ဘက်ပေါင်းစုံမှ ကြိုတင်စဉ်းစားဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမဖြစ်ပေါ်စေရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြင့်ဆောင်ရွက်ရန်နှင့် ပြည်သူလူထုအား နားလည်သဘောပေါက်အောင် ချပြရှင်းလင်းဆောင်ရွက်ထားရန် လိုအပ်ကြောင်း၊ ရရှိသည့်ဘဏ္ဍာငွေများဖြင့် ပြည်သူလူထုအတွက် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ရာတွင် အကျိုးရှိရှိ စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်သူကိုဦးစားပေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်ကြရန်လိုကြောင်း ပြည်သူလူထု၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုများအပေါ် ပေးရသည့်အခကြေးငွေနှင့် ထိုက်တန်သည့် ဝန်ဆောင်မှုမျိုးဖြစ်ရန် လိုအပ်ကြောင်း။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများအနက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းသည် ပြည်သူနှင့် အဓိကထိတွေ့ဆက်ဆံရသည့် ဌာနဖြစ်သည့်အတွက် တိုင်းဒေသကြီး/ ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာများနှင့် တိုင်းဒေသကြီး/ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံးများသည် ဝန်ဆောင်မှုကောင်းရန်လိုအပ်ကြောင်း၊ ပြည်သူတို့၏ တုံ့ပြန်မှု၊ တောင်းဆိုမှုများကို အထူးဂရုပြုဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အထူးသဖြင့် တင်ဒါလုပ်ငန်းဆောင်ရွက်မှုများတွင်လည်း လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ မှန်မှန်ကန်ကန်ဖြစ်စေရေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများအား အဆင့်ဆင့်တင်ပြ၍ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ဖြင့်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအကျိုး၊ နိုင်ငံတော်အကျိုးအတွက် မိမိတို့၏ လုပ်ငန်းအတွေ့အကြုံ၊ ဘဝအတွေ့အကြုံ၊ ပညာရပ်ဆိုင်ရာအတွေ့အကြုံများကို အခြေခံ၍ ပြည်သူလူထုအတွက် အရည်အသွေးပြည့်ဝပြီး တည်ငြိမ်သည့်လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်သွားကြရန်နှင့် တွေ့ကြုံရသည့်စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်၍ အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ်များမှ တိုင်းဒေသကြီး/ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ဥက္ကဋ္ဌနှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ခေတ္တအမှုဆောင်အရာရှိချုပ်တို့က မိမိတို့ဒေသအလိုက် လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနေမှုနှင့် ဓာတ်အားဖြန့်ဖြူးပေးထားမှု၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ နှစ်အလိုက် အမြင့်ဆုံးသုံးစွဲမှု ဝန်အားအခြေအနေနှင့် ဘဏ္ဍာနှစ်အလိုက် ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း၊ စီမံကိန်းတာဝန်ခံကအမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းပထမအဆင့်မှ လျှပ်စစ်ဓာတ်အားရရှိမည့် ကျေးရွာများတွင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လျှပ်စစ်ဓာတ်အားရရှိရန် ကျန်ရှိသည့်ကျေးရွာများတွင် ဖြစ်ပေါ်နေသော အခက်အခဲများ၊ ဖြေရှင်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း ဒုတိယအဆင့်တွင် စီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဝင်းမောင်က တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုများအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး/ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာများ၏ တင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့်ပတ်သက်သည့် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာ ပြည်ထောင်စုလွှတ်တော်သို့ ဖတ်ကြားတင်သွင်း

**နေပြည်တော် ဩဂုတ် ၇**

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့်ပတ်သက်သည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအား ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် နဝမနေ့ အစည်းအဝေးတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က ဖတ်ကြားရှင်းလင်းသည်။

ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက စစ်ဆေးနိုင်မှုအတိုင်းအတာအနေဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်သော ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် နေပြည်တော်ကောင်စီတို့၏ ၂၀၁၈ ခုနှစ် မတ်လ (အပြီးသတ်)စာရင်း၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၈ ခုနှစ် မတ်လ (နောက်ဆက်တွဲ) ရငွေသုံးငွေရှင်းတမ်း၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်းများကို ကောက်နုတ်စစ်ဆေးခဲ့ပါကြောင်း။

စစ်ဆေးသည့်အခါ အစိုးရဌာန အဖွဲ့အစည်းများ၏ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ရငွေများပြည့်ဝစွာကောက်ခံမှု၊ သုံးစွဲခွင့်ပြုထားသည့် အသုံးစရိတ်များအား ထိရောက်စွာ အသုံးပြုမှု၊ အခြေအနေများကို စစ်ဆေးခြင်းနှင့် ဆက်စပ်လျက်ရှိသော ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေအပေါ် အကောင်အထည်ဖော်မှု၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေအပေါ် အကောင်အထည်ဖော်မှု၊ အစိုးရကြွေးမြီအပေါ် ကြီးကြပ်ဆောင်ရွက်မှုနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် ဆက်စပ်ဆောင်ရွက်သော ကြွေးမြီ၊ အပ်ငွေ၊ ယာယီစသည့် စာရင်းများဆိုင်ရာ အကောင်အထည်ဖော်မှုတို့ကို ကောက်နုတ်စစ်ဆေးခဲ့ပါကြောင်း။

## ပြည်ထောင်စု၏ ဘတ်ဂျက်လိုငွေနှင့် GDP အချိုးသည် မတ်လအပြီးသတ် စာရင်းများအရ ၂ ဒသမ ၆၃ ရာခိုင်နှုန်းရှိ

ပြည်ထောင်စု၏ ဘတ်ဂျက်လိုငွေနှင့် GDP အချိုးသည် မတ်လအပြီးသတ်စာရင်းများအရ ၂ ဒသမ ၆၃ ရာခိုင်နှုန်းရှိပါကြောင်း၊ ရငွေနှင့်စပ်လျဉ်းသည့် အဓိကစစ်ဆေးတွေ့ရှိချက်များအနေဖြင့် ရသင့်ရထိုက်သည့်ရငွေများ ပြည့်စုံစွာ ထည့်သွင်းလျာထားမှုမရှိခြင်း၊ လျော့နည်းလျာထားခြင်း၊ ရငွေများကို လျာထားသည့်အတိုင်း ရရှိမှုမရှိခြင်း၊ ငှားရမ်းခရငွေနှုန်းထားများသည် ခေတ်ကာလနှင့် လျော်ညီမှုမရှိခြင်း၊ ယခင်နှစ်ဟောင်းကြွေးကျန်များ ထည့်သွင်းလျာထားမှု မရှိခြင်း၊ ပြည်ပချေးငွေ၊ အကူအညီရငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်းများတွင် Work Plan များအတိုင်း အကောင်အထည်ဖော်နိုင်မှုမရှိခြင်း၊ ချေးငွေစာချုပ် ပြင်ဆင်ချုပ်ဆိုဆဲဖြစ်ခြင်း၊ ပစ္စည်းဝယ်ယူမည့် စာချုပ်ချုပ်ဆိုရန် ပြင်ဆင်ဆဲဖြစ်ခြင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ အချိန်မီ မဆောင်ရွက်နိုင်ခြင်း၊ ချေးငွေသက်တမ်းကာလ ကုန်ဆုံးချိန်နီးသော်လည်း အပြည့်အဝအချိန်မီ အကောင်အထည်မဖော်နိုင်ခြင်းတို့ကြောင့် ပြည်ပအကူအညီ ချေးယူရငွေ လျော့နည်းခြင်းဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ထိရောက်ကောင်းမွန်သည့် အရအသုံးခန့်မှန်းခြေငွေစာရင်းဖြစ်စေရန် နှစ်စဉ်အရ ခန့်မှန်းခြေငွေစာရင်းများရေးဆွဲရာတွင် ရသင့်ရထိုက်သောရငွေများ အပြည့်အဝလျာထားစေရေး၊ ဘဏ္ဍာရေးနှစ်အတွင်း ကောက်ခံရရှိနိုင်မှုနှင့် မမျှော်မှန်းနိုင်သည့် အခြေအနေ အကြောင်းအရာများ ဖြစ်ပေါ်မှုများအတွက် အချိန်နှင့်တစ်ပြေးညီ လျာထားစာရင်း၌ ပါဝင်စေရေး၊ အမှန်ရရှိမှုနှင့် လျာထားငွေကွာဟမှုနည်းပါးစေရေး၊ ရရှိသင့်သောရငွေများ ပြည့်ဝစွာ ရရှိရေး၊ ပြည်ပချေးငွေ၊ အကူအညီရငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခြင်းဖြင့် ပြည်ပချေးယူရငွေများ၊ အကူအညီရငွေများကို လျာထားသည့်အတိုင်း ရယူသုံးစွဲနိုင်ရေးတို့ကို ဆောင်ရွက်ရန် လိုအပ်သည်ကို သုံးသပ်တင်ပြအပ်ပါကြောင်း။



ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်

အသုံးစရိတ်နှင့် စပ်လျဉ်းသည့် အဓိက စစ်ဆေးတွေ့ရှိချက်များအနေဖြင့် ရုံးအသစ်ဖွဲ့စည်းရန် ဖွဲ့စည်းပုံတင်ပြခြင်း မရှိသေးဘဲ ၎င်းရုံးအတွက် ရုံးသုံးစက်ကိရိယာ၊ ပရိဘောဂများဝယ်ယူရန် လျာထားခဲ့ခြင်း၊ အဆောက်အအုံဆောက်လုပ်ရန် မြေနေရာမရှိသေးဘဲ အဆောက်အအုံအတွက် လျာထားခဲ့ခြင်း၊ မြေပြင်အနေအထား၊ နေရာဒေသအခြေအနေ၊ အခြားကြိုတင်မမျှော်မှန်းနိုင်သည့် အနေအထားတို့ကို လေ့လာဆန်းစစ်မှုမရှိဘဲ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လျာထားခြင်း၊ ပြည်ပချေးငွေ၊ အကူအညီရငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ်များဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်နိုင်မှု မရှိခြင်းကြောင့် သုံးစွဲမှုမပြုနိုင်ခြင်း၊ အသုံးစရိတ်သုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်း ညွှန်ကြားချက်များနှင့် ညီညွတ်မှုမရှိခြင်း၊ အရေးပေါ် ရန်ပုံငွေမှ အသုံးစရိတ်များ ကျခံသုံးစွဲရာတွင် မူလရည်ရွယ်သည့်အတိုင်း သုံးစွဲမှုမရှိခြင်းတို့ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အမှန်ဆောင်ရွက်နိုင်မည့် အခြေအနေအရ လိုအပ်ချက်များ၊ အနေအထားများအား ဘက်ပေါင်းစုံမှ ပြည့်စုံစွာ လေ့လာစိစစ်ပြီးမှသာလျှင် ခွင့်ပြုရန်ပုံငွေ လျာထားတောင်းခံရန်၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့၏ ညွှန်ကြားချက်များ၊ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ အသုံးစရိတ်များအား ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်ရေး၊ ချေးငွေဖြင့် အကောင်အထည်ဖော်နေသည့် စီမံကိန်းလုပ်ငန်းများ အောင်မြင်စေရေးနှင့် Plan နှင့် Budget လိုက်လျောညီထွေဖြစ်စေရေးတို့အတွက် ဌာနအဖွဲ့အစည်းအသီးသီးအနေဖြင့် စနစ်တကျစီမံခန့်ခွဲရန် လိုအပ်ကြောင်း။

အသုံးစရိတ်ခွင့်ပြုငွေနှင့် ပိုလျှံငွေများ ပြန်လည်အပ်နှံရာတွင် မူလခန့်မှန်းခြေအရ အသုံးစရိတ်ခွင့်ပြုငွေကျပ် ၂၀၅၉၄ ဒသမ ၁၆၅ ဘီလီယံ၊ ဖြည့်စွက်ခွင့်ပြုငွေကျပ် ၂၄၇၄ ဒသမ ၁၀၆ ဘီလီယံနှင့် အထွေထွေပိုလျှံရန်ပုံငွေစာရင်းမှ လွှဲပြောင်းသုံးစွဲငွေကျပ် ၂၄၆ ဒသမ ၈၈၇ ဘီလီယံ၊ စုစုပေါင်းငွေကျပ် ၂၃၃၁၅ ဒသမ ၁၅၈ ဘီလီယံမှ ငွေကျပ် ၂၅၁၄ ဒသမ ၂၈၈ ဘီလီယံကို ပြန်လည်အပ်နှံခဲ့ပါကြောင်း၊ ယင်းအပ်နှံမှုတွင် ဖြည့်စွက်ခွင့်ပြုငွေမှ ပြန်လည်အပ်နှံမှုငွေကျပ် ၂၆၇ ဒသမ ၁၃၆ ဘီလီယံရှိသဖြင့် ဖြည့်စွက်ခွင့်ပြုငွေကျပ် ၂၄၇၄ ဒသမ ၁၀၆ ဘီလီယံတွင် ပိုလျှံငွေပြန်လည်အပ်နှံမှု ၁၀ ဒသမ ၈၀ ရာခိုင်နှုန်းရှိပါကြောင်း။

ပိုလျှံငွေများ ပြန်လည်အပ်နှံရာတွင် ၂၀၁၈ ခုနှစ် မတ် ၃၁ ရက်အထိ ငွေကျပ် ၂၄၆၃ ဒသမ ၃၉၀ ဘီလီယံ အပ်နှံခဲ့ပြီး ကျန်ပိုလျှံငွေများကို ၂၀၁၈ ခုနှစ် မတ် ၃၁ ရက်တွင် အချိန်မီ ပြန်လည်အပ်နှံကြရန်ဖြစ်သော်လည်း ဌာနအဖွဲ့အစည်းအချို့သည် လုပ်ငန်းသဘာဝအရ အထွေထွေပိုလျှံရန်ပုံငွေသို့ အပြီးသတ်အပ်နှံနိုင်မှုမရှိခြင်း၊ စာရင်းချုပ်ရေးဆွဲပြီးမှသာ ပိုလျှံငွေများကို ပြန်လည်အပ်နှံနိုင်ခြင်းတို့ကြောင့် ၂၀၁၈ ခုနှစ် မတ် ၃၁ ရက်နောက်ပိုင်းတွင် ငွေကျပ် ၅၀ ဒသမ ၈၉၈ ဘီလီယံ ပြန်လည်အပ်နှံထားသည်ကို တွေ့ရှိရပါကြောင်း။

## ပိုလျှံငွေများအား ဘဏ္ဍာနှစ်အတွက် သတ်မှတ်ချိန်အတွင်း အပ်နှံနိုင်ရေး လိုက်နာဆောင်ရွက်ရန် သုံးသပ်အကြံပြု

ယင်းသို့ အပ်နှံခဲ့မှုကြောင့် ဘဏ္ဍာနှစ်မကုန်ဆုံးမီ နိုင်ငံတော်အတွက် လိုအပ်သည့် အခြားစီမံကိန်းများ၊ လုပ်ငန်းများသို့ လွှဲပြောင်းသုံးစွဲမှု မပြုနိုင်သဖြင့် နိုင်ငံတော်၏ ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်ကို ပိုမိုအားကောင်းတိုးတက်စေရေးအတွက် ဘဏ္ဍာရေးစည်းမျဉ်းများ၊ ညွှန်ကြားချက်များနှင့်အညီ ပိုလျှံငွေများအား ဘဏ္ဍာနှစ်အတွက် သတ်မှတ်ချိန်အတွင်း အပ်နှံနိုင်ရေး လိုက်နာဆောင်ရွက်ရန် သုံးသပ်အကြံပြုအပ်ပါကြောင်း။

ဝန်ကြီးဌာနအဖွဲ့အစည်းများ၏ နိုင်ငံခြားငွေ ရရှိမှု၊ သုံးစွဲမှုများတွင် ရရှိမှု(ယာယီအမှန်) အမေရိကန်ဒေါ်လာ သန်း ၂၄၇၀ ဒသမ ၂၃၀ ဖြစ်ပြီး သုံးစွဲမှု (ယာယီအမှန်) သည် အမေရိကန်ဒေါ်လာ သန်း ၃၃၇၃ ဒသမ ၁၆၀ ဖြစ်၍ ရရှိမှုအပေါ် သုံးစွဲမှုရာခိုင်နှုန်းအနေဖြင့် ၁၃၆ ဒသမ ၅၅ ရာခိုင်နှုန်းဖြစ်ပြီး လိုငွေ အမေရိကန်ဒေါ်လာ သန်း ၉၀၂ ဒသမ ၉၃ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့သည် နိုင်ငံခြားငွေအများဆုံးရရှိသည့်ဌာနများဖြစ်ပြီး နိုင်ငံခြားငွေ သုံးစွဲမှုများသည် အဓိကအားဖြင့် ပြည်ပကြွေးမြီ အတိုး၊ အရင်းပြန်ဆပ်ခြင်းများ ဖြစ်ပါကြောင်း။

ပြည်ထောင်စု၏ အခွန်အကောက်ရငွေသည် ငွေကျပ် ၇၄၂၃ ဒသမ ၇၂၃ ဘီလီယံဖြစ်ပြီး ပြည်ထောင်စု၏ သာမန်ရငွေတွင် ၄၄ ဒသမ ၃၆ ရာခိုင်နှုန်းပါဝင်ပါကြောင်း၊ အခွန်အမျိုးအစားအလိုက် ကောက်ခံရရှိမှု စုစုပေါင်းသည် မူလခန့်မှန်းခြေအပေါ် ၁၁၄ ဒသမ ၅၅ ရာခိုင်နှုန်း၊ ပြုပြင်ပြီး ခန့်မှန်းခြေအပေါ် ၉၈ ဒသမ ၃၈ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

အခွန်အကောက်ရငွေများကို လျာထားရာတွင် လျာထားသင့်သည်ထက် လျော့နည်းလျာထားခြင်း၊ နှစ်ဟောင်းကြွေးကျန်များအား အစီအမံများ ချမှတ်ပြီး ထိရောက်စွာ ကောက်ခံရန်လိုအပ်ခြင်း၊ အခွန်ကောက်ခံသည့်နှုန်းထားများ ခေတ်နှင့်ဆီလျော်မှု မရှိခြင်းတို့ကို တွေ့ရှိရပါကြောင်း။

ရသုံးမှန်းခြေငွေစာရင်း အကောင်အထည်ဖော်မှု အားကောင်းစေရေးအတွက် အခွန်ရငွေအား လျာထားချက်နှင့်အညီ အနီးစပ်ဆုံး ပြည့်ဝစွာ ကောက်ခံရရှိစေရေးနှင့် နှစ်ဟောင်းကြွေးကျန်များ ထိရောက်စွာ ကောက်ခံနိုင်ရေး လိုအပ်သည့်အစီအမံများ ချမှတ်ဆောင်ရွက်ရန်နှင့် နှုန်းထားများ ခေတ်နှင့်ဆီလျော်မှုရှိစေရေး ဆောင်ရွက်ရန် လိုအပ်သည်ကို သုံးသပ်တင်ပြအပ်ပါကြောင်း။

၂၀၁၇-၂၀၁၈ ခုနှစ် အမျိုးသားစီမံကိန်းဥပဒေကို ကဏ္ဍအလိုက် အကောင်အထည်ဖော်ရာတွင် ၂၀၁၈ ခုနှစ် မတ်လကုန် ယာယီစာရင်းအရ လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးတို့၌ စုစုပေါင်း ငွေကျပ် ၆၃ ၈၂၇ ဒသမ ၉၁၉ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်ထက် လယ်ယာကဏ္ဍကြီးတွင် ၁ ဒသမ ၃ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၉ ဒသမ ၄ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၈ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်အကောင်အထည်ဖော်နိုင်ခဲ့ပါကြောင်း၊ စုစုပေါင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး တိုးတက်မှုနှုန်း (GDP Growth Rate)တွင် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ၆ ဒသမ ၈ ရာခိုင်နှုန်းရှိသဖြင့် ယခင်နှစ်ထက် တိုးတက်ခဲ့သော်လည်း ဥပဒေအရ တိုးတက်ရန် ၇ ဒသမ သုည ရာခိုင်နှုန်းအောက် လျော့နည်းခဲ့ပါကြောင်း။

## လူတစ်ဦး၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် တစ်နှစ်ထက်တစ်နှစ်တိုးလာ

လူတစ်ဦး၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် တစ်နှစ်ထက်တစ်နှစ် တိုးလာခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တိုးတက်မှုရာခိုင်နှုန်းသည် ၁၂ ဒသမ ၄ ရာခိုင်နှုန်းရှိပါကြောင်း၊ GDP တွက်ချက်သည့် ပုံမှန်ဈေးနှုန်းသည် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ဈေးနှုန်းဖြစ်နေဆဲဖြစ်၍ အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်ကို ပြောင်းလဲတွက်ချက်ရန် လိုအပ်ပါကြောင်း၊ ပြည်ပကုန်သွယ်ရေးတွင် ပို့ကုန်တန်ဖိုးသည် ယခင်နှစ်ထက် အမေရိကန်ဒေါ်လာ ၂၈၅၂ ဒသမ ၁၂ သန်း ပိုမိုတင်ပို့နိုင်ခဲ့သော်လည်း သွင်းကုန်တန်ဖိုးသည် ယခင်နှစ်ထက် အမေရိကန်ဒေါ်လာ ၁၄၇၅ ဒသမ ၈၉ သန်း ပိုမိုတင်သွင်းခဲ့သဖြင့် ကုန်သွယ်မှုလိုငွေ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

National Plan အရ လျာထားချက်အပေါ် လုံးဝအကောင်အထည်မဖော်နိုင်သည့် စီမံကိန်း ၁၁ ခုရှိပြီး ၎င်းတို့သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ငါးခု၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ငါးခု၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တစ်ခုဖြစ်ပါကြောင်း၊ National Plan အရ လျာထားချက်အပေါ် ၅၀ ရာခိုင်နှုန်းအောက်သာ အကောင်အထည်ဖော်နိုင်သည့် စီမံကိန်း ၁၅ ခုရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ငါးခု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ရှစ်ခု၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တစ်ခု၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တစ်ခု ဖြစ်ပါကြောင်း။


GDP တွက်ချက်သည့် ပုံမှန်ဈေးနှုန်းအား အနီးစပ်ဆုံးဘဏ္ဍာနှစ်ကို ပြောင်းလဲတွက်ချက်ရန်၊ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိရေး တိုးမြှင့်ဆောင်ရွက်ရန်၊ ကုန်သွယ်ရေးကဏ္ဍ၏ လုပ်ငန်းစဉ်များအား နိုင်ငံတော်၏ ကုန်သွယ်ရေးမူဝါဒ၊ စီးပွားရေးမူဝါဒနှင့်အညီ ဆောင်ရွက်ရန်၊ အမျိုးသားစီမံကိန်း အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်အား

စာမျက်နှာ ၅ သို့ ◆

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပါကစ္စတန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ထမ်းဆောင်မှုပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီး Dr.Khalid Hussain Memon အား ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့သည် မိတ်ဆွေနိုင်ငံများဖြစ်ကြပြီး ဆက်ဆံရေးကောင်းမွန်လျက်ရှိသည့် အခြေအနေ၊ နှစ်နိုင်ငံ တပ်မတော်ချင်း ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေ၊ နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာများနှင့် အခြားနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေ၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒေသအလိုက် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စ၊ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာက အထင်အမြင်လွဲမှားစွာ ရှုမြင်နေကြသည့်အပေါ် အခြေအနေမှန်များကို နိုင်ငံတကာက သိရှိအောင် ကျယ်ပြန့်စွာ ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေ၊ နိုင်ငံတကာဆက်ဆံရေးအခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ဆက်သွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့်အခြေခံအဆောက်အဦများ တည်ဆောက်ရန် မြေယာအသုံးပြုမှုစီမံခန့်ခွဲရေးကော်မတီ ဆဋ္ဌမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၇**

ဆက်သွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် အခြေခံအဆောက်အဦများတည်ဆောက်ရန် မြေယာအသုံးပြုမှု စီမံခန့်ခွဲရေးကော်မတီ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ဆွေးနွေးပြောကြား**

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်ဇင်မောင်က ဆက်သွယ်ရေးအခြေခံအဆောက်အဦများ တည်ဆောက်ရာတွင် ကြုံတွေ့နေရသော အခက်အခဲများအားဖြေရှင်းနိုင်ရေး၊ ဆက်သွယ်ရေးအခြေခံအဆောက်အဦများ တည်ဆောက်ရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လျင်မြန်စွာခွင့်ပြုနိုင်ရေးနှင့် ဆက်သွယ်ရေးကွန်ရက် အထောက်အကူပြုအခြေခံအဆောက်အဦ ဖြတ်သန်းချင်းခွင့်ဆိုင်ရာ နည်းဥပဒေများ(Right of Way Rule) ရေးဆွဲနိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးဆွေက ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလိုင်စင်ရ ကုမ္ပဏီများမှ တင်ပြလာသည့် အခက်အခဲများ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ လျှောက်ထားလာရာတွင် ဦးစီးဌာနမှ စိစစ်ခွင့်ပြုသည့် လုပ်ငန်းစဉ်များ၊ ဆက်သွယ်ရေးအခြေခံအဆောက်အဦများ တည်ဆောက်ရာတွင် သက်ဆိုင်ရာမြေနှင့် အဆောက်အဦ အသုံးပြုမှုနှင့် စပ်လျဉ်း၍ နည်းဥပဒေများ၊ ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရေးကိစ္စများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အခြေအနေများကို တင်ပြဆွေးနွေးသည်။

အစည်းအဝေးသို့ တက်ရောက်လာသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သက်ဆိုင်ရာဝန်ကြီးများနှင့် ဖိတ်ကြားထားသော သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များကလည်း ၎င်းတို့တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆက်သွယ်ရေး အခြေခံအဆောက်အဦများ တည်ဆောက်ရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများ၊ ကန့်ကွက်မှုများ၊ဆက်သွယ်ရေးကွန်ရက်အထောက်အကူပြု အခြေခံအဆောက်အဦ ဖြတ်သန်းချင်းခွင့်ဆိုင်ရာ နည်းဥပဒေတွင် ပါဝင်စေလိုသည့် အချက်အလက်များ၊ ဆက်သွယ်ရေး အခြေခံအဆောက်အဦများ တည်ဆောက်ရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများအား ဖြေရှင်းဆောင်ရွက်နိုင်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

◆ စာမျက်နှာ ၄ မှ

စနစ်တကျအကောင်အထည်ဖော်ရန်၊ စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်လျာထားသတ်မှတ်ခြင်းတို့ကို ပိုမိုတိုးတက်ပေါင်းစည်းဆောင်ရွက်ရန် လိုအပ်သည်ကို သုံးသပ်တင်ပြအပ်ပါကြောင်း။

အစိုးရကြွေးမြီ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအခန်း (၂) ပုဒ်မ ၁၂ နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေအခန်း (၃) ပုဒ်မ ၄ တို့အရ ပြည်တွင်း၊ ပြည်ပချေးယူရငွေ စုစုပေါင်းသည် ငွေကျပ် ၅၄၀၀ ဒသမ ၀၀၀ ဘီလီယံထက် မပိုစေရဟုပါရှိပါ ကြောင်း၊ ပြည်တွင်းနှင့် ပြည်ပစုစုပေါင်း ချေးယူငွေသည် ပြည်တွင်းချေးယူငွေကို အသားတင်ချေးယူမှုဖြင့် မဖော်ပြပါက ငွေကျပ် ၈၉၄၂ ဒသမ ၇၈၉ ဘီလီယံ ဖြစ်ပေါ်ခဲ့ကြောင်း၊ ပြည်ထောင်စု၏ ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုးသည် ၂ ဒသမ ၆၃ ရာခိုင်နှုန်းနှင့် အသားတင်လိုငွေနှင့် ဂျီဒီပီအချိုးသည် ၂ ဒသမ ၉၉ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ ပြည်ထောင်စု၏ အသားတင်လိုငွေသည် ယခင်နှစ်ထက် ငွေကျပ် ၄၀၉ ဒသမ ၀၆၈ ဘီလီယံပိုမိုခဲ့ပြီး လိုငွေအား ဖြည့်ဆည်းနိုင်ရန် အစိုးရငွေတိုက်လက်မှတ်နှင့် ငွေတိုက်စာချုပ်များအား ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူခြင်းဖြင့် ဖြည့်ဆည်းထားသည်ကို တွေ့ရှိရပါကြောင်း။

အစိုးရကြွေးမြီအဖြစ် ၂၀၁၈ ခုနှစ် မတ် ၃၁ ရက်ရှိ ပြည်ပကြွေးမြီလက်ကျန် အမေရိကန်ဒေါ်လာ ၁၀၂၀၀ ဒသမ ၁၇၀ သန်း၊ ပြည်တွင်းကြွေးမြီငွေကျပ် ၂၀၇၂၄ ဒသမ ၆၇၃ ဘီလီယံရှိပြီး ယခင်နှစ်ထက် ပိုမိုလာကြောင်း၊ ကြွေးမြီ စုစုပေါင်းသည် တစ်နှစ်ထက် တစ်နှစ်များပြားလာပြီး ၂၀၁၈ ခုနှစ် မတ် ၃၁ ရက်အထိ ပြည်တွင်း၊ ပြည်ပကြွေးမြီနှင့် ဂျီဒီပီအချိုးသည် ၃၈ ဒသမ ၃ ရာခိုင်နှုန်းရှိသဖြင့် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ပိုမိုကောင်းမွန်စေရေးကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာနှင့်အညီ ဆောင်ရွက်ရန်နှင့် ချေးငွေဖြင့်ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းများကို စီမံကိန်းကာလအတွင်း အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း။

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် ဆက်စပ်ဆောင်ရွက်သော ကြွေးမြီ၊ အပ်ငွေ၊ ယာယီ စသည့်စာရင်းများ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် ဆက်စပ်ဆောင်ရွက်သော ကြွေးမြီ၊ အပ်ငွေ၊ ယာယီ စသည့်စာရင်းများနှင့် စပ်လျဉ်း၍ အဓိကတွေ့ရှိချက်အနေဖြင့် လျာထားချက်တွင်မပါဝင်ဘဲ သီးခြားထပ်မံဆောင်ရွက်လိုသော ကိစ္စရပ်များအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ထားမှုမရှိခြင်း၊ လှည့်ပတ်ရန်ပုံငွေရယူပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ အစိုးရငွေတိုက်စာချုပ်နှင့် အစိုးရ ငွေတိုက်လက်မှတ်အပေါ် ပေးရမည့်အတိုးနှုန်း ကာမိစေသည့် အမြတ်အစွန်းပေးသွင်းနိုင်မှုမရှိသေးခြင်း၊ ၃၅/၂၀၁၇ နှင့်အညီ ဘဏ္ဍာရေးနှစ် ၃ နှစ်ကျော်အပ်ငွေများကို အချိန်လွန်အပ်ငွေအဖြစ် စာရင်းညှိနှိုင်းမှုမရှိသေးခြင်း၊ အပ်ငွေဖြင့်ဆောင်ရွက်သည့် လုပ်ငန်းများ ပြီးစီးမှုမရှိသေးခြင်းနှင့် ပြီးစီးသည့်လုပ်ငန်းများအတွက် စာရင်းရှင်းလင်းနိုင်မှု မရှိသေးခြင်း၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် ဆက်စပ်ဆောင်ရွက်သောကြွေးမြီ၊ အပ်ငွေ၊ ယာယီစာရင်းများနှင့် စပ်လျဉ်းသည့် ကြီးကြပ်မှုများ ပိုမိုအားကောင်းလာစေရေး၊ တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများနှင့် ညီညွတ်စေရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီအတွင်းရေးမှူးက အထက်ပါအစီရင်ခံစာနှင့် စပ်လျဉ်း၍ ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၁၁/၂၀၁၉)ကို ဖတ်ကြားပြီး လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ ပြည်ထောင်စုလွှတ်တော်နာယကက ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ၂၀၁၉ နှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းပြောကြားရာ ပြည်ထောင်စုလွှတ်တော်နာယကက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် ဆုံးဖြတ်သည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာနအဖွဲ့အစည်းများ၏ ပထမ ၆ လပတ် အခွန်ရငွေစာရင်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုလွှတ်တော် နာယကက ယင်းပထမ ၆ လပတ် အခွန်ရငွေစာရင်းများနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ ဖတ်ကြားတင်ပြခြင်းကို ၂၀၁၉ ခုနှစ် ဩဂုတ် ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားရန် လျာထားကြောင်းကြေညာပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

**သတင်း-မော်စီ၊ မွေးကြူဇင်**
**ဓာတ်ပုံ-ထန်းဖုန်**

## စစ်တောင်း၊ ရွှေကျင်၊ သံလွင်တို့ စိုးရိမ်ရေမှတ်အထက်ကျော်လွန်

**နေပြည်တော် ဩဂုတ် ၇**

**စစ်တောင်းမြစ်**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ငါးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ရွှေကျင်မြစ်**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် လေးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ်**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့်ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**မိုး/ဇလ**

# ဘယ်သောအခါများမှ

## မင်းကိုနိုင်

ရေနံမြေလုပ်သားမိသားတစ်စု၏ ညမြင်ကွင်း။

ကလေးစာကျက်ချိန်ရောက်ပြီ၊ ထွန်းစရာရေနံဆီမရှိ၊ ဝယ်စရာအသပြာနတ္ထိ။ တန်းလျားတစ်ခုတည်းအတူနေသူ တစ်ဖက်ခန်းမှ ရေနံဆီချေးငှားကြည့်သည်။ တို့လည်း တစ်စက်မှမရှိလို့ မှောင်ထဲ ငုတ်တုတ်နေရတာသာ ကြည့်ပေတော့ဟု အဖြေပေး၏။

စိတ်ပျက်သွားရှာသည့်ကလေးအား ဖခင်က နှစ်သိမ့်သည်။ မိမိကိုယ်တိုင် ရေနံမြေလုပ်သားပေမို့ ဘီအိုစီရုံးဝင်းထဲ မီးထိန်ထိန်ထွန်းထားတာ ကလေးစာကြည့်ဖို့ ခွင့်ပန်ပေးမယ်ဆိုကာ ခေါ်သွားသည်။ မရခဲ့။ လုံခြုံရေးအကြောင်းပြ ငြင်းပယ်လွှတ်သဖြင့် သားအဖတွေ ခပ်ကုပ်ကုပ်ပြန်လာကြရပုံ။

ဒါက ၁၉၇၀ တစ်ဝိုက်က ကျောင်းသုံးပြဋ္ဌာန်းပုံနှိပ်စာအုပ်ဟောင်းထဲက ကျွန်တော်တို့စွဲလမ်းခဲ့ရသည့် စာမျက်နှာတချို့ဖြစ်ပါသည်။ အကြောင်းအရာက သမိုင်းမှာထင်ရှားသည့် အရေးတော်ပုံတစ်ခုအကြောင်း။ နောက်ခံကားချပ်က ကိုလိုနီနယ်ချဲ့လက်အောက်ခေတ်သမိုင်း။ ရေးသားပြုစုပုံကလည်း ကလေးတွေဖတ်လျှင် ငြီးငွေ့ဖွယ်မဖြစ်စေရ။ ဇာတ်ကွက်၊ ဇာတ်ကောင်တွေနေရာချ၊ ရက်ဖောက်ထားလျက်၊ ဖတ်ရင်းက သိချင်ဇောနှင့် မျောပါခဲ့ရစမြဲ။ ထိုအထဲမှ ရေနံမြေလုပ်သားတစ်ဦး၏စကားက နှစ်ပေါင်းများစွာကြာသည့်တိုင် မမေ့နိုင်စရာ။

"တို့ဘဝတွေကလည်း ဖောင်စီးရင်းရေငတ်သလိုပါပဲ"...တဲ့။

×× ×× ×× ××

ဇာတ်လမ်းက သည်မျှဖြစ်ပေမယ့် သမိုင်းက ဒီမျှနှင့်ဆုံးသည်မဟုတ်၊ နောက်စာမျက်နှာတွေမှာ ၁၃၀၀ ပြည့် အရေးတော်ပုံအကြောင်း သင်ရတော့ ခုနကသမိုင်းဇာတ်ကွက်တွေက ကြီးစွာသော အထောက်အကူပြုနေတာတွေ့ရသည်။

ရေနံမြေသပိတ် ဘာကြောင့်ဖြစ်ဆိုတာ သင်သည်နှင့် ဘယ်အဖွဲ့အစည်းက ဘယ်သူတွေတောင်းဆို၊ ဘယ်သူတွေ သပိတ်မှောက်ဆိုတာ မလေ့လာရခင် ဒီရေနံမြေက လုပ်သားတွေ၊ မိသားစုတွေရဲ့ဘဝတွေကို အရင်ဖတ်ပြီး၊ သိပြီးနှင့်ပြီမို့ နားမလည်ဖူးဆိုတာ မရှိတော့ပါ။ ရင်းနှီးယဉ်ပါးပြီးသားသူတွေ၏ ရုန်းကန်ရသည့် မြင်ကွင်းတွေကို ဘေးကအတူ လိုက်ပါခံစားနားလည်ရလွယ်ခဲ့ပါ၏။

အဓိကကတော့ သမိုင်းမှတ်တမ်းထဲ ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ စည်းရုံးဦးဆောင်တာဝန်ယူမှုများလောက်သာ မှတ်သားနေရခြင်းမျိုးမဟုတ်။ ခေတ်တစ်ခု၏ ပဓာနအကျဆုံးဖြစ်သည့် အညတရပြည်သူများ၏ဘဝနှင့် ရုန်းကန်ရပုံများကို သိခွင့်ရ၏။ ထိုသမိုင်းကို ချဉ်းကပ်လေ့လာရာ ကြီးစွာသော အထောက်အပံ့ဖြစ်စေခဲ့ပါသည်။

သည်လိုနှင့် ရေနံမြေသပိတ်က ကြီးထွားလာပြီ။ သခင်ခေါင်းဆောင်တွေနှင့် အတိအလင်းပေါင်းဖို့ ရန်ကုန်ရှိ ကျောင်းသားခေါင်းဆောင်တွေ မကွေးကိုရောက်ပြီ။ မြင်းစီးပုလိပ်တွေနှင့် ခြိမ်းခြောက်ဟန့်တားနေသည့်ကြားက သမိုင်းဝင်မိန့်ခွန်း။

မကွေးထောင်အုတ်ရိုးကို လှုပ်နှိုးသွားသည့် သွေးမကြောင်သူတို့သမိုင်း။

ကျွန်တော်တို့သင်ခဲ့ရ၊ သိခွင့်ရခဲ့ရ၊ ဆင်ခြင်တွေးခွင့်ရခဲ့ပါသည်။

×× ×× ×× ××

၁၃၀၀ ပြည့်အရေးတော်ပုံ နှစ်ငါးဆယ်ပြည့်ချိန်မှာ ရှစ်လေးလုံးအရေးတော်ပုံ ပေါ်လာသည်။မြေပြန့်သာမက၊ တောင်ပေါ်မကျန်၊ ကမ်းရိုးတန်းဒေသတွေပါ ဆင်နွှဲသည့် လူထုအရေးတော်ပုံဖြစ်လာသည်။

**ရှစ်လေးလုံးက အခွင့်ထူးခံမှုနှင့် ဖိနှိပ်ချုပ်ချယ်မှုကို ငြင်းဆန်သည်။ တစ်ပါတီအာဏာရှင်စနစ်ကို အပြီးအပိုင်ဖျက်သိမ်း၍ ဒီမိုကရေစီစနစ်ကို ထူထောင်လိုကြောင်းပြသည်။ ယနေ့ ပန်းတိုင်မရောက်သေးသော်လည်း အခွင့်အလမ်းအခြေအနေများစွာ ရလာပြီ။ သည်အခွင့်အလမ်းတွေကို အသုံးပြုလျက် အခွင့်အလမ်းသစ်များ ဖန်တီးလျက်ချီနေဆဲ**

၁၃၀၀ ပြည့်အရေးတော်ပုံသင်ရစဉ်က သပိတ်ချီရာလမ်းတစ်လျှောက် မြို့ရွာများ၊ သထုံ၊ ပဲခူး ၊ သာယာဝတီစသဖြင့် ဒေသအလိုက် ချီတက်လာသည့် လူလိုင်းလုံးများကို မြင်ယောင်ခဲ့သလို ရှစ်လေးလုံးကာလ ပြည်လုံးကျွတ်လမ်းတွေပေါ် လူပင်လယ်ဖြစ်ခဲ့သည်ကို မျက်ဝါးထင်ထင်မီလိုက်သူတိုင်း မြင်ဖူးကြပါ၏။

ရှစ်လေးလုံးက အခွင့်ထူးခံမှုနှင့် ဖိနှိပ်ချုပ်ချယ်မှုကိုငြင်းဆန်သည်။ တစ်ပါတီအာဏာရှင်စနစ်ကို အပြီးအပိုင်ဖျက်သိမ်း၍ ဒီမိုကရေစီစနစ်ကို ထူထောင်လိုကြောင်း ပြသည်။ ယနေ့ ပန်းတိုင်မရောက်သေးသော်လည်း အခွင့်အလမ်း အခြေအနေ များစွာရလာပြီ။ သည်အခွင့်အလမ်းတွေကို အသုံးပြုလျက် အခွင့်အလမ်းသစ်များ ဖန်တီးလျက်ချီနေဆဲ။

သမိုင်းသစ်ရေးမည့်မျိုးဆက်တွေအတွက် သမိုင်းကို ဘယ်လိုလေ့လာခွင့်ရသင့်သလဲဆိုတာ တွေးဖူးကြမည်ထင်ပါသည်။ သမိုင်းဆိုတာ နိုင်သူစိတ်ကြိုက်ရေးလို့လည်း ရရိုးမဟုတ်ကြောင်း သမိုင်းများစွာက သက်သေပြပြီးပါပြီ။

ကျောင်းခန်းများထဲပုံနှိပ်ထည့်ပေးရုံ လုံလောက်ပြီဟုလည်းမဆိုနိုင်ပါ။ သမိုင်းကြောင်းတစ်ခုကို ချဉ်းကပ်လေ့လာသူတွေအတွက် ထိုခေတ်ဟောင်းကို မီလိုက်သူတွေထံမှ အသံများစွာ၊ အရုပ်များစွာ၊ အာဘော်ပေါင်းစုံ၊ ရှုထောင့်အမြင်ပေါင်းစုံ နားထောင်မှတ်တမ်း ယူခွင့်ရှိရပါမည်။

သုတေသနနည်းလမ်းကျ သမိုင်းပြုစုမည့် စာသင်ခန်းတွေကိုတော့ မျှော်လင့်တောင့်တမိပါသည်။

ထင်ရှားသူတွေထံမှ အာဘော်ကြားဖူးရုံဖြင့် အသိစိတ်လမ်းမဆုံးသော သမိုင်းသင်ယူမှု။

အညတရပြည်သူများ၏ လူမှုဘဝခံစားချက်များ၊ ရယ်သံ၊ ငိုသံ၊ တက်ခေါက်သံများကို ကြားခွင့်ရှိသည့် သမိုင်းသင်ယူမှု။

ခေတ်သမိုင်းတစ်ခု ဘာကြောင့်ဘယ်လိုချိုးကွေ့ ပြောင်းလဲခဲ့ကြတာလဲဆိုတာ စာသင်သားတို့ မေးခွင့်၊ ကြားခွင့်၊ ဆင်ခြင်ခွင့် ရသင့်ပါသည်။

ကိုလိုနီနယ်ချဲ့ကို တွန်းလှန်ခဲ့သည့် ပြည်သူများ၏ ၁၃၀၀ ပြည့် အရေးတော်ပုံအကြောင်းကို သမိုင်းဘာသာရပ်၌ ထိုအရေးတော်ပုံ အပြီး နှစ် ၃၀ အတွင်း(ထိုထက်စော၍ပင်) သင်ကြားနိုင်ခဲ့သေးသည်။

တစ်ပါတီအာဏာရှင်ခေတ်၌ အတိုက်အခံလည်းမရှိ၊ ထိုအချိန်အာဏာရပါတီမှလွဲ၍ ဘာအဖွဲ့အစည်းမှ နိုင်ငံရေးနောက်ခံရပ်တည်ခွင့်မရသည့် အခြေအနေမျိုးမှာ ပြည်သူလူထုက ဘယ်လိုအင်အားယူတွန်းလှန်ခဲ့ရပါလိမ့်ဟု မျိုးဆက်သစ်တို့ တွေးစရာ သမိုင်းဘာသာရပ်မှာ ဘယ်အချိန် ပါမှာပါလိမ့်။ ရှစ်လေးလုံးအရေးတော်ပုံကို ခေါင်းစဉ်နှင့် အခြေခံအချက်အလက်ပေး၍ လွတ်လပ်စွာလေ့လာစေမည့် သင်ခန်းစာအဖြစ် ဘယ်ကာလမှာ ကြောင်းကျိုးဆင်ခြင်သုံးသပ်ခွင့်ရကြမှာလိမ့်။

ရှစ်လေးလုံးအရေးတော်ပုံကဖြင့် အနှစ်သုံးဆယ်စွန်းခဲ့ပြီ။

## ရုပ်သံထုတ်လွှင့်မှု စက်ပစ္စည်းကိရိယာများတိုးချဲ့တပ်ဆင်ခြင်း စီမံကိန်းပြီးမြောက်မှု အခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၇**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ဂျပန်ယန်း ၂၂၆၃ သန်း တန်ဖိုးရှိသော ရုပ်သံထုတ်လွှင့်မှု စက်ပစ္စည်းကိရိယာများ တိုးချဲ့တပ်ဆင်ခြင်း စီမံကိန်းပြီးမြောက်မှုအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီက ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပသည်။




စီမံကိန်းအဖြစ် နေပြည်တော်(ရုံးချုပ်)တွင် တပ်ကုန်း-ရန်ကုန် ကွန်ရက်ချိတ်ဆက်စနစ်၊ မှတ်တမ်းထိန်းသိမ်းရေးစနစ်၊ ဒစ်ဂျစ်တယ်စနစ်သုံး DSNG Van နှစ်စီးဖြင့် ပြင်ပရိုက်ကူးရေး ရုပ်သံထုတ်လွှင့်ခြင်း၊ တိတ်ခွေဟောင်းများကို ကွန်ပျူတာဖြင့် ထိန်းသိမ်းလုပ်ဆောင်ခြင်း၊ စက်ပစ္စည်းကိရိယာများ ပြုပြင်ထိန်းသိမ်းမှုနှင့် တိုင်းတာခြင်းများပါဝင်သည့် MRTV(ရန်ကုန်) ရုံးတွင် LED Lightingအပါအဝင် HD စတူဒီယိုအတွင်း စက်ပစ္စည်းကိရိယာများ တိုးချဲ့တပ်ဆင်ပေးခြင်း၊ ကွန်ပျူတာဂရပ်ဖစ်ရေးဆွဲခြင်းဆိုင်ရာ အတတ်ပညာနှင့် Virtual စနစ်နှင့် ကွန်ပျူတာဖြင့် မှတ်တမ်းထိန်းသိမ်းရေးစနစ် ပါဝင်သော အချက်အလက်များပေးပို့ခြင်းစနစ်၊ ဒစ်ဂျစ်တယ်စနစ်သုံး DSNG Van တစ်စီးဖြင့် ရိုက်ကူးရေး ရုပ်သံထုတ်လွှင့်ခြင်း၊ စက်ပစ္စည်းကိရိယာများ ပြုပြင်ထိန်းသိမ်းမှုနှင့် တိုင်းတာခြင်းများ MRTV Studio အဆောက်အဦတစ်ခုလုံး အမိုးအပါအဝင် ပြန်လည်ပြုပြင် မွမ်းမံခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် စီမံကိန်းတစ်ခုလုံး အတွက် Supplier အဖြစ် Sumitomo Corporation မှ တာဝန်ယူပြီး MRTV ၏ ရုပ်မြင်အဆောက်အဦ ပြန်လည်ပြုပြင်မွမ်းမံမှုကို Toda Corporation က ဆောင်ရွက်ပေးခဲ့ကြောင်း၊ NEC Corporation က HD စတူဒီယိုအတွင်း စက်ပစ္စည်းများ တပ်ဆင်မှု Sub Control Room အတွင်း Hardware၊ Software များတပ်ဆင်မှု၊ Computer Graphic စနစ်နှင့် Virtually စနစ်များအတွက် စက်ပစ္စည်းများ Archieve စနစ်နှင့် ရန်ကုန်-တပ်ကုန်း ကွန်ရက်ချိတ်ဆက်မှုများအတွက် လိုအပ်သော စက်ပစ္စည်းကိရိယာများကို တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

ယင်းဆောင်ရွက်မှုများကြောင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV ၏ ပုံမှန်ထုတ်လွှင့်နေသည့် ထုတ်လွှင့်မှုလုပ်ငန်းများ ပိုမိုချောမွေ့မြန်ဆန်လာရုံသာမက အစီအစဉ်အရေအတွက် တိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်ပြီး Virtual စနစ်ရှိနေသည့်အတွက် နောက်ခံ Background ပုံစံမျိုးစုံဖြင့် မတူကွဲပြားခြားနားသော အစီအစဉ်များ ပြောင်းလဲထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ယနေ့ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ကျေးဇူးတင်စကား ပြောကြားပြီး NHK Technologies , Inc မှ အကြံပေးအရာရှိချုပ် Mr. Akira Nagase က စီမံကိန်းပြီးမြောက်မှုအတွက် ဝမ်းမြောက်ကြောင်း ပြောကြားကာ စီမံကိန်းဆိုင်ရာ စာရွက်စာတမ်းများကို အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

**သတင်းစဉ်**

## ၈၈ ရဲ့ခရီးရှည်

အပြောင်းအလဲကို
ရှစ်လေးလုံးကစတင်တယ်
မာရသွန်ခရီးက
နှစ်သုံးဆယ်ကျော်လာတယ်
လူတွေပြောင်းတယ်
မူတွေပြောင်းတယ်
သတင်းစာအာဘော်တွေပြောင်းတယ်။
အကောင်းတွေပြောင်းတယ်
အဆိုးတွေလည်းပြောင်းတယ်
မျိုးဆက်ရေစီးပြောင်းတယ်
ဒါပေမယ့်...
ဝမ်းနည်းဝမ်းသာ ဘယ်လိုပြောင်းပြောင်း
ဒီနေ့မှာကျတဲ့ လူထုမျက်ရည်က မပြောင်းဘူး
မျှော်လင့်ချက်အပြည့်နဲ့ ပူနွေးနေတယ်။

**ဂျင်မီ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် JICA မှ Chief Representative ဦးဆောင်သောအဖွဲ့နှင့် ကိုရီးယားနိုင်ငံ ဘူဆန်မြို့ရှိ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ် ဦးဆောင်သောအဖွဲ့တို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် JICA မှ Chief Representative ဖြစ်သူ Mr.Masayuki Karasawa ဦးဆောင်သောအဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ ကိုရီးယားနိုင်ငံ ဘူဆန်မြို့ရှိ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ် Mr.Won Bae Dahn ဦးဆောင်သောအဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင်လည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

JICA မှ Chief Representative ဦးဆောင်သောအဖွဲ့နှင့်တွေ့ဆုံစဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် နည်းပညာပိုင်းဆိုင်ရာ ကူညီဆောင်ရွက်ပေးနေမှုအခြေအနေ၊ ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ သင်တန်းများဖွင့်လှစ်ပို့ချ၍ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်များ၊ ရုပ်မြင်သံကြား ထုတ်လွှင့်မှု ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ကိုရီးယားနိုင်ငံ ဘူဆန်မြို့ရှိ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ် ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံရုပ်ရှင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် နေပြည်တော်တွင် ရုပ်ရှင်သင်တန်းကျောင်း တည်ဆောက်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲများသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများ ကိုရီးယားနိုင်ငံ ဘူဆန်မြို့ရှိ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ် ဦးဆောင်သောအဖွဲ့နှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အစည်းအဝေး တက်ရောက်

**နေပြည်တော် ဩဂုတ် ၇**

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၂၃)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဥပဒေနှင့်အညီ ထိန်းကျောင်းကြပ်မတ်**

အစည်းအဝေးတွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက လယ်ယာမြေတွင် တောင်သူလယ်သမားများအတွက် အကျိုးရှိမည့် ရာသီသီးနှံများကို လွတ်လပ်စွာ စိုက်ပျိုးနိုင်ရေး စိစစ်ဆောင်ရွက်ကြရမည်ဖြစ်သော်လည်း လယ်ယာမြေများကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လုပ်မြေအဖြစ်ထားရှိခြင်း၊ ကြိုတင်ခွင့်ပြုချက်မရရှိမီ အခြားနည်းအသုံးပြုခြင်းများအပေါ် ဥပဒေနှင့်အညီ ထိန်းကျောင်းကြပ်မတ်ကြရန်လိုအပ်ကြောင်း၊ လယ်ယာမြေ လွှဲပြောင်းခြင်းဆိုင်ရာ နှောင့်နှေးကြန့်ကြာနေမှုများကြောင့် စိုက်ပျိုးရာသီချိန် ထိခိုက်မှုမရှိရေး အထူးဂရုပြုဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ထို့အပြင် မြေနုကျွန်းများခွဲဝေလုပ်ကိုင်ရာ၌ တာဝန်ခံဆောင်ရွက်ပေးရသည့် အဖွဲ့အစည်းများအနေဖြင့် တည်ဆဲဥပဒေ၊ နည်းဥပဒေပါ စည်းမျဉ်း၊ စည်းကမ်းများ အတိုင်း တိကျစွာဆောင်ရွက်ပေးရမည့်အပြင် သက်ဆိုင်သည့် ဒေသခံတောင်သူလယ်သမားများအနေဖြင့် သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာကြရန် လိုအပ်ပါကြောင်း၊ လယ်ယာမြေ အခြားနည်းသုံးစွဲခွင့် ရရှိပြီးသူများအနေဖြင့် ဥပဒေပါသတ်မှတ်ကာလအတွင်း လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ရန်အရေးကြီးကြောင်း၊ သို့မှသာ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍဆိုင်ရာ လုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဝိုင်းဝန်း ဆွေးနွေးဆုံးဖြတ်**

ထို့နောက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ဦးသက်နိုင်ဦးက လယ်ယာမြေအခြားနည်းခွင့်ပြုမိန့်အတွက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် နစ်နာကြေး၊ လျော်ကြေးပေးချေရန်ကိစ္စများ အပါအဝင် အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့်လုပ်ငန်းစဉ်များကို ဖတ်ကြားတင်ပြရာ တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးဆုံးဖြတ်ကြသည်။

ယနေ့အစည်းအဝေးတွင် နိုင်ငံတော်စီမံကိန်းလုပ်ငန်းများ၌ ပါဝင်ခဲ့သည့် လယ်မြေယာမြေများအတွက် နစ်နာကြေးနှင့် သီးနှံလျော်ကြေး ပေးအပ်နိုင်ရေးကိစ္စရပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက အချက်အလက်ပြည့်စုံစွာဖြင့် စိစစ်ထောက်ခံပေးပို့လာသည့် လယ်ယာမြေအခြားနည်းအသုံးပြုခွင့် လုပ်ငန်းများကို ဆွေးနွေးဆုံးဖြတ်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပွင့်ဖြူမြို့နယ် ပွင့်သာမြေစာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း လုပ်ငန်းညှိနှိုင်းဆွေးနွေး


**ပွင့်ဖြူ ဩဂုတ် ၇**

ပွင့်ဖြူမြို့နယ် ပွင့်သာမြေစာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ် ၇ ရက် နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် ပွင့်ဖြူမြို့နယ် ပွင့်သာမြေစာအုပ်စာစောင်ချစ်မြတ်နိုးသူများ အသင်းနာယက ဆရာကြီးဦးစိန်လွင် (ပညာရေးမှူးငြိမ်း)က စာဖတ်သူဦးရေ တိုးပွားစေရန်နှင့် စာတတ်သူတိုင်းစာဖတ်သည့် အလေ့အကျင့်များရရှိစေရန်အတွက် စာဖတ်ဝိုင်းဆွေးနွေးပွဲများ စဉ်ဆက်မပြတ် ကျင်းပရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပွင့်ဖြူမြို့နယ် ပွင့်သာမြေစာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်းမှ အသင်းဝင်များက အသင်းမှ ရေရှည်ဆက်လက်ဆောင်ရွက်မည့် ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် ကျောင်းသား ကျောင်းသူများစာဖတ်ရှိန်မြှင့်တင်ပေးနိုင်ရေး၊ ပြက္ခဒိန်များထုတ်၍ အသင်းရန်ပုံငွေတိုးပွားရေးဆောင်ရွက်ရန်ကိစ္စရပ်များ၊ အသင်းဝင်တိုးပွားရေးဆောင်ရွက်ရန် နည်းလမ်းများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



ပြည်တွင်းရေးရာ

# ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





**နေပြည်တော် ဩဂုတ် ၇**
ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်နှင့် ဦးအောင်မြင်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ ဆပ်ကော်မတီအသီးသီးမှတာဝန်ရှိသူများ၊ စေတီတော်အား တာဝန်ယူ တည်ဆောက်နေသည့် ကုမ္ပဏီတာဝန်ရှိသူများနှင့် ပညာရှင်များ တက်ရောက်ကြသည်။

**စံချိန်စံညွှန်းများနှင့်အညီ ပြီးစီးရေးဆောင်ရွက်**

အစည်းအဝေးတွင် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးနာယက၊ ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရာတွင် သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာ မဟာမင်္ဂလာအခမ်းအနား ကိုးမျိုးအနက် အနန္တရာယိက မြေသန့်မဟာမင်္ဂလာ၊ ရတနာပန္နက်တော်တင် တွင်းတော်ဝန်းမင်္ဂလာ၊ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာ၊ သတ္တဌာနမူလဌာပနာတော်သွင်း မဟာမင်္ဂလာအခမ်းအနားနှင့် အလယ်ဌာပနာတော်သွင်းနှင့် အတွင်းစေတီတော် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားတို့ကို အောင်မြင်စွာကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ အထက်ဌာပနာတော်သွင်း မဟာမင်္ဂလာ၊ ရွှေထီးတော်တင်မဟာမင်္ဂလာနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာများအပါအဝင် အောင်ပွဲမင်္ဂလာကုသိုလ်တော် အခမ်းအနားတို့ကို လာမည့် နိုဝင်ဘာ ၁၁ ရက် တန်ဆောင်မုန်းလပြည့်နေ့တွင် သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာနှင့်အညီ ကျင်းပသွားမည်ဟု ရည်မှန်းထားပါကြောင်း။

စေတီတော်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စေတီတော်ဆိုင်ရာ ဗိသုကာကျမ်းများ၊ သာသနာတော်ဆိုင်ရာထုံးတမ်းစဉ်လာများနှင့်အညီ ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်အောင် ဆောင်ရွက်ရေး၊ စံချိန်စံညွှန်းများနှင့်အညီ ခိုင်ခံ့မှုရှိစေရေးနှင့် အချိန်မီပြီးစီးရေးတို့ကို အထူးကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း၊ စေတီတော်တည်ဆောက်ရေး တာဝန်ခံကုမ္ပဏီများအနေဖြင့်လည်း အမှန်တကယ်သုံးစွဲ ကုန်ကျငွေများကို စနစ်တကျ တွက်ချက်တင်ပြပေးစေလိုပါကြောင်း၊ ခုနစ်ရက်သားသမီးများ အလှူငွေဖြင့် ကုသိုလ်ယူတည်ဆောက်နေခြင်းဖြစ်သည့်အတွက် ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ပါကြောင်းနှင့် စေတီတော်တည်ဆောက်ရာတွင် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ဆောက်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း၊ ထာဝရငြိမ်းချမ်းရေးစေတီတော် အောင်မြင်စွာ တည်ဆောက်နိုင်ရေး သတ်မှတ်ရက်အတွင်း အထက်ဌာပနာတော်သွင်း မဟာမင်္ဂလာ၊ ရွှေထီးတော်တင်မဟာမင်္ဂလာနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားတို့ကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီအသီးသီးက စနစ်တကျ စီစဉ်ဆောင်ရွက်ပေးကြပါရန်နှင့် ယနေ့ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင်လည်း ဆပ်ကော်မတီများအနေဖြင့် မိမိတို့လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို တင်ပြဆွေးနွေးပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးကြည်မင်းက စေတီတော်တည်ထားကိုးကွယ်ရေးနှင့်စပ်လျဉ်း၍ ပြောကြားပြီး သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက စေတီတော်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး အစီရင်ခံစာ(၂၀၁၆-၂၀၁၇) ပါ အကြောင်းအရာများနှင့်စပ်လျဉ်း၍ တွေ့ဆုံရှင်းလင်းဆွေးနွေး



**နေပြည်တော် ဩဂုတ် ၇**
မြန်မာနိုင်ငံ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (Myanmar Extractive Industries Transparency Initiative-MEITI) ၏ စတုတ္ထအကြိမ် အစီရင်ခံစာ(၂၀၁၆-၂၀၁၇) ပါ အကြောင်းအရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေးပွဲသို့ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်၊ အာဂျင်ဒါ ၂၀၃၀ တွင် ဖော်ပြခဲ့သည့်အတိုင်း လူ့အဖွဲ့အစည်းတစ်ရပ်၏ လူမှု၊ စီးပွားရေးဘဝရေရှည်ဖွံ့ဖြိုးတိုးတက်ရေးသည် မိမိတို့နှင့်သက်ဆိုင်သည့် သဘာဝသယံဇာတများကို ရေရှည်တည်တံ့ခိုင်မြဲသော နည်းလမ်းဖြင့် စီမံခန့်ခွဲနိုင်မှုအပေါ် မူတည်ပါကြောင်း၊ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ခိုင်မြဲစွာကျင့်သုံးနိုင်ခြင်းရှိမှုလည်း သယံဇာတများကို တစ်နိုင်ငံလုံးနှင့်ဆိုင်သော အမျိုးသားပိုင်ဆိုင်မှုအနှစ်သာရ အစစ်အမှန်အဖြစ် ပေါ်ထွန်းလာစေမည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် MEITI ၏ လုပ်ငန်းရည်ရွယ်ချက်များကို တန်ဖိုးထားပါကြောင်း၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များဖြင့် ပြဋ္ဌာန်းထားချက်များသည် လက်တွေ့အမှန်တကယ် လိုက်နာကျင့်သုံးဖော်ဆောင်မှုများနှင့် ကွာဟချက် ကျယ်ပြန့်စွာရှိနေသည်ကို MEITI မှ နှစ်စဉ်ထောက်ပြလာခဲ့သည်မှာ ယခုအခါ ၂၀၁၆-၂၀၁၇ ကာလအထိ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ယခုလို ကွာဟချက်များ ဖြစ်ပေါ်လာရခြင်းသည် အင်စတီကျူးရှင်းများ၏ စွမ်းဆောင်ရည်အကန့်အသတ်ရှိနေခြင်းကြောင့် ဖြစ်နိုင်သလို အဂတိလိုက်စားမှုများကို ကောင်းစွာထိန်းချုပ်နိုင်ခြင်းမရှိသည့်အတွက်ကြောင့်လည်း ဖြစ်နိုင်သည်ကို တာဝန်ရှိသူများက အလေးအနက်ထားနိုင်မှသာ အများပြည်သူအကျိုးစီးပွားအတွက် မှန်ကန်ကောင်းမွန်သော ကိုင်တွယ်ဖြေရှင်းနည်းအစစ်အမှန်တစ်ရပ်ကို မိမိတို့ရှာဖွေတွေ့ရှိနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် လုပ်ငန်းစဉ်များနှင့် စတုတ္ထအကြိမ် အစီရင်ခံစာအကျဉ်းချုပ်တို့ကို မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ နည်းပညာကျွမ်းကျင်သူ ဦးထွန်းပေါ်ဦးကလည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍနှင့်စပ်လျဉ်း၍ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ကျွမ်းကျင်သူ ဦးသန်းဋ္ဌေးအောင်ကလည်းကောင်း၊ ကျောက်မျက်၊ ကျောက်စိမ်းကဏ္ဍနှင့်စပ်လျဉ်း၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးမင်းသူကလည်းကောင်း၊ သတ္တုကဏ္ဍနှင့်စပ်လျဉ်း၍ သတ္တုတွင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်သက်ကလည်းကောင်း၊ ပုလဲကဏ္ဍနှင့်စပ်လျဉ်း၍ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးတင်ဝင်းကိုကလည်းကောင်း စာရင်းဇယားများဖြင့် ရှင်းလင်းတင်ပြခဲ့ကြသည်။

(MEITI) လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ကိုယ်စားလှယ်များဖြစ်ကြသည့် ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မူမူစော၊ မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးဇော်ဘိုခန့်၊ Total E&P Myanmar မှ Head of Contractual & Commercial Support ဦးဝင်းတင်၊ စိမ်းလန်းအမိမြေဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ Executive Director ဦးဝင်းမျိုးသူနှင့် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး ဦးစိုးဝင်းတို့က ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏မေးမြန်းမှုအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (MEITI) လုပ်ငန်းစဉ်အား ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် EITI အဖွဲ့ဝင်လောင်းနိုင်ငံ (EITI Candidate Country) အဆင့်သို့ ရောက်ရှိခဲ့ကြောင်းနှင့် မြန်မာနိုင်ငံ၏ စတုတ္ထအကြိမ် EITI အစီရင်ခံစာ (၂၀၁၆-၂၀၁၇) ကို မတ် ၃၁ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့အတွင်း ပြေးဆွဲနေသည့် ဘေးတွဲဆိုင်ကယ်များအားလုံးကို ဖမ်းဆီးမည်ဟုဆို

**ရန်ကုန် ဩဂုတ် ၇**
ရန်ကုန်မြို့အတွင်း ပြေးဆွဲနေသည့် ဘေးတွဲဆိုင်ကယ်များအားလုံးကို ဖမ်းဆီးသွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလျန်ကျင့်မန်(ခ) ငမ်ခိုင်ပါးပါးက ပြောသည်။

ဩဂုတ် ၇ ရက်က ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA)တွင် ပြုလုပ်သော မီဒီယာတွေ့ဆုံပွဲတွင် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA)၏ အဖွဲ့ဝင်၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလျန်ကျင့်မန်(ခ) ငမ်ခိုင်ပါးပါး က အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဘေးတွဲဆိုင်ကယ်များမှာ တရားဝင်ခွင့်ပြုထားခြင်းမရှိသည့်အပြင် အန္တရာယ် ရှိ၊ မရှိ၊ ခံနိုင်ရည်ဝန် မည်မျှ ရှိ၊ မရှိ စစ်ဆေးမှုမရှိဘဲ မောင်းနှင်နေသည့် ယာဉ်များဖြစ်ကြောင်း ၎င်းက ပြောသည်။

"အဲဒါတွေက တော်တော် အန္တရာယ်ရှိပါတယ်။ အန္တရာယ်လည်း များပါတယ်။ စီးတဲ့ပါဆင်ဂျာတွေရော ကျွန်တော်တို့ ဘေးကကားတွေအတွက်လည်း တော်တော်အန္တရာယ်ရှိတဲ့ ဘေးတွဲဆိုင်ကယ်တွေ။ အဲဒါတွေ အားလုံးကို ဖမ်းဖို့ ယာဉ်ထိန်းကို ကျွန်တော်တို့ ညှိနှိုင်းပြီးဖြစ်ပါတယ်။ အဲဒါတွေက တရားဝင်ခွင့်ပြုချက်မရတဲ့ ယာဉ်တွေ ဖြစ်ပါတယ်"ဟု ဦးလျန်ကျင့်မန်(ခ) ငမ်ခိုင်ပါးပါးက ပြောသည်။

အဆိုပါ ဘေးတွဲဆိုင်ကယ်များနှင့်ပတ်သက်ပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ ဖမ်းဆီးလျက်ရှိရာ လက်ရှိအချိန်အထိ အစီးရေ ၂၄၈ စီး ဖမ်းဆီးထားကာ ယင်းအနက် ၁၄၉ စီးကို ဒဏ်ငွေရိုက်ထားကြောင်း သိရသည်။

ထို့အပြင် ဖမ်းဆီးရမိသည့် ဘေးတွဲဆိုင်ကယ်များထဲတွင် မှတ်ပုံတင်ထားသည့် မော်တော်ဆိုင်ကယ်နှင့်တွဲထားပါက စည်ပင်သာယာဥပဒေပုဒ်မ ၃၁၅ အရ အရေးယူနိုင်ကြောင်း၊ ယင်းဥပဒေအရ ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ကော်မတီက သတ်မှတ်ထားသည့် လမ်းတွင် မောင်းနှင်ခွင့်မပြုသော ယာဉ်အမျိုးအစားဖြစ်စေ၊ ခွင့်ပြုသည့်ဝန်ထက်ပို၍ သယ်ဆောင်ထားသော ယာဉ်ဖြစ်စေ မောင်းနှင်ခြင်းကို ငွေဒဏ်ကျပ်တစ်သိန်းမှ ငါးသိန်းအထိ ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားကြောင်း သိရသည်။

ထို့ပြင် ဖမ်းဆီးရမိသည့် ဘေးတွဲဆိုင်ကယ်များထဲတွင် မှတ်ပုံမတင်ထားသည့် မော်တော်ဆိုင်ကယ်နှင့်တွဲထားပါက ပို့ကုန်၊ သွင်းကုန် ဥပဒေအရ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ကြောင်း ဦးလျန်ကျင့်မန်(ခ) ငမ်ခိုင်ပါးပါးက ဆက်ပြောသည်။

လက်ရှိ ရန်ကုန်တိုင်းဒေသကြီးအတွင်း မော်တော်ဆိုင်ကယ် စီးနင်းခွင့်ကို စည်ပင်သာယာနယ်နိမိတ်ပြင်ပ မြို့နယ်များတွင်သာ စီးနင်းခွင့်ပေးထားကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

# ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်း**

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၈၁ ခုနှစ်၊ ရက်**

**(၂၀၁၉ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

### အမည်၊ စတင်အကျိုးသက်ရောက်သည့်နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေ အခန်း(၅)ပါ အထူးကုန်စည်ခွန်၊ အခန်း(၆)ပါ ကုန်သွယ်လုပ်ငန်းခွန်၊ အခန်း (၇)ပါ ဝင်ငွေခွန်နှင့် အခန်း (၈) ပါ ရတနာခွန်တို့နှင့်စပ်လျဉ်း၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်၍ အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အခွန်အကောက်** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့်အခွန်၊ အကောက်ခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများကို ဆိုသည်။

(ခ) **ဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကို ဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသော အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့ကို ဆိုသည်။

(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဆိုသည်မှာ နှစ်အလိုက်ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေတို့ကို ဆိုသည်။

(င) **အခွန်နှုန်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကို ကောက်ခံရန် သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကို ဆိုသည်။

## အခန်း (၂)

### ကောက်ခံရန် အခွန်လျာထားချက်

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏အခွန်ရငွေသည် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ဤဥပဒေ၏ ဇယား (၁) ပါ အခွန်အကောက် ကောက်ခံရန် လျာထားချက် ဖြစ်သည်။

## အခန်း (၃)

### အခွန်နှုန်းများ သတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အခွန်အကောက်အမျိုးအစားများနှင့်စပ်လျဉ်း၍ ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါ အခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ အခွန်အကောက်နှုန်းထားများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းဆောင်ရွက်လိုလျှင် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် တင်သွင်းရမည်။

၆။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ဇယား (၁) ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။

(ခ) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေးပို့လာသည့် အခွန်အကောက် ကောက်ခံရရှိမှုစာရင်းများကိုစုစည်း၍ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား (၁) ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို ခြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

## အခန်း (၄)

### သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ အခွန်အကောက် ကောက်ခံရန်လျာထားချက်ကို ကောက်ခံရရှိရေးအတွက် တာဝန်ခံ စီမံကြီးကြပ်ရမည်။

၉။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် ရတနာခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ယင်းတို့၏ မူလအဓိပ္ပာယ် မပြောင်းလဲစေဘဲ ရှင်းလင်းစွာ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့်သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၏ အကူအညီကို ရယူနိုင်သည်။

## အခန်း (၅)

### အထူးကုန်စည်ခွန်

၁၁။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည်-

အထူးကုန်စည်များ

(က) အောက်ဇယားပါ အထူးကုန်စည်များနှင့်စပ်လျဉ်း၍ ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည်-

(၁) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေမည့် ပြည်တွင်း၌ ထုတ်လုပ်သည့် အထူးကုန်စည်များဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနကဖော်ပြသော ရောင်းဈေးတန်ဖိုး သို့မဟုတ် ဈေးကွက်ပေါက်ဈေးအပေါ် အခြေပြု၍ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင် လည်းကောင်း၊

(၂) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေရန် သတ်မှတ်ထားခြင်းမရှိသော အထူးကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်လျှင် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက သတ်မှတ်သည့် တန်ဖိုးအပေါ်တွင် လည်းကောင်း၊

**ခြွင်းချက်။** သို့ရာတွင် ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ကို ပြည်ပမှ တင်သွင်းလာသည့် အထူးကုန်စည်နှင့် ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရန် အလို့ငှာ ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက တန်ဖိုးသတ်မှတ်ရာတွင် အလားတူ အထူးကုန်စည်အတွက် ပြည်ပမှ တင်သွင်းရာတွင် သတ်မှတ်သည့် ကုန်းပေါ်ရောက်တန်ဖိုးနှင့် တစ်ပြေးညီဖြစ်စေရေး ဆောင်ရွက်ပေးရမည်။

(၃) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်လျှင် ကုန်းပေါ်ရောက်တန်ဖိုး သို့မဟုတ် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက ကြိုတင်ပေးပို့ထားသည့် တန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင် လည်းကောင်း။

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁ | (က)စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၆၀၀ ကျပ် အထိ အဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ၈ ကျပ် |
| | ( ခ ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၆၀၁ ကျပ်မှ ကျပ် ၈၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ၁၇ ကျပ် |
| | ( ဂ ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၈၀၁ ကျပ်မှ ကျပ် ၁၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ၂၂ ကျပ် |
| | (ဃ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါတစ်ဘူး ရောင်းဈေး ၁၀၀၁ ကျပ်နှင့် အထက်အဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ၂၅ ကျပ် |
| ၂ | ဆေးရွက်ကြီး။ | | ၆၀ % |
| ၃ | ဗာဂျီးနီးယား ပေါင်းတင်ပြီးဆေး။ | | ၆၀ % |
| ၄ | ဆေးပေါ့လိပ်။ | | တစ်လိပ်လျှင် ၇၅ ပြား |
| ၅ | ဆေးပြင်းလိပ်။ | | ၈၀ % |
| ၆ | ဆေးတံသောက်ဆေးများ။ | | ၈၀ % |
| ၇ | ကွမ်းစားဆေးအမျိုးမျိုး။ | | ၈၀ % |
| ၈ | (က) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၄၀၀ ကျပ်မှ ကျပ် ၁၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၁၉၈ ကျပ် |
| | ( ခ ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၀၁ ကျပ်မှ ကျပ် ၂၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၄၂၄ ကျပ် |
| | ( ဂ ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၀၀၁ ကျပ်မှ ကျပ် ၃၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၇၀၇ ကျပ် |
| | (ဃ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ်မှ ကျပ် ၄၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၉၉၀ ကျပ် |
| | ( င ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၄၀၀၁ ကျပ်မှ ကျပ် ၅၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၁၂၇၃ ကျပ် |
| | ( စ ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၅၀၀၁ ကျပ်မှ ကျပ် ၆၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၁၅၅၅ ကျပ် |
| | (ဆ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ်မှ ကျပ် ၇၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၁၈၃၈ ကျပ် |
| | ( ဇ ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၀၀၁ ကျပ်မှ ကျပ် ၈၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၂၁၂၁ ကျပ် |
| | ( ဈ ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၈၀၀၁ ကျပ်မှ ကျပ် ၉၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၂၄၀၄ ကျပ် |
| | (ည) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၉၀၀၁ ကျပ်မှ ကျပ် ၁၀၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၂၆၈၆ ကျပ် |
| | ( ဋ ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၀၀၁ ကျပ်မှ ကျပ် ၁၁၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၂၉၆၉ ကျပ် |
| | ( ဌ ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၁၀၀၁ ကျပ်မှ ကျပ် ၁၂၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၃၂၅၂ ကျပ် |
| | ( ဍ ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၂၀၀၁ ကျပ်မှ ကျပ် ၁၃၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၃၅၃၅ ကျပ် |
| | ( ဎ ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၃၀၀၁ ကျပ်မှ ကျပ် ၁၄၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၃၈၁၇ ကျပ် |
| | (ဏ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၄၀၀၁ ကျပ်မှ ကျပ် ၁၅၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၄၁၀၀ ကျပ် |
| | (တ)အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၅၀၀၁ ကျပ်နှင့် အထက် အဆင့် ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၆၀% |
| ၉ | ဘီယာအမျိုးမျိုး။ | | ၆၀ % |
| ၁၀ | (က)ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ကျပ် ၇၅၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၈၁ ကျပ် |
| | ( ခ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၅၁ ကျပ် မှ ကျပ် ၁၅၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၂၄၄ ကျပ် |
| | ( ဂ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၅၀၁ ကျပ်မှ ကျပ် ၂၂၅၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၄၀၆ ကျပ် |

(ဆက်လက်ဖော်ပြပါမည်)

# ရန်ကုန်-ဒလတံတားတည်ဆောက်ရေးစီမံကိန်း ဘုန်းကြီးလမ်းအပိုင်း၌ ပထမအဆင့် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်၍ ဩဂုတ် ၁၁ ရက်မှစတင်ကာ YBS ယာဉ်လိုင်းများကို လမ်းကြောင်းပြောင်းလဲပြေးဆွဲသွားမည်

**ရန်ကုန် ဩဂုတ် ၇**

ရန်ကုန်-ဒလ တံတားတည်ဆောက်ရေးစီမံကိန်း၏ ရန်ကုန်ဘက်အခြမ်း ဘုန်းကြီးလမ်းအပိုင်း၌ ပထမအဆင့် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် YBS ယာဉ်လိုင်းများကို လမ်းကြောင်းပြောင်းလဲပြေးဆွဲသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုအာဏာပိုင်အဖွဲ့ (YRTA) မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောကြားသည်။

**ဩဂုတ် ၁၁ ရက်မှ စတင်**

တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က "ကျွန်တော်တို့ သိရှိထားတဲ့ ရန်ကုန်-ဒလ တံတားတည်ဆောက်ရေးအပိုင်းက ရန်ကုန်ဘက်အခြမ်းမှာပါဝင်နေတဲ့ ဘုန်းကြီးလမ်းရဲ့ အနော်ရထာလမ်းနဲ့ မဟာဗန္ဓုလလမ်းကြားအစိတ်အပိုင်းကိုပဲ ပထမအဆင့်တည်ဆောက်ရေးလုပ်ငန်းတွေ စတင်မယ်လို့သိရှိထားတယ်။ စတင်ဆောင်ရွက်မယ့် အချိန်ကတော့ ဩဂုတ် ၁၀ ရက် ညပိုင်းလို့ သိရတယ်။ ဒါကြောင့် ဆက်စပ်နေတဲ့ YBS ယာဉ်လိုင်းတွေအားလုံးကို ဩဂုတ် ၁၁ ရက်မှစတင်ပြီး လမ်းကြောင်းပြောင်းလဲပြေးဆွဲသွားမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ YRTA ရုံးချုပ် အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်မှု အာဏာပိုင်အဖွဲ့ (YRTA) ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ မီဒီယာများနှင့် တွေ့ဆုံခြင်း (၆/၂၀၁၉) အခမ်းအနားတွင် ၎င်းက အထက်ပါအတိုင်းပြောကြားလိုက်ခြင်း ဖြစ်သည်။




**ခြောက်လခန့်ကြာမြင့်မည်**

ပထမအဆင့် တည်ဆောက်ရေးလုပ်ငန်းခွင်မှာ ခြောက်လခန့်ကြာမြင့်မည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နေစဉ်အတွင်း Airport Shuttle Bus (ကမ္ဘာအေးဘုရားလမ်း) ၏ အပြန်လမ်းကြောင်းကိုလည်းကောင်း၊ YBS (78)၏ အသွားလမ်းကြောင်းကိုလည်းကောင်း၊ YBS (21)၊ YBS (35)၊ YBS (37)၊ YBS (39)တို့၏ အသွား၊ အပြန်လမ်းကြောင်းများကိုလည်းကောင်း ပြောင်းလဲပြေးဆွဲသွားမည်ဖြစ်ကြောင်း ဦးလှအောင်က ပြောသည်။

ထို့အတူ YRTA ၏ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ City Taxi မှတ်ပုံတင်ခြင်းလုပ်ငန်းကို ပျက်ကွက်နေသည့် ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများ၊ မှတ်ပုံတင်သက်တမ်း ပြတ်နေသည့်ယာဉ်များကို စီမံချက်တစ်ရပ်အနေဖြင့် စက်တင်ဘာ ၃၀ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဟု ကြေညာခဲ့သည့်အတိုင်း ဆက်လက်အကောင်အထည်ဖော်နေကြောင်း၊ ထိုသို့ အကောင်အထည်ဖော်ရာတွင် စီမံချက်စတင်သည့် ၂၀၁၉ ခုနှစ် ဇူလိုင် ၁၂ ရက်မှ ဩဂုတ် ၆ ရက်အထိ ယာဉ်စစ်အဖြစ် လာရောက်မှတ်ပုံတင်ထားသည်မှာ ၅၀၁ စီးရှိကြောင်း၊ သက်တမ်းပြတ်၍ လာရောက်သက်တမ်းတိုးသည့်ယာဉ် ၁၁၁၁ စီးရှိကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။

ထို့နောက် YRTA အဖွဲ့ဝင် မန်နေဂျင်းဒါရိုက်တာ ဦးအောင်ညီညီမော် က ရန်ကုန်မြို့၏ ကျောင်းကားပြေးဆွဲနေမှုနှင့် ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမည့် အခြေအနေများကိုလည်းကောင်း၊ YBS ယာဉ်မောင်းများကို စမတ်ကတ်ထုတ်ပေးထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် YRTA အဖွဲ့ဝင် (ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန) ညွှန်ကြားရေးမှူး ဦးလျန်ကျင့်မန်က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဆောင်ရွက်ပေးနေမှု အခြေအနေများကိုလည်းကောင်း၊ မော်တော်ဆိုင်ကယ်ဘေးတွဲနှင့်ပတ်သက်၍ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့်အတူ ပူးပေါင်းဖမ်းဆီးအရေးယူမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် သတင်းမီဒီယာသမားများ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူတို့က ပြန်လည်ဖြေကြားကြသည်။

YRTA ၏ ဆောင်ရွက်ချက်များကို ပြည်သူများသိရှိစေရန်၊ ပြည်သူ့အသံများကို သတင်းမီဒီယာသမားများထံမှတစ်ဆင့် ပြန်လည်သိရှိနိုင်ရန်နှင့် ထိုမှတစ်ဆင့် ပိုမိုကောင်းမွန်သော ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ အဆိုပါ သတင်းစာရှင်းလင်းပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

---

**✱ ကျောဖုံးမှ**

အတွက် e-Government လုပ်ငန်းတွေကို တွင်တွင်ကျယ်ကျယ် ထောက်ပံ့ပေးဖို့ဆိုတဲ့ ရည်ရွယ်ချက် ဖြစ်မြောက်အောင်မြင်အောင် ဆောင်ရွက်ဖို့ဖြစ်ပါတယ်" ဟု ပြောသည်။

Myanmar Sat-2 သည် Intelsat Satellite Operator နှင့် ပူးပေါင်းလွှတ်တင်ခြင်းဖြစ်ပြီး မြန်မာပိုင်သည့်အပိုင်းကို Myanmar Sat-2 ဟု အမည်တပ်ခွင့်ရခဲ့ကြောင်း၊ နောက်ဆုံးပေါ် နည်းပညာအသုံးပြုထားသည့်အတွက် Myanmar Sat-1 ထက် အဆ ၈ ဆမှ ၁၀ ဆ အထိ ပိုမိုကောင်းမွန်ပြီး အရည်အသွေးမြင့်သည့် ဆက်သွယ်မှုများ ရရှိနိုင်ကြောင်း၊ ဖမ်းယူမှုအား ပိုမိုရရှိသည့်အတွက် Myanmar Sat-2 အသုံးပြုသည့် မိုဘိုင်းအင်တာနက်နှင့် အခြားဆက်သွယ်ရေးများတွင်လည်း မြန်နှုန်းပိုမိုရရှိလာမည်ဖြစ်ကြောင်း။

Myanmar Sat-2 ဂြိုဟ်တု တည်ဆောက်နိုင်ရေးအတွက် သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနနှင့် Intelsat ကုမ္ပဏီအကြား သဘောတူညီမှုစာချုပ်ကို ၂၀၁၈ ခုနှစ် ဇွန် ၁ ရက်တွင် စတင်လက်မှတ်ရေးထိုးပြီး အဆိုပါဂြိုဟ်တုကို Intelsat အတွက် မာဇာနည်းပညာကုမ္ပဏီက ၅၂ စင်းမြောက် ဂြိုဟ်တုအဖြစ် တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် စုစုပေါင်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၅၅ ဒသမ ၇ သန်းခန့် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**







---

**✪ ယူ-၂၃ မှ**

ယနေ့ပွဲစဉ်များကို နိုင်ငံအလိုက် အဆင့်သတ်မှတ်ချက်များအနေဖြင့် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) နှင့် (C) တို့တွင် ဩစတြေးလျနှင့် တရုတ်(တိုင်ပေ)၊ ဂျပန်နှင့် တရုတ်၊ ပါကစ္စတန်နှင့် သီရိလင်္ကာ၊ အိန္ဒိယနှင့် ကာဇက်စတန်အသင်းတို့သည် နိုင်ငံအလိုက် အဆင့်သတ်မှတ်ချက် (၁) မှ (၈) အတွင်းလည်းကောင်း၊ ထိုင်းနှင့် ဆော်ဒီအာရေဗျ၊ မြန်မာနှင့် ကာတာ၊ ဘာရိန်းနှင့် တရုတ် (ဟောင်ကောင်)၊ ဗီယက်နမ်နှင့် နယူးဇီလန်အသင်းတို့သည် နိုင်ငံအလိုက် အဆင့်သတ်မှတ်ချက် (၉)မှ (၁၆) အတွင်းလည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါ SMM 3rd Asian "Asia World Foundation " Men's U-23 Volleyball Championship ပြိုင်ပွဲကို ဩဂုတ် ၃ ရက်မှ ဩဂုတ် ၁၁ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) နှင့် (C) တို့၌ နေ့စဉ် နံနက် ၁၁ နာရီမှစတင်၍ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ဘော်လီဘောအားကစားနည်းကို စိတ်ပါဝင်စားသူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

---

**○ မြန်မာ ယူ-၁၅ မှ**

ဦးမင်းသူသည် ဩဂုတ် ၇ ရက် ညနေပိုင်းမှစ၍ မြန်မာ ယူ-၁၅ အသင်းကို ကိုင်တွယ်လျက်ရှိပြီး ဩဂုတ် ၁၄ ရက်တွင် ကစားမည့် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲအတွက် ပြင်ဆင်လျက်ရှိသည်။ ဦးမင်းသူသည် မြန်မာ ယူ-၁၅ အသင်း ယခုနှစ်အတွင်း ယှဉ်ပြိုင်ကစားရမည့် နိုင်ငံတကာပြိုင်ပွဲနှစ်ခုတွင် ကိုင်တွယ်ရမည်ဖြစ်ပြီး ပထမဆုံးနိုင်ငံတကာပြိုင်ပွဲအဖြစ် ဥရောပနှင့် အာရှအသင်းများပါဝင်သည့် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဦးမင်းသူသည် ရှမ်းယူနိုက်တက် ယူ-၁၉ အသင်း၊ ယူ-၂၁ အသင်းနှင့် စီနီယာအသင်းတို့ကို အဆင့်ဆင့်ကိုင်တွယ်ခဲ့သူဖြစ်ပြီး လက်ရှိတွင် ရှမ်းယူနိုက်တက်ဘောလုံးအသင်း၏ လူငယ်ဖွံ့ဖြိုးရေးနည်းစနစ်ဒါရိုက်တာအပြင် အသင်းအုပ်ချုပ်သူအဖြစ်ပါ ဆောင်ရွက်နေသူဖြစ်သည်။

**ရှိုင်းထက်ဇော်**

---

**◆ အာရှကလပ်မှ**

၂၀၁၉ အာရှကလပ် ဖူဆယ်ပြိုင်ပွဲကို ဩဂုတ် ၇ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး VUC အသင်းသည် အုပ်စု (ဂ) တွင် လက်ဘနွန်ကလပ် ဘေရွတ်အသင်း၊ အင်ဒိုနီးရှားကလပ် ဗာမိုစ်အသင်း၊ တာဂျစ်ကစ္စတန်ကလပ် ဆိုရိုအသင်းတို့နှင့် ကျရောက်နေသည်။ VUC အသင်းသည် အုပ်စုပွဲများအဖြစ် ဩဂုတ် ၈ ရက်တွင် လက်ဘနွန်ကလပ် ဘေရွတ်အသင်း၊ ဩဂုတ် ၁၀ ရက်တွင် အင်ဒိုနီးရှားကလပ် ဗာမိုစ်အသင်း၊ ဩဂုတ် ၁၂ ရက်တွင် တာဂျစ်ကစ္စတန်ကလပ် ဆိုရိုအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# မဒေါက်မြို့ ရေဘေးသင့်ပြည်သူများနှင့် ရေဘေးရှောင်ပြည်သူများအတွက် ထောက်ပံ့လှူဒါန်း

**မဒေါက် ဩဂုတ် ၇**

လွန်ခဲ့သောရက်များက မဒေါက်မြို့တွင် စစ်တောင်းမြစ်၏ စိုးရိမ်ရေအမှတ် စင်တီမီတာ ၁၀၇၀ အထက်ကျော်လွန်ကာ ၁၂၈၂ စင်တီမီတာအထိ မြင့်တက်ခဲ့သော်လည်း ဩဂုတ် ၇ ရက် မွန်းလွဲ ၁၂ နာရီခွဲ၌ ၁၀၈၉ စင်တီမီတာသို့ သိသိသာသာကျဆင်းသွားကြောင်း သိရသည်။

**ဆက်လက်လှူဒါန်းဆဲ**

မြစ်ရေကျဆင်းနေသော်လည်း မဒေါက်မြို့ ရေဘေးကယ်ဆယ်ရေးကွပ်ကဲရေးစခန်းသို့ အနယ်နယ်အရပ်ရပ်မှ စေတနာရှင်များ လာရောက်လှူဒါန်းသော ကယ်ဆယ်ရေးပစ္စည်းများအား မဒေါက်မြို့ ရေဘေးကယ်ဆယ်ရေးကွပ်ကဲရေးအဖွဲ့က မြို့နယ်အတွင်း ရေမြုပ်ဆဲဒေသများသို့ ဆက်လက်ခွဲဝေလှူဒါန်းလျက်ရှိကြောင်း သိရသည်။

မဒေါက်မြို့ရေဘေးကယ်ဆယ်ရေးကွပ်ကဲရေးစခန်းသို့ ဩဂုတ် ၇ ရက် ညနေ ၄ နာရီအထိ စေတနာရှင်ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များက ဆန်၊ ဆီ၊ ရေသန့်ဘူးများ၊ ခေါက်ဆွဲခြောက်ဘူးများ၊ အချိုရေဘူးနှင့် Alpha Co.,Ltd. မှ ကျပ်သိန်းတစ်ရာခန့်တန်ဖိုးရှိ အသင့်စားသောက်ကုန်ပစ္စည်းများ လှူဒါန်းခဲ့သည်။

ထို့ပြင် ကိုရီးယား Multi-Gate Service Co.,Ltd. နှင့် သင်္ဘောသားများ စုပေါင်း၍ အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းများ (ကျပ်သိန်းတစ်ရာကျော်ခန့်)၊ ရွှေသဇင်ကုမ္ပဏီက စားသောက်ကုန်ပစ္စည်းမျိုးစုံ (ကျပ် ၅၂ သိန်းငါးသောင်း)၊ မြန်မာ့ဩဘာကုမ္ပဏီက စားသောက်ကုန်ပစ္စည်းမျိုးစုံ (ကျပ်သိန်း ၅၀)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက အစားအသောက်နှင့် ဆေးဝါးမျိုးစုံ(ကျပ်သိန်း ၅၀)၊ ကြံ့နှစ်ကောင်ဘီလပ်မြေစက်ရုံက ကျပ် ၂၅ သိန်း၊ ဒေါ်ခြောက်ထောင်အား အမှူးထား၍ ထိုင်ဝမ်ရောက် သား၊ သမီးများက ငွေကျပ် ၂၁ သိန်း၊ ညောင်လေးပင်မြို့ ဆရာဝန်ကြီး ဒေါက်တာသောင်းဒန်ဦးနှင့် မိတ်ဆွေဆရာဝန်များက ငွေကျပ် ၁၇ သိန်း၊ တောင်ငူ GTI ကျောင်းသားဟောင်းများက ငွေကျပ် ၁၅ သိန်း၊ ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေးစာရေးဝန်ထမ်းများ စုပေါင်းလှူဒါန်းငွေကျပ် ၉၅၅၀၀၀၊ UNI-Ko Co.,Ltd. ဦးလွင်ကိုဦး၊ ဒေါ်မြမြစိုးမိသားစုက ရေဘေးသင့်ကျောင်းပေါင်း ၄၅ ကျောင်းအတွက် တန်ဖိုးငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ကျောင်းဝတ်စုံ ၆၂၀၀ ကို လှူဒါန်းခဲ့သည်။



၎င်းအပြင် ပရဟိတလူမှုရေးအသင်းအဖွဲ့များ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် တစ်ဦးတည်းအလှူရှင်များက ဆန်၊ ဆီ၊ ရေသန့်၊ ဆေးဝါး၊ ပစ္စည်းမျိုးစုံ၊ ထမင်းထုပ်နှင့် အသင့်စားသုံးပစ္စည်းများ၊ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းမျိုးစုံအား ရေဘေးသင့်ဒေသများသို့ သွားရောက်လှူဒါန်းခြင်းနှင့် မြို့နယ်ရေဘေးကယ်ဆယ်ရေးကွပ်ကဲရေးစခန်းသို့ ရေဘေးသင့်ပြည်သူများနှင့် ရေဘေးရှောင်ပြည်သူများအတွက် လာရောက်လှူဒါန်းလျက်ရှိသည်။

ဩဂုတ် ၇ ရက် ညနေ ၄ နာရီအထိ လူသုံးကုန်ပစ္စည်းအပါအဝင် ခန့်မှန်းတန်ဖိုးငွေကျပ် စုစုပေါင်းကျပ်သိန်း ၂၀၀၀ ကျော်လှူဒါန်းခဲ့ပြီး ရေဘေးကယ်ဆယ်ရေးကွပ်ကဲရေးစခန်းကော်မတီများက စိစစ်ကြီးကြပ်၍ ရေဘေးသင့်အိမ်ထောင်စု ၃၅၇၉ စု၊ လူဦးရေ ၁၆၉၁၉ ဦးသို့ လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**ပိန်းဇလုပ်-သိန်းညွန့်**

# ပုသိမ်မြို့နယ်အတွင်း ငဝန်မြစ်ရေအတက်အကျကို ချိန်ဆပြီး ရေကြီးရေလျှံမှုများ အချိန်မီကာကွယ်နိုင်ရန် စီမံဆောင်ရွက်

**ပုသိမ် ဩဂုတ် ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ရေဘေးအန္တရာယ်ကြိုတင်စီစဉ်မှုအနေဖြင့် ကယ်ဆယ်ခြင်း၊ လူနှင့်ကျွဲနွားတိရစ္ဆာန်စာရင်းများ ကောက်ယူခြင်း၊ လုံခြုံသည့်နေရာများသို့ ရွှေ့ပြောင်းနေထိုင်ခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းတို့ကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

"လက်ရှိမှာ အချက်အလက်တွေအသေးစိတ်ကောက်ယူနေပါတယ်။ လမ်း၊ တံတားပျက်စီးမှုတွေရှိရင် ပြုပြင်သလို မျိုးစပါးတွေ ထောက်ပံ့ပေးတာ၊ ကျန်းမာရေးပြုစုစောင့်ရှောက်မှုပေးတာ၊ ရေတွင်းရေကန်တွေကို ဆေးခတ်တာ၊ မသန့်ရှင်းတဲ့ရေတွေကို စုပ်ထုတ်တာနဲ့ ငဝန်မြစ်ရေကြီးတာ၊ မိုးရေချိန်များတာတွေအတွက် ရေကြီးနစ်မြုပ်တာတွေဖြစ်လို့ ကြိုတင်ပြင်ဆင်မှုတွေကို ပြုလုပ်နေပါတယ်။ မြို့နယ်ထဲမှာလည်း ဇာတ်တိုက်လေ့ကျင့်မှုတွေ၊ သင်တန်းတွေ ပေးနေပါတယ်"ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာဇာအေးက ပြောကြားသည်။

နေ့စဉ် ငဝန်မြစ်ရေအတက်အကျကို သိရှိနိုင်ရန် ကော်မတီငါးဦးဖြင့် ဆောင်ရွက်နေပြီး ပြန်ကြားရေး၊ နေရာချထားရေး၊ ထောက်ပံ့ပို့ဆောင်ရေး ကော်မတီများကို ဖွဲ့စည်းထားကြောင်း၊ ဆက်သွယ်ရေးကွန်ရက် Mytel နှင့် ချိတ်ဆက်၍ ဒေသအလိုက် ကယ်ဆယ်ရေးကော်မတီနှင့် ရာအိမ်မှူးများ ဆက်သွယ်နိုင်ရန် အခမဲ့ဆင်းကတ်များ ဖြန့်ဝေထားပြီးဖြစ်ကြောင်း သိရသည်။

"ရွှေ့ပြောင်းအသုံးစရိတ်တွေ ကျခံသုံးစွဲနိုင်ဖို့အတွက်လည်း ခရိုင်ကော်မတီကနေ အဆင့်ဆင့်တောင်းခံတင်ပြသွားမှာဖြစ်ပါတယ်။ ရေကြီးရေလျှံမှုအနေနဲ့ အမှတ်(၂)ရပ်ကွက်မှာ ရေဝင်ရောက်ပေမယ့် စခန်းဖွင့်ရလောက်တဲ့အထိတော့ ရေကြီးရေလျှံမှုမဖြစ်ပွားသေးပါဘူး။ မနှစ်ကနဲ့ နှိုင်းယှဉ်မယ်ဆိုရင်တော့ လက်ရှိမှာ ရေရောက်ရှိမှုနည်းမယ်လို့ ခန့်မှန်းရပါတယ်"ဟု ဦးရာဇာအေးက ရှင်းပြသည်။

**ဧရာဝတီပြန်/ဆက်သတင်းအဖွဲ့**

# ကော့ကရိတ်မြို့တွင် တောင်ကျချောင်းရေများကြောင့် စာသင်ကျောင်းများ ခေတ္တပိတ်ထားရ

**ကော့ကရိတ် ဩဂုတ် ၇**

ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျချောင်းရေများ စီးဆင်းခြင်း၊ မြစ်၊ ချောင်း၊ အင်းများ ရေလျှံခြင်းကြောင့် မြို့ပေါ်နှင့် ကျေးရွာအချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ပြီး ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ထားကြောင်း သိရသည်။

ကော့ကရိတ်မြို့တွင် ရေပူကြီးကျေးရွာ ကော့ခွိုင်ဘုန်းတော်ကြီးကျောင်း၊ ဒေါဖျာကျေးရွာဘုန်းတော်ကြီးကျောင်း၊ ကျုံဒိုးမြို့ ဓမ္မသုခဘုန်းတော်ကြီးကျောင်း၊ ကုန်သွယ်လယ်ယာဂိုဒေါင်၊ အမက(၆)ကျောင်းတို့တွင် ရေဘေးကယ်ဆယ်ရေးစခန်းများကို ဩဂုတ် ၆ ရက်မှစ၍ ဖွင့်လှစ်ထားပြီး အဆိုပါ ကယ်ဆယ်ရေးစခန်းငါးခုသို့ ပြောင်းရွှေ့နေထိုင်သူများအား ယမန်နေ့မွန်းလွဲ ၁ နာရီက ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး၍ ခေါက်ဆွဲခြောက်ထုပ်များဝေပေးခြင်းနှင့် လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ပေးခဲ့သည်။

ရေကြီးရေလျှံမှုဖြစ်ပေါ်ခြင်းကြောင့် မြို့ပေါ်ကျေးရွာအချို့ အနိမ့်ပိုင်းတွင် ရေဝင်ရောက်ခဲ့သည့် အိမ်ထောင်စု ၆၈၃၄ စု၊ လူဦးရေ ၃၄၆၁၀၊ အိမ်ထောင်စု ၁၁၀၊ လူဦးရေ ၄၉၈ ဦးတို့ကို ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့နေရာချထားပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကော့ကရိတ်မြို့တွင် ရေကြီးရေလျှံမှုကြောင့် ဩဂုတ် ၃ ရက်မှစတင်ကာ ကျောင်းသား ကျောင်းသူများ သွားလာရာတွင် အန္တရာယ်မဖြစ်စေရေးအတွက် ကျေးရွာအချို့ရှိ အခြေခံပညာကျောင်း ၃၀ ကို ခေတ္တပိတ်ထားရကြောင်း သိရသည်။

**ခင်မျိုးဝင်း ခရိုင်(ပြန်/ဆက်)**

## ငဝန်၊ ဘီးလင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက်ကျော်လွန်

**နေပြည်တော် ဩဂုတ်၇**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**မိုး/ဇလ**

## ၇-၈-၂၀၁၉ ရက်နေ့ ရေပိုလွှဲမှ ရေကျော်သည့် ရေလှောင်တမံများ စာရင်း

(၀၆:၀၀)နာရီ ရေအမှတ်

| စဉ် | ဆည်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့်(ပေ) ကန်ရေသေ(ပေ) | ရေလှောင်ပမာဏ (ဧကပေ) | ရေအနက် (ပေ) | ရေလှောင်ပမာဏ (ဧကပေ) | မိုးရေချိန် (လက်မ) | ရေပိုလွှဲမှ ရေကျော်အမြင့် (ပေ) |
|---|---|---|---|---|---|---|---|---|
| | | ကရင်ပြည်နယ် | | | | | | |
| ၁ | ရေဘုတ်ရေလှောင်တမံ | ဘားအံခရိုင် | ၃၆ | ၂၈၄၇၄ | ၃၈.၅၅ | ၃၅၀၉၀ | ၃.၀၃ | ၂.၅၅ |
| | | လှိုင်းဘွဲ့မြို့ | ၁၉ | ၂၃၇၆ | | | | |
| | | ရှမ်းပြည်နယ် | | | | | | |
| ၂ | လိုင်ဇားရေလှောင်တမံ | ဖလမ်းခရိုင်/ | ၆၈.၈၀ | ၁၈၈၁ | ၇၀.၁၀ | ၁၉၇၂ | ၃.၄၂ | ၁.၃၀ |
| | | ဖလမ်းမြို့ | ၂၆ | ၁၀၃ | | | | |
| | | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | |
| ၃ | ရာဇဂြိုလ်ရေလှောင်တမံ | ကလေးခရိုင်/ | ၁၄၅ | ၅၂၀၀၀ | ၁၄၇.၅၀ | ၅၄၃၇၅ | ၁.၇၃ | ၂.၅၀ |
| | | ကလေးမြို့ | ၈၅ | ၈၀၀၀ | | | | |
| | | ပဲခူးတိုင်းဒေသကြီး(အရှေ့) | | | | | | |
| ၄ | မင်းရဲရေလှောင်တမံ | တောင်ငူခရိုင်/ | ၃၈ | ၂၃၅၀ | ၃၈.၆၀ | ၂၄၁၀ | ၁.၅၀ | ၀.၆၀ |
| | | အုတ်တွင်းမြို့ | ၂၅ | ၅၀၀ | | | | |
| ၅ | ငမြွေရေလှောင်တမံ | တောင်ငူခရိုင်/ | ၄၆ | ၂၃၈၀ | ၄၆.၈၀ | ၂၄၈၀ | ၁.၅၀ | ၀.၈၀ |
| | | ဖြူးမြို့ | ၂၇.၅ | ၃၅၀ | | | - | |
| | | မကွေးတိုင်းဒေသကြီး | | | | | | |
| ၆ | မုန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၄၀ | ၆၂၀၉၀၀ | ၁၄၂.၆၀ | ၆၄၈၃၈၂ | ၀.၅၈ | ၂.၆၀ |
| | | စေတုတ္တရာမြို့ | ၆၀ | ၉၂၅၀၀ | | | | |
| ၇ | မန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၀ | ၁၂၀၀၀၀ | ၁၂၁.၁၀ | ၁၂၄၂၀၀ | ၀.၆၅ | ၁.၁၀ |
| | | ငဖဲမြို့ | ၆၀ | ၁၀၅၀၀ | | | | |
| ၈ | ကြီးအုံကြီးဝရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၃.၅ | ၃၀၂၇၀၀ | ၁၂၇.၀၀ | ၃၃၅၆၀၀ | ၀.၂၂ | ၃.၅၀ |
| | | ပွင့်ဖြူ | ၅၆ | ၂၄၇၇၂ | | | | |
| | | မွန်ပြည်နယ် | | | | | | |
| ၉ | ဝါးပါးရေလှောင်တမံ | သထုံခရိုင်/ | ၆၀ | ၄၁၅၀ | ၆၀.၅၀ | ၄၂၂၈ | ၂.၉၅ | ၀.၅၀ |
| | | သထုံမြို့ | ၁၇ | ၁၇၃ | | | | |
| | | ရခိုင်ပြည်နယ် | | | | | | |
| ၁၀ | ပြိုင်းချောင်းရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၉၆ | ၂၅၂၀၅ | ၉၇.၃၀ | ၂၅၈၅၅ | ၁.၂၀ | ၁.၃၀ |
| | | ကျောက်တော်မြို့ | ၂၆ | ၁၀၅၄ | | | | |
| ၁၁ | ဂရင်ကျိုင်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၂၆ | ၆၅ | ၂၆.၁၀ | ၆၅.၂၀ | - | ၀.၁၀ |
| | | မင်းပြားမြို့ | ၁၂ | ၅ | | | | |
| ၁၂ | ကြက်တက်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၃၀ | ၁၂၁ | ၃၀.၁၀ | ၁၂၂ | - | ၀.၁၀ |
| | | မင်းပြားမြို့ | ၁၀ | ၉ | | | | |
| ၁၃ | ချောက်ချောင်းရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၄၃ | ၁၁၄၀ | ၄၃.၅၀ | ၁၁၇၁ | ၀.၉၀ | ၀.၅၀ |
| | | ကျောက်တော်မြို့ | ၁၇ | ၁၂၀ | | | | |
| ၁၄ | တမန်းဘူးရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၃၄.၇၅ | ၆၇၈ | ၃၄.၈၅ | ၆၈၂ | - | ၀.၁၀ |
| | | မြေပုံမြို့ | ၁၁.၇၅ | ၇၅ | | | | |
| | | ဧရာဝတီတိုင်းဒေသကြီး | | | | | | |
| ၁၅ | နန်ကသူရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၃၈ | ၄၀၄၈၇ | ၁၄၀.၉၀ | ၄၁၉၁၈ | ၂.၀၈ | ၂.၉၀ |
| | | အင်္ဂပူမြို့ | ၅၈ | ၆၆၁၈ | | | | |
| ၁၆ | ကညင်ရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၇၄ | ၁၄၅၀၀၀ | ၁၇၉.၄၀ | ၁၅၅၇၀၉ | ၁.၂၆ | ၅.၄၀ |
| | | အင်္ဂပူမြို့ | ၈၆ | ၂၆၈၀၀ | | | | |

# လွတ်လပ်သောကုန်သွယ်မှုစာချုပ် လက်မှတ်ရေးထိုးရန် အမေရိကန်နှင့် ဗြိတိန်ကြိုးပမ်း

**လန်ဒန် ဩဂုတ် ၇**
ဗြိတိန်နိုင်ငံက ဥရောပသမဂ္ဂအဖွဲ့မှ နုတ်ထွက်ပြီးနောက် အမေရိကန်ပြည်ထောင်စုနှင့် ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီမှုတစ်ရပ်ရရှိရန် အလျင်အမြန်ကြိုးပမ်းလျက်ရှိသည်။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က နိုင်ငံခြားရေးဝန်ကြီးနှင့် နိုင်ငံခြားကုန်သွယ်မှုဝန်ကြီးတို့အား နှစ်နိုင်ငံ ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်နှင့် ပတ်သက်ပြီး ဆွေးနွေးရန် ဝါရှင်တန်သို့ ဩဂုတ် ၇ ရက်တွင် စေလွှတ်ခဲ့သည်။

အောက်တိုဘာ ၃၁ ရက်တွင် ဗြိတိန်နိုင်ငံသည် ဥရောပသမဂ္ဂအဖွဲ့မှ သဘောတူညီမှုတစ်ရပ်ဖြင့်ဖြစ်စေ သို့မဟုတ် အလွတ်သဘောဖြင့်ဖြစ်စေ နုတ်ထွက်မည်ဟု ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ဆုံးဖြတ်ချက် ချမှတ်ထားသည်။

ဗြိတိန်နိုင်ငံအနေဖြင့် ဥရောပသမဂ္ဂအဖွဲ့မှ နုတ်ထွက်သည်နှင့်တစ်ပြိုင်နက် အမေရိကန်နှင့် ဗြိတိန်နှစ်နိုင်ငံ ကုန်သွယ်ရေးကဏ္ဍကို တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံ ကုန်သွယ်မှုဆိုင်ရာ သဘောတူညီမှုတစ်ရပ် ထွက်ပေါ်လာစေရန် ကြိုးပမ်းကြမည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ်သစ် ရာထူးတာဝန်များ စတင်တာဝန်ယူ


ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒိုမီနစ်ရက်ပ်


ဗြိတိန်နိုင်ငံခြားကုန်သွယ်မှုဝန်ကြီး လစ်ဇ်ထရစ်

ဆောင်ရွက်သည့် လွန်ခဲ့သောလအတွင်းက အမေရိကန် သမ္မတ ထရန့်က ပြောကြားခဲ့သည်။

အမေရိကန်နှင့် ဗြိတိန်နှစ်နိုင်ငံအကြား လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်တစ်ရပ် ထွက်ပေါ်လာစေရန် မျှော်လင့်ပါကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒိုမီနစ်ရက်ပ်က သမ္မတ ထရန့်နှင့် ဒုတိယသမ္မတ မိုက်ပန့်စ်တို့အား တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ထို့ပြင် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒိုမီနစ်ရက်ပ်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုနှင့် အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်တန်တို့အား တွေ့ဆုံကာ နှစ်နိုင်ငံလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့သည်။

ဗြိတိန်နိုင်ငံခြားကုန်သွယ်မှုဝန်ကြီး လစ်ဇ်ထရစ်က နှစ်နိုင်ငံ လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်တစ်ရပ်နှင့်ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းရန်မှာ ၎င်း၏ ပထမဦးစားပေးလုပ်ငန်းစဉ်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံသည် ဗြိတိန်နိုင်ငံ၏ ကုန်သွယ်မှုပမာဏ အကြီးမားဆုံး မိတ်ဖက်နိုင်ငံဖြစ်ပါကြောင်းနှင့် ကုန်သွယ်မှုရင်းနှီးမြှုပ်နှံမှုပမာဏမှာ နှစ်နိုင်ငံ အပြန်အလှန်အားဖြင့် ဒေါ်လာ ၁ ထရီလီယံကျော် ရှိပါကြောင်း ဝန်ကြီး လစ်ဇ်ထရစ်က ဆိုသည်။

ဗြိတိန်နိုင်ငံသည် အမေရိကန်နိုင်ငံ၏ ငါးနိုင်ငံမြောက် ပမာဏအများဆုံး ပို့ကုန်ဈေးကွက်တစ်ခုဖြစ်သည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# မြို့တော်ကဘူးတွင် တာလီဘန်တို့ ကားပုံးဖောက်ခွဲတိုက်ခိုက်၍ ၉၅ ဦးထက်မနည်း ဒဏ်ရာရ



**ကဘူး ဩဂုတ် ၇**
အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးတွင် ဩဂုတ် ၇ ရက်က တာလီဘန် စစ်သွေးကြွအဖွဲ့က ကားပုံးဖောက်ခွဲတိုက်ခိုက်မှုတစ်ခု ပြုလုပ်ခဲ့ရာ ဒဏ်ရာရသူအရေအတွက်မြင့်တက်ခဲ့သည်။ ကားပုံးပေါက်ကွဲရာမှ ထွက်ပေါ်လာသည့် မီးခိုးလုံးကြီးသည် မြို့တော်ကဘူး၏ ကောင်းကင်ယံသို့ လွင့်ပျံတက်ခဲ့ပြီး ဗုံးဖောက်ခွဲမှုဖြစ်ပွားသည့်နေရာမှ ဝေးကွာသည့် ဒေသများရှိ လူနေအိမ်များ၏ ပြတင်းတံခါးများ လှုပ်ခါသွားကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

တာလီဘန် စစ်သွေးကြွအဖွဲ့ ကိုယ်စားလှယ်များနှင့် အမေရိကန်အစိုးရ ကိုယ်စားလှယ်များအကြား ငြိမ်းချမ်းရေး သဘောတူညီမှုများအတွက် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်နေစဉ်နှင့် လာမည့်စက်တင်ဘာ ၂၈ ရက်တွင် အာဖဂန်နစ္စတန် သမ္မတ ရွေးကောက်ပွဲကျင်းပရန် စီစဉ်ထားစဉ် အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်းလုံးနှင့် မြို့တော်ကဘူးတို့တွင် အကြမ်းဖက်တိုက်ခိုက်မှုများ မြင့်တက်လျက်ရှိသည်။

ကဘူးမြို့ အနောက်ဘက်ပိုင်းရှိ ရဲစခန်းတစ်ခု၏ ဝင်ပေါက်အနီးတွင် ဩဂုတ် ၇ ရက် နံနက် ဒေသစံတော်ချိန် ၉ နာရီဝန်းကျင်၌ ကားပုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ကြောင်း အာဖဂန်နစ္စတန် ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ နာဆရက်နာဟီမီက ပြောကြားသည်။

ဗုံးပေါက်ကွဲမှုကြောင့် လူပေါင်း ၉၅ ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ဒဏ်ရာရသူများမှာ အရပ်သားများ အများစုဖြစ်ပြီး အမျိုးသမီးများနှင့် ကလေးများပါဝင်ကြောင်း၊ ထိခိုက်ဒဏ်ရာရသူများကို ဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဝါဟီဒူလာမာယာက ပြောကြားသည်။

ကျယ်လောင်လှသော ပေါက်ကွဲသံကြီးကို ကြားလိုက်ရပြီး မိမိဈေးဆိုင်ရှိ ပြတင်းပေါက်အားလုံးရှိ မှန်များကွဲအက်ကာ မှန်ကွဲစများ နေရာအနှံ့သို့ လွင့်စဉ်သွားကြောင်း ဈေးဆိုင်ပိုင်ရှင်တစ်ဦးဖြစ်သူ အာမက်ဆာလာက အေအက်ဖ်ပီသို့ ပြောကြားသည်။

ယင်း ကားပုံးဖောက်ခွဲတိုက်ခိုက်မှုကို ၎င်းတို့ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း တာလီဘန်စစ်သွေးကြွအဖွဲ့က ပြောကြားသည်။

ကားပုံးဖောက်ခွဲတိုက်ခိုက်မှုအပြီးတွင် လက်နက်ငယ်များ ပစ်ခတ်သံများကိုကြားရကြောင်း၊ လူမှုကွန်ရက်စာမျက်နှာတွင် တင်ထားသည့် မြင်ကွင်းများနှင့် မျက်မြင်တွေ့ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

အာဖဂန်နစ္စတန်တွင် သောင်းကျန်းသူများ၏ပြုလုပ်နေကျ အသေခံဗုံးဖောက်ခွဲမည့် ပစ်မှတ်အား ထိမှန်ဖောက်ခွဲပြီးနောက်တွင် အခင်းဖြစ်နေရာ၌ သေနတ်သမားများက ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်လေ့ရှိကြသည်။

ယခုနှစ် ဇူလိုင်လ တစ်လတည်း၌ပင် အာဖဂန်နစ္စတန်နိုင်ငံတွင် ဖြစ်ပွားသည့် လက်နက်ကိုင်တိုက်ခိုက်မှုများအတွင်း ပြည်သူ ၁၅၀၀ ခန့် သေဆုံးသို့မဟုတ် ထိခိုက်ဒဏ်ရာများရခဲ့ကြောင်း ကုလသမဂ္ဂအဖွဲ့က ပြောကြားသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ဇော်ဝင်း**



# ဆန္ဒထုတ်ဖော်သူ ၁၄၈ ဦးအား ဟောင်ကောင်ရဲများ ဖမ်းဆီး

**ဟောင်ကောင် ဩဂုတ် ၇**
ဟောင်ကောင်ရဲအရာရှိများက ဩဂုတ် ၅ ရက်နှင့် ၆ ရက်အတွင်း ဆန္ဒထုတ်ဖော်သူ ၁၄၈ ဦးအား ဖမ်းဆီးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဆန္ဒထုတ်ဖော်သူအချို့က ဟောင်ကောင်လမ်းမများပေါ်တွင် လူစုဖွဲ့ကာ လက်နက်များကိုင်ဆောင်ပြီး မင်းမဲ့စရိုက်ဆန်စွာ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့ခြင်းကြောင့် ရဲအရာရှိများက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဖမ်းဆီးခံ ဆန္ဒထုတ်ဖော်သူများသည် အသက် ၁၃ နှစ်အရွယ်မှ ၆၃ နှစ်အရွယ် အတွင်းဖြစ်ကြသည်။

ရဲအရာရှိများနှင့် ဆန္ဒထုတ်ဖော်သူများအကြား ထိပ်တိုက်ရင်ဆိုင်မှုများ ပိုမိုပြင်းထန်လာခဲ့သဖြင့် ဩဂုတ် ၅ ရက်တွင် ရဲအရာရှိများက မျက်ရည်ယိုဗုံးအလုံး ၈၀၀ ခန့်အသုံးပြုကာ လူစုခွဲခဲ့ရသည်။

ဆန္ဒထုတ်ဖော်သူအချို့သည် ဟောင်ကောင်အတွင်းရှိ တည်နေရာ ၂၁ ခုကို မီးရှို့ဖျက်ဆီးခဲ့ပြီး ရဲစခန်း ၁၅ ခုကိုလည်း လက်လုပ်ဗုံးများ၊ ကျောက်တုံးများဖြင့် ပစ်ပေါက်ကာ ရဲအရာရှိများ၏ တာဝန်ဝတ္တရားများကို နှောင့်ယှက်ခဲ့သည်။ ထို့အပြင် လမ်းမများပေါ်ရှိ မီးပွိုင့် ၂၀၀ ကိုလည်း ဖျက်ဆီးခဲ့ကြသည်ဟု ဟောင်ကောင်အစိုးရက ဆိုသည်။ တရုတ်နိုင်ငံသို့ ဟောင်ကောင်အစိုးရက ရာဇဝတ်သားများအား လွှဲပြောင်းပေးရမည်ဆိုသည့် ဥပဒေကြမ်းကို အပြီးတိုင် ရုပ်သိမ်းပေးရန် တောင်းဆိုကာ ဟောင်ကောင်အစိုးရအား ဆန္ဒထုတ်ဖော်ကြခြင်းဖြစ်သည်။ **ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# ပြည်တွင်းလုပ် စမတ်ပုံး နှစ်မျိုးနှင့် ဒုံးကျည်သစ်တို့အား အီရန်ထုတ်ဖော်ပြသ

**တီဟီရန် ဩဂုတ် ၇**
အီရန်စစ်ဘက်မှ ပြည်တွင်း၌ ထုတ်လုပ်သည့် ပစ်မှတ်အားတိကျစွာ ထိမှန်အောင်ပစ်ခတ်နိုင်သည့် အဆင့်မြင့်စမတ်ပုံး နှစ်မျိုးနှင့် ဒုံးကျည်အမျိုးအစားသစ်တစ်ခုကို ဩဂုတ် ၆ ရက်တွင် ထုတ်ဖော်ပြသခဲ့ကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားသတင်းတွင် ဖော်ပြသည်။

ယာဆင်နှင့် ဘာလာဘန်ဟု အမည်ပေးထားသည့် စမတ်ပုံး နှစ်မျိုးနှင့် ဂါအမ်ဟု အမည်ပေးထားသည့် မျိုးဆက်သစ်ဒုံးကျည် တစ်မျိုးတို့ကို အီရန်ကာကွယ်ရေးဝန်ကြီး အမီယာဟာတာမီတက်ရောက်သည့် အခမ်းအနားတစ်ခု၌ ထုတ်ဖော်ပြသခြင်း ဖြစ်သည်။

စမတ်ပုံးအမျိုးအစားတစ်ခုဖြစ်သည့် ဘာလာဘန်သည် ခေါက်သိမ်းနိုင်သည့် အတောင်ပံများပါရှိပြီး ရောက်ရှိနိုင်သော ခရီးအကွာအဝေးကို တိုးမြှင့်ပျံသန်းနိုင်ရန် ပုံစံထုတ်ထားခြင်းဖြစ်သည်ဟု အီရန်ကာကွယ်ရေးဝန်ကြီး ဟာတာမီက ပြောကြားသည်။

ယင်းစမတ်ပုံးအား လမ်းပြမြေပုံညွှန်းစနစ်၊ အာရုံခံစနစ်များဖြင့် ထိန်းချုပ်ပြီး လေယာဉ်ကိုယ်ထည်အောက်၌ တပ်ဆင်အသုံးပြုနိုင်ကြောင်း ၎င်းက ပြောကြားသည်။

ယာဆင်ဟု အမည်ပေးထားသည့် စမတ်ပုံးမှာ တာဝေးသို့ ရောက်ရှိနိုင်သည့် လမ်းညွှန်စနစ်သုံး ထိန်းချုပ်ပုံးအမျိုးအစားဖြစ်ပြီး အဆိုပါပုံးကို မောင်းသူမဲ့လေယာဉ်သို့မဟုတ် မောင်းနှင်သူပါရှိသည့် လေယာဉ်မှ ကီလိုမီတာ ၅၀ အကွာရှိ ပစ်မှတ်များအား ထိမှန်အောင်ပစ်ခတ်နိုင်သည်ဟု အီရန်ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

မျိုးဆက်သစ်ဒုံးကျည် အမျိုးအစားဖြစ်သည့် ဂါအမ်ဒုံးကျည်တွင် အပူခံစနစ်နှင့် အမြင်အာရုံထောက်လှမ်းသည့်စနစ်တို့ဖြင့် မတူကွဲပြားသည့် အာရုံခံစနစ်တို့ တပ်ဆင်



ထားပြီး ၎င်းဒုံးကျည်အား မောင်းသူမဲ့လေယာဉ်အမျိုးမျိုး၊ ရဟတ်ယာဉ်များနှင့် ဂျက်တိုက်လေယာဉ်များ၌ တပ်ဆင်ကာ ပစ်မှတ်များကို တိုက်ခိုက်နိုင်စွမ်းရှိကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်-ဇော်ဝင်း**

# ဗီယက်နမ်၌ တိုင်ဖွန်းမုန်တိုင်း “ဝီဖာ” တိုက်ခတ်မှုကြောင့် ၁၂ ဦး သေ၊ ကိုးဦး ပျောက်ဆုံး

**ဟနွိုင်း ဩဂုတ် ၇**

ယခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံသို့ တိုက်ခတ်ခဲ့သော တတိယမြောက် မုတ်သုံမုန်တိုင်းဖြစ်သည့် တိုင်ဖွန်းမုန်တိုင်း “ဝီဖာ” ကြောင့် လူ ၁၂ ဦး သေဆုံးခဲ့ပြီး ကိုးဦး ပျောက်ဆုံးနေကြောင်း ဗီယက်နမ်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုကော်မတီက ယနေ့ ပြောကြားလိုက်သည်။



**စတင်တိုက်ခတ်**

သေဆုံးသူ ၁၂ ဦးတွင် နိုင်ငံမြောက်ပိုင်းရှိ ပြည်နယ်များမှဖြစ်ပြီး ယမန်နေ့နှောင်းပိုင်းက ပျောက်ဆုံးသွားခဲ့သူ ကိုးဦးမှာ Thanh Hoa နှင့် Dien Bien ပြည်နယ်များမှဖြစ်သည်။ တိုင်ဖွန်းမုန်တိုင်း ‘ဝီဖာ” မှာ ဩဂုတ် ၂ ရက်က နိုင်ငံမြောက်ပိုင်းကောင်နင်းပြည်နယ်၌ စတင်တိုက်ခတ်ခဲ့ပြီး အပူပိုင်းလေဖိအားနည်းရပ်ဝန်းတစ်ခုအဖြစ် အားပျော့သွားကာ မြောက်ပိုင်းဒေသတွင် မိုးသည်းထန်မှု၊ မြေပြိုမှုနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်စေခဲ့သည်။ ယခုနှစ် ပထမခုနစ်လအတွင်း ဗီယက်နမ်နိုင်ငံ၌ သဘာဝဘေးအန္တရာယ်များကြောင့် လူ ၃၄ ဦး သေဆုံး သို့မဟုတ် ပျောက်ဆုံးခဲ့ပြီး အိမ်ပေါင်း ၃၁၅၆ လုံး၊ စပါးနှင့် အခြားသီးနှံစိုက်ခင်း ဟက်တာ ၃၇၀၀ ထိခိုက်ပျက်စီးကာ စီးပွားရေးအရ ဆုံးရှုံးနစ်နာမှုမှာ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄ သန်းနှင့်ညီမျှသည့် ဗီယက်နမ်ဒေါင် ၂၃၉ ဘီလီယံထိ ရှိခဲ့ကြောင်း အထွေထွေစာရင်းအင်းရုံး၏ ဖော်ပြချက်အရ သိရသည်။

ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်၏အဆိုအရ ဗီယက်နမ်နိုင်ငံမှာ ကမ္ဘာပေါ်တွင် သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုပြောင်းလဲမှုဒဏ် အခံရဆုံးတိုင်းပြည်များအနက် တစ်နိုင်ငံဖြစ်ပြီး တစ်နှစ်လျှင် ပျမ်းမျှအားဖြင့် တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်မှု ခြောက်ကြိမ် သို့မဟုတ် ခုနစ်ကြိမ် ကြုံတွေ့ရလေ့ရှိသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ကျော်ထိုက်စိုး**

# နော်ဝေကမ်းလွန်ပင်လယ်ပြင်တွင် ရုရှားစစ်ရေးလေ့ကျင့်မှု တိုးမြှင့်နေဟု နော်ဝေ ပြောကြား

**အော့စလို ဩဂုတ် ၇**

ရုရှားရေတပ်သည် နော်ဝေကမ်းလွန်ပင်လယ်ပြင်တွင် ဩဂုတ် ၁၄ ရက်နှင့် ၁၇ ရက်ကြားတွင် ကြီးမားသည့် စစ်ရေးလေ့ကျင့်မှု ပြုလုပ်မည်ဟု ကြေညာခဲ့ရာ ယင်းစစ်ရေးလေ့ကျင့်မှုကို စောင့်ကြည့်လေ့လာရန်အတွက် အမေရိကန် ထောက်လှမ်းရေးလေယာဉ်သုံးစင်း နော်ဝေနိုင်ငံသို့ ရောက်ရှိလာကြောင်း နော်ဝေ ပြည်သူ့အသံလွှင့်ဌာန NRK က အင်္ဂါနေ့က သတင်းကြေညာခဲ့သည်။

အမေရိကန် P-8A ပိုဆိုင်ဒန် ထောက်လှမ်းရေးစစ်လေယာဉ် သုံးစင်းသည် နော်ဝေနိုင်ငံမြောက်ပိုင်းရှိ အန်ဒိုယာကျွန်းတွင် နေရာယူထားသည်။ စစ်ရေးလေ့ကျင့်မှုပြုလုပ်မည်ဟု ရုရှားနိုင်ငံက ကြေညာထားသည့်နေရာသို့ စစ်သင်္ဘောအမြောက်အမြား ရုရှားနိုင်ငံမှ ထွက်ခွာလာနေကြောင်း နော်ဝေတပ်မတော်၏ သတင်းပြန်ကြားရေးအရာရှိ ဆီဂတ် ထန်နင် အိုဆင် က NRK သို့ ပြောကြားသည်။

နော်ဝေစစ်တပ်၏ အဆိုအရ ရုရှားစစ်သင်္ဘောများ စစ်ရေးလေ့ကျင့်မှုပြုလုပ်မည့်နေရာလေးခုတွင် ရုရှားနိုင်ငံက လေကြောင်းအန္တရာယ် သတိပေးချက်ထုတ်ပြန်ထားသည်ဟုဆိုသည်။ ရုရှားစစ်ရေးလေ့ကျင့်မှုအတွက် စိုးရိမ်ပူပန်စရာမလိုကြောင်း၊ နော်ဝေတပ်မတော်က အနီးကပ်စောင့်ကြည့်နေကြောင်း နော်ဝေတပ်မတော်မှ ဗိုလ်ချုပ် လားစ်ခရစ်စတီယန် အားမော့က ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ဇော်လင်း**

# ပထမဆုံးအကြိမ် နိုင်ငံတော်အဆင့်ခရီးစဉ်အဖြစ် သီရိလင်္ကာသမ္မတ ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိ

**ဖနောင်ပင် ဩဂုတ် ၇**

ကမ္ဘောဒီးယားဘုရင် နိုရိုဒွန် သီဟာနူ၏ ဖိတ်ကြားချက်အရ သီရိလင်္ကာသမ္မတ မိုင်သီရိပါလာ ဆီရီဆီနာသည် ပထမဦးဆုံး နိုင်ငံတော်အဆင့် ခရီးစဉ်အဖြစ် ကမ္ဘောဒီးယားနိုင်ငံသို့ ယနေ့ ရောက်ရှိခဲ့သည်။

သီရိလင်္ကာသမ္မတအား ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ် တော်ဝင်နန်းတော်ဝန်ကြီး ခေါင်ဆမ် အိုဝဲလ်နှင့် အခြားအဆင့်မြင့်အရာရှိများက ဖနောင်ပင် နိုင်ငံတကာလေဆိပ်၌ ကြိုဆိုခဲ့ကြသည်။ သီရိလင်္ကာသမ္မတသည် ကြာသပတေးနေ့ နံနက်ပိုင်းတွင် တော်ဝင်နန်းတော်၌ ကမ္ဘောဒီးယားဘုရင်နှင့် တွေ့ဆုံမည်ဖြစ်သည်။ မွန်းလွဲပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဟွန်ဆင်နှင့် တွေ့ဆုံပြီးနောက် နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး စာချွန်လွှာများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်မည်ဖြစ်သည်။

သီရိလင်္ကာသမ္မတနှင့် ကမ္ဘောဒီးယားဝန်ကြီးချုပ်တို့ တွေ့ဆုံစဉ် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခြင်းနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးခြင်းများ ပြုလုပ်မည်ဟု မျှော်လင့်ရကြောင်း ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ထားသည်။

သီရိလင်္ကာသမ္မတ၏ ကမ္ဘောဒီးယားနိုင်ငံ ခရီးစဉ်သည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုနယ်ပယ်တို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်စေမည်ဖြစ်ကြောင်း ယင်းကြေညာချက်တွင် ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံ လေးရက်ကြာခရီးစဉ်တွင် သီရိလင်္ကာသမ္မတသည် ကမ္ဘောဒီးယားနိုင်ငံ အနောက်မြောက်ဒေသ ဆီယမ်ရိတ်ပြည်နယ်ရှိ ရှေးဟောင်း အန်ကောဝပ်ဘုရားကျောင်းသို့ သွားရောက်ကြည့်ရှုလည်ပတ်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ဇော်လင်း**



# အရှည်လျားဆုံး ပင်လယ်ကူးတံတား တည်ဆောက်မှုလုပ်ငန်း အီရန် စတင်မည်

**တီဟီရန် ဩဂုတ် ၇**

အီရန်နိုင်ငံသည် ပင်လယ်ကွေ့ဒေသရှိ ကက်ရှ်ဟမ်ကျွန်းစုနှင့် နိုင်ငံ၏ တောင်ဘက်ရှိ ဘန်ဒါအာဘတ်စ်ဆိပ်ကမ်းမြို့ကို ဆက်သွယ်သည့်နိုင်ငံ၏ အရှည်လျားဆုံး ပင်လယ်ကူးတံတား တည်ဆောက်မှုလုပ်ငန်းကို ပြန်လည်စတင်တော့မည်ဖြစ်ကြောင်း လမ်းနှင့် မြို့ပြဖွံ့ဖြိုးရေးဝန်ကြီး မိုဟာမက် အက်စ်လာမီက ယနေ့ပြောကြားသည်။

အီရန်အစိုးရသည် အဆိုပါ တံတားတည်ဆောက်ရေးစီမံကိန်းကို ပြန်လည်စတင်ရန် ရင်းနှီးမြှုပ်နှံသူများနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း ဝန်ကြီးက ပြောကြားသည်။

နိုင်ငံ၏ အရှည်လျားဆုံး ပင်လယ်ကူးတံတား တည်ဆောက်ရေးဆိုင်ရာ စီမံကိန်းသည် အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးက ကက်ရှ်ဟမ်ကျွန်းတွင် သတင်းထောက်များအား ပြောကြားသည်။

အဆိုပါ တံတားသည် အီရန်နိုင်ငံ၏ အဆင့်မြင့်သော အင်ဂျင်နီယာလုပ်ငန်း၏ အမှတ်လက္ခဏာတစ်ရပ်ကို ဖော်ဆောင်မည်ဖြစ်သလို ဒေသစီးပွားရေးတိုးတက်မှုအတွက်လည်း အထောက်အကူပြုမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# မြောက်ကိုရီးယားနျူကလီးယားအရေး ရှင်ဇိုအာဘေးနှင့် ကန်ကာကွယ်ရေးဝန်ကြီးတို့ ဆွေးနွေး

**တိုကျို ဩဂုတ် ၇**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီး မတ်ခ်အက်စပါတို့သည် မြောက်ကိုရီးယားနိုင်ငံ၏ အလုံးစုံ နျူကလီးယား ဖျက်သိမ်းရေးဆိုင်ရာမူဝါဒများ အနီးကပ်ညှိနှိုင်းဆောင်ရွက်ရန် သဘောတူညီလိုက်ပြီဖြစ်သည်။

အစည်းအဝေးကို ယနေ့ တိုကျိုမြို့တော်ရှိ ဝန်ကြီးချုပ်ရုံး၌ ကျင်းပခဲ့ခြင်းဖြစ်သည်။ အမေရိကန်ကာကွယ်ရေးဝန်ကြီး မတ်ခ်အက်စပါမှာ ဇူလိုင်လအတွင်း စတင်တာဝန်ယူပြီးနောက်ပိုင်း ဂျပန်နိုင်ငံသို့ ပထမဆုံးအကြိမ်လာရောက်ခြင်းဖြစ်သည်။ ဂျပန်-အမေရိကန် မဟာမိတ်ပြုမှုမှာ ယခင်ထက်ပိုမိုအားကောင်းကြောင်း၊ မဟာမိတ်ပြုမှုကို ပိုမိုခိုင်မာအောင်လုပ်ဆောင်ရန် မျှော်လင့်ကြောင်း၊ လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသတစ်ခုဖြစ်လာရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း အာဘေးက ပြောကြားသည်။ နှစ်နိုင်ငံ မဟာမိတ်ပြုမှုမှာ ခိုင်မာပြီး လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသဖြစ်လာရေးအတွက် အရေးပါကြောင်း မတ်ခ်အက်စပါက ပြောသည်။ အာဘေးနှင့် အက်စပါတို့သည် မကြာသေးမီက တာတိုတိုက်ချင်းပစ်ဒုံးကျည်များ၊ အခြားဒုံးကျည်များ ပစ်လွှတ်ခဲ့သည့် မြောက်ကိုရီးယားနိုင်ငံနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ဂျပန်နှင့် အမေရိကန်နိုင်ငံတို့သည် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက် ဖျက်သိမ်းရေးဆိုင်ရာမူဝါဒများအပေါ် အနီးကပ်ညှိနှိုင်းဆောင်ရွက်မှု ဆက်လက်လုပ်ဆောင်သွားရန် ၎င်းတို့နှစ်ဦးက အတည်ပြုခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံက ဂျပန်နိုင်ငံသားများအား ပြန်ပေးဆွဲမှုကိစ္စဖြေရှင်းရာတွင် အမေရိကန်အစိုးရက ပူးပေါင်းဆောင်ရွက်ရန် အာဘေးက အကူအညီတောင်းခဲ့သလို အက်စပါကလည်း ဂျပန်နိုင်ငံ၏ ကြိုးပမ်းမှုများကို ပံ့ပိုးကူညီမည်ဟု ပြောကြားခဲ့သည်။ ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါစီရင်စုရှိ ဂီနိုဝမ်မြို့တော် ဖူတန်မာလေတပ်စခန်းရှိ အမေရိကန်ကမ်းတက်တပ်ဖွဲ့ကို လူဦးရေနည်းပါးသော နာဂိုမြို့တော် ဟီနိုကိုခရိုင်သို့ ပြန်လည်ရွှေ့ပြောင်းမှုအပါအဝင် ဂျပန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များရွှေ့ပြောင်းမှုကို ပုံမှန်လုပ်ဆောင်သွားရန် သဘောတူခဲ့သည်။ အဆိုပါ ရွှေ့ပြောင်းမှုမှာ အိုကီနာဝါစီရင်စု၏ အမေရိကန်စစ်ဘက်စခန်းများ လက်ခံထားရသည့် ဝန်ထုပ်ဝန်ပိုးကိုလျှော့ချရန် ရည်ရွယ်သည်။

ဟော်မုဇ်ရေလက်ကြားမှတစ်ဆင့် ဖြတ်သန်းသွားလာသည့် သင်္ဘောများ ဘေးအန္တရာယ်ကင်းစေရန် အမေရိကန်က အဆိုပြုထားသော ပင်လယ်ရေကြောင်းမစ်ရှင်တစ်ခုတွင် ဂျပန်နိုင်ငံအနေဖြင့် ပူးပေါင်းရန် မေးမြန်းဖွယ်ရှိကြောင်း အက်စပါက ဩဂုတ် ၆ ရက်တွင် သတင်းထောက်များသို့ အရိပ်အမြွက် ပြောကြားခဲ့သည်။ အဆိုပါကိစ္စကို မဆွေးနွေးခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး မတ်ခ်အက်စပါနှင့် သီးခြားဆွေးနွေးခဲ့သည့် ဂျပန်အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ် ယိုရှီဟီဒဲဆူဂါက သတင်းထောက်များသို့ ပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - ကျော်ထိုက်စိုး**

## မြန်မာမိန်းကလေးများကို တရုတ်နိုင်ငံသို့ ရောင်းစားခဲ့သူများအား ထောင်ဒဏ် နှစ် ၂၀ စီချမှတ်

**နေပြည်တော် ဩဂုတ် ၇**

မြန်မာမိန်းကလေးများကို တရုတ်နိုင်ငံသို့ ရောင်းစားခဲ့သူများအား ဩဂုတ် ၂ ရက်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေအရ ထောင်ဒဏ် နှစ် ၂၀ စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် မိုင်းရှူးမြို့နယ် လုံးကော်ကျေးရွာနေ ဦးစံကျော်၊ ဒေါ်ပါခမ်းအောင်၊ ရပ်ကွက်(၁)နေ ဒေါ်နန်းဆိုင်၊ မနန်းစံဇာတို့သည် ၂၀၁၈ ခုနှစ် ဧပြီ ၃ ရက်က မိုင်းရှူးမြို့နယ် နောင်အော့ကျေးရွာနေ မ...... ၁၆ နှစ်၊ မ...... ၃၁ နှစ်နှင့် မ.......၁၃ နှစ်တို့အား ပြင်ဦးလွင်မြို့ရှိ မရွှေးစက်ရုံတွင် တစ်လကျပ်တစ်သိန်းခွဲရမည်ဟု လိမ်လည်စည်းရုံး၍ တရုတ်နိုင်ငံ မိန်းတိန်မြို့သို့ ခေါ်ဆောင်ခဲ့ကြောင်း။

ထို့နောက် မ..... ၁၃ နှစ်အား တရုတ်နိုင်ငံသားနှင့် အဓမ္မလက်ထပ်စေရန် ရောင်းစားခဲ့ပြီး ကျန်နှစ်ဦးအား ဆက်လက်ရောင်းစားရန် စီစဉ်ခဲ့ကြောင်း ပေါ်ပေါက်သဖြင့် လွိုင်ဆောင်ထောက်နယ်မြေရဲစခန်းက (ပ)၅/၂၀၁၈၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ-၂၈(က)ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး လွိုင်လင်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ပြစ်မှုကျူးလွန်သူ ဦးစံကျော်ပါသုံးဦးကို ဩဂုတ် ၂ ရက်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီ ချမှတ်ခဲ့ကြောင်း၊ တိမ်းရှောင်တရားခံ မနန်းစံဇာအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဘူးသီးတောင်မြို့နယ် ဖုံညိုလိပ်ကျေးရွာအနီး AA အဖွဲ့နှင့် ပတ်သက်ဆက်နွယ်သူတစ်ဦး ဖမ်းဆီးရမိ



**နေပြည်တော် ဩဂုတ် ၇**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ဖုံညိုလိပ်ကျေးရွာအနီး လုံခြုံရေးတပ်ဖွဲ့ဝင်များက AA အဖွဲ့နှင့် ပတ်သက်ဆက်နွယ်သူတစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၅ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ဖုံညိုလိပ်ကျေးရွာတံတားအနီး၌ မသင်္ကာဖွယ် လူတစ်ဦးတွေ့ရှိသဖြင့် ခေါ်ယူစစ်ဆေးရာ နေဇော်လင်း (ဘ)ဦးကျော်သန်း ဖြစ်ကြောင်းသိရပြီး ၎င်းကိုင်ဆောင်ထားသော ဖုန်းအတွင်းရှိ Messenger မှ တပ်မတော်စစ်ကြောင်းများ၏ လှုပ်ရှားသွားလာမှုအား AA အဖွဲ့ထံ အပြန်အလှန် ဆက်သွယ်ပေးပို့ထားသည့် စာများကို တွေ့ရှိသဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း။

၎င်းအား ဖုံညိုလိပ်နယ်မြေရဲစခန်းသို့ အပ်နှံ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## ရွှေဘိုမြို့နယ်တွင် လူသတ်မှုကျူးလွန်ပြီး ထွက်ပြေးနေသူအား ဖမ်းဆီးရမိ

**ရွှေဘို ဩဂုတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် တကန်သာကျေးရွာတွင် လူသတ်မှုကျူးလွန်ပြီး ထွက်ပြေးနေသူ စိတ်ပုံမှန်မဟုတ်သူအား ဩဂုတ် ၆ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က ရွှေဘို - မြစ်ကြီးနားကားလမ်းဘေး ငှက်ပျောဒိုင်းကျေးရွာ ကန့်ဘလူမြို့နယ်တွင် ဖမ်းဆီးရမိခဲ့ကြောင်း ရွှေဘိုမြို့မရဲစခန်းမှူး ဒုရဲမှူးသိန်းဆန်းဦးထံမှ သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၄ ရက် နံနက် ၈ နာရီ ၁၅ မိနစ်က တကန်သာကျေးရွာနေ ဝင်းဇော်ဦး (ခ) ကိုပိန်သည် တစ်ရွာတည်းနေ စိတ်ပုံမှန်မဟုတ်သူ မောင်ဝင်းအိမ်ရှိ ခားသွေးကျောက်တွင် ခားသွေးပြီးအပြန် မောင်ဝင်းက နောက်မှလိုက်လာပြီး ဝင်းဇော်ဦး (ခ)ကိုပိန်အား ၎င်းလက်ထဲရှိ ပေါက်ပြားရိုးနှင့်ရိုက်လိုက်သဖြင့် ဝင်းဇော်ဦး(ခ) ကိုပိန်မှာ ဝဲနားထင်ပေါက်ပြဲဒဏ်ရာရရှိကာ လဲကျသွားစဉ် မောင်ဝင်းက ဝင်းဇော်ဦး (ခ) ကိုပိန် ပါလာသော ခားမအား ကောက်ယူ၍ခုတ်ခဲ့သဖြင့် ဝင်းဇော်ဦး (ခ) ကိုပိန်တွင် လည်ပင်းပြတ်ရှဒဏ်ရာရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သည်။ မောင်ဝင်းမှာ ထွက်ပြေးနေ၍ ရွှေဘိုမြို့မရဲစခန်းမှူး ဦးစီးအဖွဲ့က အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၆ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က မောင်ဝင်း တကန်သာကျေးရွာ ရွှေဘိုမြို့နယ်နေသူအား ရွှေဘို - မြစ်ကြီးနားကားလမ်းဘေး ငှက်ပျောဒိုင်းကျေးရွာ ကန့်ဘလူမြို့နယ်တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ လူသတ်မှုကျူးလွန်ပြီး ထွက်ပြေးသူ မောင်ဝင်း တကန်သာကျေးရွာ ရွှေဘိုမြို့နယ်နေသူအား ရွှေဘိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိုးသောက် (ရွှေဘို)**

## လှည်းကူးမြို့နယ်၌ အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံး

**လှည်းကူး ဩဂုတ် ၇**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ခရောင်ကျေးရွာ "ကောင်းထက်"ကြက်သားဒံပေါက်ရုံတွင် ဩဂုတ် ၆ ရက် ညနေ ၃ နာရီခွဲက ရေပန့်မော်တာအား ပြုပြင်ကိုင်တွယ်ရာမှ လူတစ်ဦးဓာတ်လိုက်သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ ညနေ ၃ နာရီခွဲခန့်က စောမင်း ရန်မျိုးအောင်(၃)လမ်း သန္တေပင်ကျေးရွာ မှော်ဘီမြို့နယ်နေသူသည် လှည်းကူးမြို့နယ် ခရောင်ကျေးရွာ "ကောင်းထက်" ကြက်သားဒံပေါက်ရုံရှိ ရေပန့်မော်တာအား လျှပ်စစ်မီးမိန်းခလုတ်မချဘဲ ပြုပြင်ကိုင်တွယ်ရာမှ ဓာတ်လိုက်ပြီး သေဆုံးခဲ့သဖြင့် လှည်းကူးမြို့မရဲစခန်းက အမှုဖွင့်လှစ်ထားကြောင်း သိရသည်။

**နိုင်လင်း(လှည်းကူး)**

## ခါမ်းပါတ်နှင့် တာချီလိတ်မြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၇**

မူးယစ်တပ်ဖွဲ့စု(၇) တမူးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၆ ရက် ညပိုင်းက တမူးမြို့နယ် ခါမ်းပါတ်မြို့ နန်းခေါက်ခေါက်ကျေးရွာနှင့် ကျွန်းတောရေရှင်ကျေးရွာကြား တမူး-ကလေး ကားလမ်းတွင် ငွေလွင်ဦး(ခ)ဖိုးပြား မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၁၃၇ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၊ Buprenorphine ဆေးပြား ၁၅၅ ပြားတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီခန့်က မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု မယ်ယန်းကျေးရွာ မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်တွင် အိုက်ပြိုး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



ငွေလွင်ဦး(ခ)ဖိုးပြားအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**ကိုရဲ**

## တစ်နိုင်ငံလုံး၌ ရှစ်ရက်အတွင်း တရားမဝင်သစ် ၂၈၉ ဒသမ ၁၅၆၄ တန်နှင့် ပြစ်မှုကျူးလွန်သူ ၃၅ ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် တရားမဝင် သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၄ ရက်အထိ ရှစ်ရက်အတွင်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တရားမဝင်သစ် စုစုပေါင်း ၂၈၉ ဒသမ ၁၅၆၄ တန်နှင့် ပြစ်မှုကျူးလွန်သူ ၃၅ ဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

အဆိုပါ ဖမ်းဆီးရမိမှုမှ ယာဉ်/ယန္တရား ၃၃ စီးကိုလည်း သိမ်းဆည်းရမိခဲ့ပြီး အများဆုံး ဖမ်းဆီးရမိမှုမှာ ဇူလိုင် ၂၉ ရက်က ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် သံလယ်ကြီး ဘိနယ်သနီချောင်းအနီးတွင် တရားမဝင်သစ် ၅၀ ဒသမ ၅၄၉၄ တန်ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ကိုမျိုး**

## ယာဉ်တစ်စီး ရှေ့ဘီးပေါက်၍ ဆိုင်ကယ်သုံးစီးအား ဝင်တိုက်၊ နှစ်ဦး သေ

**မိတ္ထီလာ ဩဂုတ် ၇**

မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်း ညောင်ပင်သာကျေးရွာအနီး၌ ဩဂုတ် ၆ ရက် ညနေ ၆ နာရီခွဲက ယာဉ်တစ်စီးရှေ့ဘီးပေါက်၍ မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသော ဆိုင်ကယ်သုံးစီးအားဝင်တိုက်မိရာ နှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်း မိုင်တိုင်အမှတ် ၁၆/၆ နှင့် ၁၆/၇ အကြား တံတားအမှတ် (၁၇/၄) ညောင်ပင်သာကျေးရွာအနီးတွင် မိတ္ထီလာမှ ဆန်းညွန့်ဝင်း မောင်းနှင်လာသော ပရိုဘောက်ယာဉ်သည် ဘယ်ဘက်ရှေ့ဘီးပေါက်ကာ ကျောက်ပန်းတောင်းမှ ဆန်းလွင် မောင်းနှင်ပြီး မတင်တင်စိုး လိုက်ပါလာသည့်ဆိုင်ကယ်၊ မင်းမင်း မောင်းနှင်ပြီး ဇနီး မသဲမာ လိုက်ပါသည့် ဆိုင်ကယ်နှင့် သန်းမြင့် မောင်းနှင်လာသော ဆိုင်ကယ်သုံးစီးတို့ကို ဝင်တိုက်မိသဖြင့် မင်းမင်းနှင့် မသဲမာတို့မှာ အခင်းဖြစ်နေရာတွင် သေဆုံးပြီး သန်းမြင့်နှင့် ဆန်းလွင်တို့မှာ ဒဏ်ရာရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဆန်းညွန့်ဝင်းအား အလည်ရွာရဲကင်းစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



ဩဂုတ် ၈ ရက်က လှိုင်မြို့နယ် အမှတ် (၄) ရပ်ကွက် အေးရိပ်မွန်အိမ်ရာ (၁) လမ်း အလက (၈) စာသင်ကျောင်းရှေ့တွင် ပိတောက်ချောင်းနယ်မြေရဲစခန်းမှူး ရဲအုပ်ညီညီသွင်နှင့် အဖွဲ့ဝင်များ အသိပညာပေးယာဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၃၂၄ ဦးအား မှုခင်းအသိပညာပေး ဆောင်ရွက်စဉ်။ **ကိုရဲ**

## ကန်သာရွာသစ်နှင့် ဖရဲကျွန်းရွာ မြေနုအငြင်းပွားမှုမှ ဒဏ်ရာဖြင့် သေဆုံးသူသုံးဦးအား အမှုပြောင်းလဲဖွင့်

**ရေနံချောင်း ဩဂုတ် ၇**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ကန်သာရွာသစ်နှင့် ဖရဲကျွန်းကျေးရွာတို့ မြေနုအငြင်းပွားမှုဖြစ်စဉ်မှ ဖရဲကျွန်းကျေးရွာနေ သေဆုံးသူ ၂၅ ဦးအနက် သုံးဦးမှာ ဆေးစာအရ တုံးသောလက်နက် ပြင်းထန်ဒဏ်ရာအပြင် ရေနစ်၍ အသက်ရှူကျပ်ပြီး သေဆုံးကြောင်း မှုခင်းဆေးစာပြန်ကြားချက်အရ ပုဒ်မ ၃၀၂ ဖြင့် ဩဂုတ် ၇ ရက် မွန်းတည့် ၁၂ နာရီ ၁၅ မိနစ်က အမှုဖွင့်ထားကြောင်း ရေနံချောင်းမြို့နယ် လက်မှတ်ကုန်းနယ်မြေရဲစခန်းမှ သိရသည်။

ယင်းဖြစ်စဉ်တွင် ပျောက်ဆုံးသူထဲမှ ၂၇ ဦး သေဆုံးလျက်တွေ့ရပြီး ရေနံချောင်းမြို့ လက်မှတ်ကုန်းနယ်မြေရဲစခန်းမှ သေမှုသေခင်း ၂၅ မှုဖြင့် အမှုဖွင့်ထားရာ ဆေးစာအရ ဒဏ်ရာပါသုံးဦးအား အမှုပြောင်းလဲ ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း လက်မှတ်ကုန်းနယ်မြေရဲစခန်းမှ သိရသည်။

**ဆန်းညွန့်၊ စိုးသူအောင်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဂွမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**ဂွ ဩဂုတ် ၇**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် ဩဂုတ် ၆ ရက်နံနက်ပိုင်းတွင် ဂွမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ဂွမြို့ အောင်မင်္ဂလာခန်းမ၌ တွေ့ဆုံကာ သဘာဝဘေးကြောင့် ပျက်စီးမှုများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။




တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက လက်ရှိ ဂွမြို့နယ်၏ အောင်မြင်တိုးတက်မှုများသည် မိမိတို့အစိုးရ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူတို့ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်မှုကြောင့် တိုးတက်လာခြင်းပင်ဖြစ်ပါကြောင်း၊ ဒေသတစ်ခု၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် တည်ငြိမ်အေးချမ်းရေးသည် အဓိကကျပါကြောင်း၊ တည်ငြိမ်အေးချမ်းမှ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှ တည်ငြိမ်အေးချမ်းလာမည်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးရေးဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေ လုံလောက်စွာရရှိရေး၊ လမ်းတံတားနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်အောင် အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် မိမိဒေသတစ်ခုတည်း ဖွံ့ဖြိုးရေးကို မကြည့်ဘဲ ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျှမျှတတဖြင့် အရေးကြီးသောကဏ္ဍ၊ အလေးထားဆောင်ရွက်ရမည့်ကဏ္ဍများကို ဦးစားပေး ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးနိုင်က ဂွမြို့နယ်၌ သုံးနှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တက်ရောက်လာသော ဒေသခံပြည်သူများက ကျန်းမာရေး၊ ပညာရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းတံတားများ ကောင်းမွန်ရေးနှင့် ဒေသအတွက် လိုအပ်ချက်များကို တင်ပြကြရာ သက်ဆိုင်ရာ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးတို့က တင်ပြရှင်းလင်းချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဂွမြို့နယ် ကျိန္တလီမြို့ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။ တွေ့ဆုံစဉ် ဒေသခံ ပြည်သူများက ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ ဆည်မြောင်းကဏ္ဍနှင့် သိမ်းဆည်းခံ လယ်ယာမြေကိစ္စ စသည့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးတို့က သက်ဆိုင်ရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ဂွမြို့နယ် ကျင်းကြီးကျေးရွာအုပ်စု ရမ္မာကျွန်းကျေးရွာ လေဘေးသင့်ပြည်သူများအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က လုံးဝပျက်စီး နေအိမ်နှစ်လုံးအတွက် ငွေကျပ် သုံးသိန်းစီနှင့် တစ်စိတ်တစ်ပိုင်း ပျက်စီးနေအိမ် ၁၀ လုံးအတွက် ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက လုံးဝပျက်စီးနေအိမ်နှစ်လုံးအတွက် ငွေကျပ် နှစ်သိန်းနှင့် ကယ်ဆယ်ရေးပစ္စည်းများကို လည်းကောင်း၊ တစ်စိတ်တစ်ပိုင်း ပျက်စီးနေအိမ် ၁၀ လုံးအတွက် ငွေကျပ် နှစ်သိန်းတို့ကို လည်းကောင်း ထောက်ပံ့ပေးအပ်သည်။

**ထောက်ပံ့ပေးအပ်**

ဆက်လက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် ကျိန္တလီမြို့ လူနာတင်ယာဉ်ဝယ်ရန်အတွက် ငွေကျပ် ၁၀သိန်း၊ ကျိန္တလီမြို့ဆေးရုံနှင့် ရင်ခွဲရုံသွားလမ်းအရှည်ပေ ၇၀၀၊ အကျယ် လေးပေ၊ ဒုခြောက်လက်မခင်းရန်အတွက် ငွေကျပ်သိန်း ၆၀၊ ဂွမြို့နယ် ဆပ်သွားကျေးရွာအုပ်စု ဆပ်သွားရွာ သုသာန်သွားလမ်းအတွက် ငွေကျပ်သိန်း ၅၀၊ စေတီကွင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ အမိုးပြုပြင်ရန်အတွက် ငွေကျပ် ၃၅ သိန်းတို့ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးတို့က ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**တင်မောင်လွင်၊ တင်ထွန်း(ပြန်/ဆက်)၊ ဓာတ်ပုံ-ကံထွန်း**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာကဏ္ဍစုံမှ ပါဝင်သူများ တွေ့ဆုံဆွေးနွေး

**မန္တလေး ဩဂုတ် ၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများတွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲများကို ကျင်းပရာတွင် ချမှတ်ထားသောစံ (၅) ချက်ဖြစ်သည့် လွတ်လပ်ရမည်၊ တရားမျှတရမည်၊ ပွင့်လင်းမြင်သာမှုရှိရမည်၊ အများယုံကြည် လက်ခံမှုရှိရမည်၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်ရမည်ဆိုသည့် အချက်များနှင့်အညီ ကျင်းပလျက်ရှိပါကြောင်း၊ ၂၀၁၉ ခုနှစ်ကို အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုသည့်နှစ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားများအားလုံး မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် မဲဆန္ဒရှင်စာရင်းတွင် ပါဝင်စေရေးနှင့် အမှားအယွင်းကင်းသောမဲဆန္ဒရှင်စာရင်းများ ရရှိစေရေး အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်းရေးဆွဲထားသည့် လူဦးရေစာရင်းအချက်အလက်များ ကောက်ယူပြုစုခြင်း၊ အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ အဆိုပါစီမံချက် အပိုင်း (၁) တွင် လူဦးရေစာရင်းအချက်အလက်များ ကောက်ယူပြုစုခြင်းနှင့် စိစစ်ခြင်း၊ အပိုင်း(၂)တွင် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ အပိုင်း(၃) တွင် ပြောင်းလဲနေသော လူဦးရေစာရင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်းများကို လစဉ်ပြုစုခြင်း၊ ပြင်ဆင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် အပိုင်း(၄)တွင် အခြေခံမဲဆန္ဒရှင် စာရင်းကပ်ထားကြေညာခြင်းဟူ၍ အပိုင်းလေးပိုင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လူဦးရေ စာရင်းအချက်အလက်များ ကောက်ယူပြုစုခြင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အဓိကတာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက စိစစ်ပေးမည်ဖြစ်ကြောင်း၊ ကောက်ယူရရှိသည့် စာရင်းများကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများက မဲဆန္ဒရှင်စာရင်းအဖြစ် စိစစ်ပြုစုသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ယင်းနောက် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရှိန်ဝင်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂)ကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဦးကျော်ကျော်စိုးက လူဦးရေ အချက်အလက်များ ကောက်ယူပြုစုခြင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ မေးမြန်းချက်များနှင့် အကြံပြုဆွေးနွေးချက်များကို ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်က ပြန်လည်ရှင်းလင်း ဆွေးနွေးဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ပျဉ်းမနားမြို့ ရှမ်းကန်အတွင်းမှ ငါးကောင်ရေ ၅၀၀၀၀ ခန့်အား ကန်ပြောင်းရွှေ့

**နေပြည်တော် ဩဂုတ် ၇**

နေပြည်တော် ပျဉ်းမနားမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးက ဦးစီး၍ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၏ နည်းပညာနှင့် မြို့မိမြို့ဖများ၏ ပံ့ပိုးကူညီမှုတို့ဖြင့် ပျဉ်းမနားမြို့ ရန်အောင်(၂) ရပ်ကွက်အတွင်းရှိ မင်္ဂလာရှမ်းကန်မှ ငါးများကို ဇမ္ဗူသီရိမြို့နယ် မင်္ဂလာကန်သို့ ဩဂုတ် ၅ ရက်မှစ၍ ပြောင်းရွှေ့မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စမ်းသပ်တွေ့ရှိ**

ငါးများပြောင်းရွှေ့ရခြင်းနှင့်ပတ်သက်၍ ၂၀၁၈ ခုနှစ် မေ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် မင်္ဂလာရှမ်းကန်အတွင်းမှ ငါးကောင်ရေ ၃၀၀ မှ ၄၀၀ အထိ အကြီးစားသေဆုံးခဲ့ပြီး တစ်နေ့လျှင် ၁၅ ကောင်မှ အကောင် ၂၀ ခန့် သေဆုံးနေသောကြောင့် ငါးလုပ်ငန်းဦးစီးဌာနမှ ဓာတ်ခွဲစမ်းသပ်ချက်အရ ငါးနှင့်ရေ မျှတမှုမရှိခြင်းနှင့် ရေ၏ သန့်ရှင်းမှုနည်းပြီး ငါးများအောက်ဆီဂျင်ကောင်းစွာမရခြင်းများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း စမ်းသပ်တွေ့ရှိရသဖြင့် မင်္ဂလာရှမ်းကန်အတွင်း ငါးကောင်ရေ တစ်သိန်းကျော်ခန့်ရှိသည့်အနက်မှ ငါးပိသာနှင့်အထက် ငါးကြီး ၅၀၀၀၀ ခန့်ကို ဇမ္ဗူသီရိမြို့နယ် ပရဆေးဥယျာဉ်နှင့် မျက်နှာချင်းဆိုင်ရှိ ဧက ၄၀ ကျယ်သော မင်္ဂလာကန်သို့ ၂၅ ရက်နီးပါး ပြောင်းရွှေ့ပေးခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးထံမှ သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

# မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

၂၂။ ဒါရိုက်တာအဖွဲ့သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အောက်ပါတို့ကို လုပ်ပိုင်ခွင့်ရှိသည် -

(က) ကော်ပိုရေးရှင်း၏ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများကို ပြည်တွင်းပြည်ပရှိဘဏ်များနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများထံမှ ဥပဒေနှင့်အညီ ငွေချေးယူခြင်း၊ ပြန်လည်ပေးဆပ်ခြင်း၊ ငွေထုတ်ချေးခြင်း၊ ပြန်လည်ရယူခြင်းနှင့် အထောက်အပံ့များ ရယူခြင်း၊

(ခ) နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ကာကွယ်ရေးနှင့် အရေးပေါ်ကိစ္စရပ်များတွင် ငွေကြေးအကျိုးအမြတ်မယူဘဲ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရသည့်အတွက် သင့်လျော်သည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ရရှိရန် ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တည်ဆဲဥပဒေများနှင့်အညီ လျှောက်ထားခြင်း၊

(ဂ) ကော်ပိုရေးရှင်း၏ စီးပွားရေးလုပ်ဆောင်မှု ပိုမိုအားကောင်းလာစေရေးအတွက် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူများနှင့် သီးခြားသဘောတူစာချုပ် ချုပ်ဆို၍ ဖက်စပ်ကုမ္ပဏီ (Joint-venture Company) တည်ထောင်လုပ်ကိုင်ခြင်း၊ ပြည်တွင်းပြည်ပမှကုမ္ပဏီများ၊ အဖွဲ့အစည်းများအား လွှဲပြောင်းရယူခြင်း၊

(ဃ) မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့်အညီ ကော်ပိုရေးရှင်း၏ မတည်ရင်းနှီးငွေများဖြင့် တည်ထောင်သော လက်အောက်ခံကုမ္ပဏီများကို အများနှင့်မသက်ဆိုင်သော ကုမ္ပဏီ (Private Company) အဖြစ်လည်းကောင်း၊ အများပြည်သူတို့၏ အစုရှယ်ယာများ ဖိတ်ခေါ် ထည့်ဝင်စေပြီး အများနှင့်သက်ဆိုင်သော ကုမ္ပဏီ (Public Company) အဖြစ်လည်းကောင်း တည်ထောင်လုပ်ကိုင်ဆောင်ရွက်ခြင်း၊

(င) ကော်ပိုရေးရှင်း၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းအပြင် ယင်းလုပ်ငန်းနှင့်ဆက်စပ်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများနှင့် ထုတ်လုပ်မှုလုပ်ငန်းများကို တည်ဆဲဥပဒေနှင့်အညီ တိုးချဲ့လုပ်ကိုင်ရေးအတွက် လက်အောက်ခံ ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင် လုပ်ကိုင်ခြင်း၊

(စ) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပြည်တွင်းပြည်ပကုမ္ပဏီ၊ အဖွဲ့အစည်းတို့ ဖက်စပ်ဖြစ်စေ၊ အကျိုးတူဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် ပူးပေါင်း၍ဖြစ်စေ သဘောတူစာချုပ်ချုပ်ဆို၍ လုပ်ကိုင်ခဲ့သည့် လုပ်ငန်းတစ်ရပ်ရပ်ကို ကော်ပိုရေးရှင်းက ဆက်လက်၍ လုပ်ကိုင်ဆောင်ရွက်ရန်ရှိပါက နှစ်ဖက်သဘောတူညီချက်ဖြင့် မူလချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်နှင့်အညီ ဆက်လက်လုပ်ကိုင်ဆောင်ရွက်ခြင်း သို့မဟုတ် မူလချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်ကိုပြင်ဆင်၍ လုပ်ကိုင်ဆောင်ရွက်ခြင်း သို့မဟုတ် လုပ်ငန်းရပ်ဆိုင်းရန်နှင့် ရပ်စဲရန် ရှိပါက စာချုပ်ရပ်ဆိုင်းခြင်းနှင့် ရပ်စဲခြင်း၊

(ဆ) ကော်ပိုရေးရှင်း၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် ဆက်သွယ်ရေးဝန်ဆောင်မှုနှင့် ဆက်စပ်သည့် လုပ်ငန်းစီမံကိန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် ကော်ပိုရေးရှင်းနှင့် ပြည်တွင်းပြည်ပကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတို့ သဘောတူစာချုပ် ချုပ်ဆိုခြင်း၊ စာချုပ်ရပ်ဆိုင်းခြင်းနှင့် ရပ်စဲခြင်း၊

(ဇ) နည်းပညာတိုးတက်ပြောင်းလဲမှုအရ ခေတ်မမီသော သို့မဟုတ် သက်တမ်းမကုန်သေးသော ဆက်သွယ်ရေးပစ္စည်းများအား သတ်မှတ်ချက်များနှင့်အညီ အစားထိုးလဲလှယ်ခြင်း သို့မဟုတ် စာရင်းရှင်းလင်း ပယ်ဖျက်ခြင်း၊

(ဈ) ကော်ပိုရေးရှင်း၏ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများအတွက် လုပ်အားခများကို သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ခြင်းနှင့် ထိုသတ်မှတ်ချက်ကို ပြင်ဆင်ခြင်း၊

(ည) ဆက်လက်ဆောင်ရွက်ရန် မလိုအပ်သော ကော်ပိုရေးရှင်း၏ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းတစ်ရပ်ရပ်ကို တည်ဆဲဥပဒေများနှင့်အညီ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း။

၂၃။ ဒါရိုက်တာအဖွဲ့သည် စက်ပစ္စည်းဝယ်ယူခြင်း၊ လုပ်ငန်းအပ်နှံခြင်းတို့နှင့်စပ်လျဉ်းသည့် စာချုပ်စာတမ်းများ၊ ကုန်ဝယ်အမှာစာများနှင့် ပုဒ်မ ၂၂၊ ပုဒ်မခွဲ (စ) တွင် အကျုံးမဝင်သော စာချုပ်စာတမ်းများနှင့်ပတ်သက်၍ ကော်ပိုရေးရှင်းက ဆက်လက်၍လုပ်ကိုင်ဆောင်ရွက်ရန်ရှိပါက နှစ်ဖက်သဘောတူညီချက်ဖြင့် ဆက်လက်လုပ်ကိုင်ဆောင်ရွက်ခြင်း သို့မဟုတ် ပြင်ဆင်၍ လုပ်ကိုင်ဆောင်ရွက်ခြင်း သို့မဟုတ် လုပ်ငန်းရပ်ဆိုင်းရန်နှင့် ရပ်စဲရန်ရှိပါက လုပ်ငန်းရပ်ဆိုင်းခြင်းနှင့် ရပ်စဲခြင်း ပြုနိုင်သည်။

**အခန်း (၆)**

**ကော်ပိုရေးရှင်း၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၂၄။ ကော်ပိုရေးရှင်း၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အမှုဆောင်အရာရှိချုပ်၏ ကြီးကြပ်စီမံခန့်ခွဲမှုဖြင့် လုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ဝင်ငွေနှင့် အကျိုးအမြတ်တိုးပွားစေရေးအတွက် နိုင်ငံတကာမှ ကျင့်သုံးလျက်ရှိသည့် ခေတ်မီကောင်းမွန်သော ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို လေ့လာ၍ ကျင့်သုံးဆောင်ရွက်ခြင်း၊

(ဂ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းအဖွဲ့များကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်၍ ဆောင်ရွက်စေခြင်း၊

(ဃ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အပြန်အလှန်ထိန်းကျောင်းမှုနှင့် လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်လာစေရန် ဝန်ထမ်းများအား ၆ လတစ်ကြိမ် အရည်အသွေးနှင့် လုပ်ဆောင်ချက် ရလဒ်အညွှန်းကိန်းဖြင့် (Key Performance Indicator) စစ်ဆေးခြင်း၊

(င) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် သုတေသနဌာန ဖွင့်လှစ်၍ စူးစမ်းရှာဖွေမှုများနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုဆိုင်ရာ အသိပညာ၊ အတတ်ပညာနှင့် နည်းပညာများ ကျွမ်းကျင်တတ်မြောက်ရေးအတွက် လိုအပ်သောသင်တန်းများဖွင့်လှစ်ပို့ချခြင်း၊ လေ့ကျင့်ခြင်းနှင့် ပြည်ပသို့ ပညာတော်သင်များစေလွှတ်ခြင်း၊

(ဆ) ဆက်သွယ်ရေးဝန်ဆောင်မှုများကို အများပြည်သူက လွယ်ကူအဆင်ပြေချောမွေ့စွာ ရယူအသုံးပြုနိုင်ရေးအတွက် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စီစဉ်ဆောင်ရွက်ခြင်း၊

(ဇ) နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေးနှင့် စီမံခန့်ခွဲရေး လုပ်ငန်းများကို အထောက်အကူဖြစ်စေရေးအတွက် ယင်းလုပ်ငန်းများ၏ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လိုအပ်ချက်ကို ညှိနှိုင်း၍ ဖြည့်ဆည်းပေးခြင်း၊

(ဈ) ဆက်သွယ်ရေးအခြေစိုက်စခန်းများကို လုပ်ငန်းလိုအပ်ချက်နှင့်အညီ ဖွင့်လှစ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း၊ ပြောင်းရွှေ့ခြင်းနှင့် မလိုအပ်ပါက ပိတ်သိမ်းထားခြင်း၊

(ည) ဆက်သွယ်ရေးလမ်းကြောင်းများကို လုပ်ငန်းလိုအပ်ချက်နှင့်အညီ တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ လျှော့ချခြင်း၊ ပြောင်းရွှေ့ခြင်းနှင့် မလိုအပ်ပါက ပိတ်သိမ်းထားခြင်း၊

(ဋ) ဆက်သွယ်ရေးအခြေစိုက်စခန်းများက တာဝန်ခံ၍ လုပ်ဆောင်နိုင်သော အခြားဝန်ထမ်း အဖွဲ့အစည်းများ၏ လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဌ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းစီမံချက်များကို ဒါရိုက်တာအဖွဲ့မှတစ်ဆင့် ဝန်ကြီးဌာနသို့ နှစ်စဉ်တင်ပြခြင်း၊

(ဍ) ကွန်ရက်အထောက်အကူပြုပစ္စည်းနှင့် ဆက်သွယ်ရေးပစ္စည်းများထုတ်လုပ်ခြင်း၊ ဖြန့်ချိခြင်း၊ ရောင်းချခြင်းတို့ကို ဆောင်ရွက်ခြင်း၊

(ဎ) ကော်ပိုရေးရှင်းက ဆောင်ရွက်လျက်ရှိသည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြားလုပ်ငန်းများကို စစ်ဆေးခြင်း၊ ကြည့်ရှုခြင်း၊ ယင်းလုပ်ငန်းတစ်ရပ်ရပ်နှင့် သက်ဆိုင်သူများကို ဆင့်ဆို၍စစ်မေးခြင်း၊ လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်း၊ လိုအပ်ပါက ထိုသို့ဆောင်ရွက်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးခြင်း၊

(ဏ) ဒါရိုက်တာအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အရေးပေါ်ကိစ္စရပ်များတွင် ငွေကြေး အကျိုးအမြတ်မယူဘဲ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း၊

(တ) ဆက်သွယ်ရေးဝန်ဆောင်မှုနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ ယင်းအဖွဲ့အစည်းဝင် နိုင်ငံများနှင့် လည်းကောင်း၊ နှစ်နိုင်ငံသဘောတူညီထားသည့် စာချုပ်ဝင်နိုင်ငံများနှင့်လည်းကောင်း ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း။

၂၅။ ကော်ပိုရေးရှင်း၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများအတွက် ဝန်ဆောင်ခများ၊ ကွန်ရက်ချိတ်ဆက်ခများ၊ အခြားအခကြေးငွေနှုန်းထားများကို ဆက်သွယ်ရေးဥပဒေနှင့်အညီ သတ်မှတ်နိုင်ရန်အတွက် အဆိုပြုခြင်း၊

(ခ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများအတွက် ပြည်တွင်းပြည်ပမှ ဝန်ထမ်းများ၊ အကြံပေးများ၊ ကျွမ်းကျင်သော ပညာရှင်များကို သတ်မှတ်ချက်များနှင့်အညီ ခန့်အပ်ခြင်း၊ ငှားရမ်းခြင်း၊ လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများ ပေးအပ်ခြင်း၊

(ဂ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများအောင်မြင်စေရန် စီးပွားရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို လွတ်လပ်စွာ ဆုံးဖြတ်ချက် ချမှတ်၍ ဆောင်ရွက်ခြင်း၊

(ဃ) ဝန်ထမ်းများအတွက် အလုပ်ချိန်များ၊ ခွင့်ရက်ခံစားခွင့်များ၊ အလုပ်ခွင်စည်းမျဉ်းနှင့် စည်းကမ်းများကို အလုပ်သမားဆိုင်ရာဥပဒေများနှင့်အညီ သတ်မှတ်ဆောင်ရွက်ခွင့်ရှိခြင်း၊

(င) သက်တမ်းအရ ပယ်ဖျက်ရမည့် ကော်ပိုရေးရှင်းပိုင်ပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ စာရင်းရှင်းလင်းပယ်ဖျက်ခြင်း၊

(စ) ကော်ပိုရေးရှင်းပိုင်ဆိုင်သော သို့မဟုတ် ခွင့်ပြုချက်ရရှိထားသော အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်များ ( Intellectual Property Rights ) အား ကော်ပိုရေးရှင်း၏ ခွင့်ပြုချက်မရှိဘဲ အသုံးပြုသူကို တရားစွဲဆိုခြင်း၊

(ဆ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း။

**အခန်း (၇)**

**ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ခြင်း**

၂၆။ ကော်ပိုရေးရှင်းသည် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုပါက ဆက်သွယ်ရေးဥပဒေနှင့်အညီ လုပ်ငန်းလိုင်စင်ရယူ၍ ဆောင်ရွက်ရမည်။

၂၇။ ကော်ပိုရေးရှင်းသည် သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည် -

(က) လက်အောက်ခံကုမ္ပဏီ သီးခြားတည်ထောင်၍ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့် ဆက်စပ်သည့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း၊

(ခ) မိမိပိုင်ပစ္စည်းများနှင့် လုပ်ကိုင်ခွင့်ရရှိသောပစ္စည်းများကို ဒါရိုက်တာအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုနှင့်ဆက်စပ်သည့် အခြားစီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်း။

၂၈။ ကော်ပိုရေးရှင်းသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်အလို့ငှာ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများနှင့် သဘောတူစာချုပ် ချုပ်ဆို၍ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းတစ်ရပ်ရပ်ကို တည်ဆောက်-လုပ်ကိုင်-လွှဲပြောင်း (Build Operate Transfer- BOT) စနစ် စသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်သည့် စနစ်တစ်မျိုးမျိုးဖြင့်လုပ်ကိုင်ရန် စီမံချက်ရေးဆွဲ၍ ဝန်ကြီးဌာန၏ အတည်ပြုချက်ရယူပြီး ဆောင်ရွက်နိုင်သည်။

**အခန်း(၈)**

**ဝန်ထမ်းရေးရာကိစ္စများ**

၂၉။ (က) ကော်ပိုရေးရှင်းသည် မိမိဝန်ထမ်းများ၏အရည်အချင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းအမျိုးအစား၊ ဝန်ထမ်းတစ်ဦးချင်း တာဝန်ခွဲဝေပုံနှင့် တာဝန်ခံမှုတို့ကို ဖွဲ့စည်းပုံအရ လိုအပ်သလို သတ်မှတ်ထားရှိရမည်။

(ခ) ကော်ပိုရေးရှင်း၏ ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်း မဖြစ်စေရ။

၃၀။ ဝန်ကြီးဌာနသည် -

(က) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများက ဤဥပဒေအရဖွဲ့စည်းသော ကော်ပိုရေးရှင်းသို့ ၎င်းတို့ဆန္ဒအရ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည့်အခါ ယင်းဝန်ထမ်းများ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ရာထူးတာဝန်နှင့် ရပိုင်ခွင့်အောက် လျော့နည်းခြင်းမရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ခ) ကော်ပိုရေးရှင်းသို့ ပြောင်းရွှေ့ထမ်းဆောင်ရန် ဆန္ဒမပြုသော ဝန်ထမ်းများကို မိမိ၏ ဝန်ကြီးဌာနလက်အောက်ရှိသင့်လျော်သည့်ဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခြားပြည်ထောင်စုဝန်ကြီးဌာနလက်အောက်ရှိ သင့်လျော်သည့်ဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ ပြောင်းရွှေ့နေရာချထားပေးနိုင်သည်။

**(ဆက်လက်ဖော်ပြပါမည်)**

## ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီသုံးစွဲမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲ လှည်းကူးမြို့နယ်၌ ကျင်းပ

**ရန်ကုန် ဩဂုတ် ၇**

ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီသုံးစွဲမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၆ ရက် နံနက်ပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့ မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်ကြူက ဟောပြောပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာချမ်းမြေ့ဝင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ



(FDA) ရန်ကုန်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဖြိုးမာန်သက်ဦး၊ မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် (MITS) မှ ဓာတ်ခွဲခန်းပညာရှင် ဒေါ်ကေခိုင်ဦး၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်းအောင်နှင့် စားသုံးသူရေးရာဦးစီးဌာန မြောက်ပိုင်းခရိုင် ဦးစီးမှူး ဦးအောင်တင်စိုးတို့က ဟောပြောဆွေးနွေးကြပြီး ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ပြည်သူများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ရှင်းလင်းဖြေကြားပေးကြသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးတွင် အာဖရိကဝက်အပြင်းဖျားရောဂါ ဖြစ်ပွားမှုမရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပြောကြား

**ရန်ကုန် ဩဂုတ် ၇**

ရန်ကုန်တိုင်းဒေသကြီးတွင် အာဖရိက ဝက်အပြင်းဖျားရောဂါ လုံးဝ မရောက်ရှိသေးကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီလုပ်ဆောင်ချက်များနှင့် ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲ၌ မီဒီယာများ၏ မေးမြန်းမှုကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (YCDC)၊ တိရစ္ဆာန်ဆေးကုနှင့် အသားထုတ်လုပ်ရုံများဌာနမှ ဌာနမှူး ဦးမင်းအောင်က ပြောကြားသည်။

လက်ရှိ အာဖရိကဝက်အပြင်းဖျားရောဂါသည် မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်မှုမရှိသေးကြောင်း၊ သို့သော် ယင်းရောဂါနှင့်ပတ်သက်၍ လေ့လာစူးစမ်းမှုများ ပြုလုပ်လျက်ရှိပြီး ကြိုတင်ပြင်ဆင်မှုများလည်း ဆောင်ရွက်ထားကြောင်း ၎င်းကဆက်လက်ပြောသည်။

လက်ရှိ ရန်ကုန်တိုင်းဒေသကြီးတွင် ဝက်သား စားသုံးသူများအတွက် တစ်နေ့လျှင် ဝက်ကောင်ရေ ၁၅၀၀ ခန့် ထုတ်လုပ်လျက်ရှိပြီး ဝက်သားထုတ်လုပ်ရေးရုံ နှစ်ရုံရှိကြောင်း၊ ယင်းနှစ်ရုံမှာ ရွာသာကြီးဝက်သား ထုတ်လုပ်ရေးရုံနှင့် အင်းစိန်(ရွာမ) ဝက်သားထုတ်လုပ်ရေးရုံတို့ဖြစ်ပြီး ရွာသာကြီး ဝက်သားထုတ်လုပ်ရေးရုံမှ တစ်နေ့လျှင် ဝက်အကောင်ရေ ၄၅၀ မှ ၅၀၀ ကြားထွက်ရှိကြောင်းနှင့် အင်းစိန်(ရွာမ) ဝက်သားထုတ်လုပ်ရေးရုံမှ တစ်နေ့လျှင် ဝက်အကောင်ရေ ၉၀၀ မှ ၁၀၀၀ ကြားထွက်ရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

တရုတ်နိုင်ငံ စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသရေးရာဝန်ကြီးဌာန (Ministry of Agriculture and Rural Affairs - MARA) ၏ ထုတ်ပြန်ချက်များအရ ၂၀၁၈ ခုနှစ် ဩဂုတ် ၃ ရက်တွင် Liaoning ပြည်နယ်မှစတင်ကာ အာဖရိကဝက်အပြင်းဖျားရောဂါ စတင်ဖြစ်ပွားခဲ့ပြီး ယင်းအချိန်မှစတင်၍ ၂၀၁၉ ခုနှစ် မေ ၃၀ ရက်အထိ အချိန် ၁၀ လအတွင်း ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စုစုပေါင်း ၃၂ ခုတွင် ရောဂါဖြစ်ပွားမှု စုစုပေါင်း ၁၃၆ ခု ဖြစ်ပွားခဲ့ကာ ရောဂါထိန်းချုပ်ရေးအတွက် တရုတ်အစိုးရက ဝက်ကောင်ရေ ၁၁ သိန်းကျော်ကို သုတ်သင်ခဲ့ရကြောင်း သိရသည်။

သို့ဖြစ်၍ အဆိုပါ အာဖရိကဝက်အပြင်းဖျားရောဂါ မြန်မာနိုင်ငံအတွင်းသို့ ကူးစက်ပျံ့နှံ့မှုမရှိစေရေး မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အသိပေးထုတ်ပြန်ထားသည်။

ထို့ပြင် ပြည်ပမှ တရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါ အာဖရိက ဝက်အပြင်းဖျားရောဂါသည် ဝက်များတွင်သာ ဖြစ်ပွားသည့် ရောဂါဖြစ်ပြီး လူကို ကူးစက်ခြင်းမရှိကြောင်း ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) နှင့် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)တို့က တရားဝင်ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

**ငြိမ်းငြိမ်း**



## ဘီးလင်းမြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်ရောက်ရှိ၍ ကယ်ဆယ်ရေးဆောင်ရွက်နေ

**ဘီးလင်း ဩဂုတ် ၇**

ဘီးလင်းမြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်မှုကြောင့် အကူအညီလိုအပ်နေသူများအား ခရိုင်မီးသတ်ဦးစီးဌာနမှူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဩဂုတ် ၆ ရက် မွန်းလွဲပိုင်းက ဘီးလင်းမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ ခက်ခဲစွာကယ်ဆယ်ရေးဆောင်ရွက်နေရကြောင်း သိရသည်။

**နန္ဒကျော်စွာ**

## လေဆင်နှာမောင်းကြောင့် နေအိမ်အချို့ပျက်စီး

**သထုံ ဩဂုတ် ၇**

မွန်ပြည်နယ် သထုံမြို့နယ် သုံးအိမ်စုကျေးရွာတွင် ဩဂုတ် ၆ ရက် ညနေ ၄ နာရီခွဲခန့်က လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အချို့ ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားခဲ့သည်။

မိုးအဆက်မပြတ်ရွာသွန်းခဲ့ရာမှ ရုတ်တရက် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် သုံးအိမ်စုကျေးရွာရှိ လူနေအိမ် ၂၅ လုံးခန့် ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့ပြီး ယင်းတို့အနက် နေအိမ်အချို့မှာ အမိုးများလန်ခြင်း၊ အိမ်ငယ်အချို့ပြိုကျပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## သဘာဝဘေးအန္တရာယ်ကွပ်ကဲရေးရုံးဖွင့်လှစ်၍ ထောက်ပံ့ပေး

**ရွှေကျင် ဩဂုတ် ၇**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် ရွှေကျင်မြစ်ရေနှင့် စစ်တောင်းမြစ်ရေတို့ မြင့်တက်မှုကြောင့် မြို့ပေါ်နှင့် ကျေးရွာများတွင် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ပြီး ပြောင်းရွှေ့နေထိုင်ကြသည့် ရေဘေးသင့်ပြည်သူများအတွက် ရွှေကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၆ ရက် နံနက် ၆ နာရီမှစ၍ သဘာဝဘေးအန္တရာယ်ကွပ်ကဲရေးရုံးဖွင့်လှစ်ပြီး ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးလျက်ရှိသည်။

ရွှေကျင်မြို့နယ်အတွင်း ရပ်ကွက်နှင့်ကျေးရွာများ၌ ကယ်ဆယ်ရေးစခန်း ၁၄ ခု၊ အိမ်ထောင်စု ၃၂၄ စု၊ လူဦးရေ ၁၆၃၁ ဦးအထိ ပြောင်းရွှေ့ခဲ့ရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

### တိုတိုထွာထွာဖတ်စရာ

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးပညာပေး

**ပွင့်ဖြူ**

ပွင့်ဖြူမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ဦးဆောင်၍ ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီက ပွင့်ဖြူမြို့နယ် လက်ပန္နယ်ကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ထင်းအစား အခြားလောင်စာသုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး လူထုအသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ပွင့်ဖြူမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝင်းထွေးက သစ်တောသစ်ပင်များကို ကာကွယ်ထိန်းသိမ်းသွားကြရန်နှင့် သစ်တောပြုန်းတီးမှုများလျှော့ချနိုင်ရန်အတွက် အဝေမ်းမီးဖိုများကို အသုံးပြု၍ ထင်းအစား အခြားလောင်စာများကို ပြောင်းလဲသုံးစွဲကြစေလိုကြောင်း ပညာပေးဟောပြောသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ပိုးမွှားရောဂါကျရောက်မှုကာကွယ်ရေးလက်တွေ့သရုပ်ပြ

**ရန်ကုန်**

ရှမ်းပြည်နယ် မူဆယ်ခရိုင် မန့်ဟီးရိုးမြို့ရှိ ရပ်ကွက်(၂) ဟိုလွမ် လူငယ်နားနေဆောင်နှင့် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာတွင် ပိုးမွှားရောဂါကျရောက်မှု ကြိုတင်ကာကွယ်ရေး နည်းပညာပေးခြင်းနှင့် ကွင်းသရုပ်ပြပွဲကို ဩဂုတ် ၆ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ခရိုင်ဦးစီးမှူး ဒေါ်နန်းလွင်လွင်စိန်နှင့် ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးလွင်အောင်စိုးတို့က စိုက်ခင်းများ ပိုးမွှားအန္တရာယ်ကင်းဝေးစေရန် ပညာပေးဟောပြောပြီး လက်တွေ့ကွင်းသရုပ်ပြသခဲ့ကာ တောင်သူ ၉၅ ဦးအား ပိုးမွှားရောဂါသတ်ဆေးနှင့် ကော်မက်ရွက်ဖျန်းအားဆေးတို့ကို ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**သစ္စာ**

## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဆီဆိုင်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆွေးနွေး

**ဆီဆိုင် ဩဂုတ် ၇**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးသည်။

တွေ့ဆုံပွဲတွင် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာများက မိမိတို့ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များ၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများ၊ လျှပ်စစ်မီးရရှိရေးနှင့် အခြားလိုအပ်ချက်သည်များကို တင်ပြကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။

**ခွန်ရဲထွေး(ဆီဆိုင်)**



နေပြည်တော် လယ်ဝေးမြို့နယ်တွင် ရဲတပ်သားသစ်ရရှိရေး ကွင်းဆင်းစည်းရုံးခြင်းနှင့် သက်ငယ်မုဒိမ်းမှုမဖြစ်စေရေး ဟောပြောပွဲကို ဩဂုတ် ၅ ရက် နံနက် ၁၀ နာရီက စမတောင် ပရဟိတမိဘမဲ့ကျောင်း၌ ပြုလုပ်ခဲ့ရာ သာဝတ္တိနယ်မြေရဲစခန်းမှူး ရဲအုပ်ညီညီထွန်းက စည်းရုံးဟောပြောစဉ်။

**မင်းမင်းလတ်(ရုပ်ဗေဒ)**



## လူကာကူကိုခေါ်ဖို့မျှော်လင့်နေတဲ့ အင်တာနည်းပြ ကွန်တီ

အင်တာမီလန်အသင်းနည်းပြ ကွန်တီဟာ မန်ယူအသင်းရဲ့ တိုက်စစ်မှူး လူကာကူကို ခေါ်ယူဖို့ မျှော်လင့်နေတယ်လို့ ဆိုပါတယ်။ အင်တာမီလန်အသင်းဟာ လူကာကူကို ခေါ်ယူနိုင်ဖို့ ပြောင်းရွှေ့ကြေးပေါင် ၆၅ သန်းခန့်နဲ့ ကမ်းလှမ်းထားတာဖြစ်ပါတယ်။ မန်ယူအသင်းကတော့ လူကာကူကို လက်ရှိအချိန်အထိ ရောင်းဖို့ အစီအစဉ်မရှိသေးပါဘူး။ လူကာကူဟာ မန်ယူအသင်းရဲ့ရာသီအကြို ပွဲစဉ်တွေမှာ တစ်ပွဲမှ ပါဝင်ကစားထားတာ မရှိတာကြောင့် အင်တာမီလန်က လူကာကူကို ခေါ်ယူနိုင်မယ်လို့ မျှော်လင့်ထားတာဖြစ်ပါတယ်။ အင်တာမီလန်က စပါးအသင်းနဲ့ တစ်ဂိုးစီသရေဖြစ်ခဲ့တဲ့ ပွဲစဉ်အပြီးမှာ လူကာကူကို ခေါ်ယူမယ်လို့ တရားဝင် ပြောကြားလာတာဖြစ်ပါတယ်။ လက်ရှိမှာ လူကာကူကို အင်တာမီလန်အသင်းနဲ့အပြိုင် ဂျူဗင်တပ်အသင်းကလည်း ခေါ်ယူဖို့ စိတ်ဝင်စားနေတာဖြစ်ပါတယ်။

## လာလီဂါပြိုင်ပွဲအစမှာ ပါဝင်လာဖို့မရှိတဲ့ လီယွန်နယ်မက်ဆီ



ဘာစီလိုနာအသင်းရဲ့အဓိကတိုက်စစ်မှူးဖြစ်တဲ့ လီယွန်နယ်မက်ဆီဟာ ဩဂုတ် ၅ ရက်က ပြုလုပ်ခဲ့တဲ့ အသင်းရဲ့ လေ့ကျင့်ရေးအစီအစဉ်မှာ ညာဘက်ခြေသလုံးဒဏ်ရာရရှိခဲ့တာကြောင့် အခု ၂၀၁၉-၂၀၂၀ ဘောလုံးရာသီရဲ့လာလီဂါပြိုင်ပွဲအစမှာ ပါဝင်လာဖို့ မရှိဘူးလို့ဆိုပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး လီယွန်နယ်မက်ဆီက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာမှာ တင်ထားခဲ့တာဖြစ်ပါတယ်။ မက်ဆီဟာ ပြီးခဲ့တဲ့တစ်ပတ်က မီယာမီမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ နာပိုလီအသင်းနဲ့ ချစ်ကြည်ရေးခြေစမ်းပွဲစဉ်မှာလည်း ဘာစီလိုနာအသင်းနဲ့အတူ မပါဝင်ခဲ့တာတွေ့ရပါတယ်။ အခုရရှိထားတဲ့ ခြေသလုံးဒဏ်ရာကြောင့် ဆေးဝါးကုသမှုခံယူဖို့ သီတင်းနှစ်ပတ်ကြာ အနားယူရဦးမယ်လို့လည်း ဘာစီလိုနာအသင်းက တရားဝင် ပြောကြားထားပါတယ်။ လက်ရှိမှာ မက်ဆီအနေနဲ့ ဘာစီလိုနာမြို့မှာပဲရှိနေပြီး အသင်းရဲ့ရာသီအကြို ခရီးစဉ်ဖြစ်တဲ့ အမေရိကန်ခရီးစဉ်ကိုလည်း လိုက်ပါနိုင်ဖို့ မရှိတော့ပါဘူး။ ဘာစီလိုနာအသင်းရဲ့ အခုနှစ် ဘောလုံးရာသီရဲ့ လာလီဂါအဖွင့်ပွဲစဉ်ကိုတော့ ဩဂုတ် ၁၆ ရက်မှာ ဘီဘာအိုအသင်းနဲ့ စတင်ကစားရမှာဖြစ်ပါတယ်။

ငွေကြယ် ရေးသားသည်

# အနုပညာ

## ချီကာဂိုမှာ မစ်ကီဖိုစတာနဲ့အတူ ရှိနေတဲ့ အရီရန်နာဂရန်းဒ်

အမေရိကန်ပေ့ါပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်ဟာ မကြာသေးမီက ချီကာဂိုမှာ ဖျော်ဖြေပွဲ ပြုလုပ်ခဲ့ပါတယ်။ ဒီဖျော်ဖြေပွဲမှာ သူနဲ့ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ ထွက်နေတဲ့ တေးသံရှင် မစ်ကီဖိုစတာလည်း တက်ရောက်အားပေးခဲ့တာတွေ့ရပြီး လက်ရှိမှာတော့ သူတို့နှစ်ဦးဟာ ချီကာဂိုမှာ အတူအလည်အပတ်ထွက်နေကြောင်း အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လက်ရှိမှာ အသက် ၂၆ နှစ်အရွယ်ရှိပြီဖြစ်တဲ့ အရီရန်နာဂရန်းဒ်ဟာ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့မှာတော့ သူ့ရဲ့ သက်တော်စောင့်တစ်ဦးအတွက် မွေးနေ့ပါတီကို ချီကာဂိုမှာ ပြုလုပ်ပေးခဲ့ပါတယ်။ ဒီပါတီပွဲကိုလည်း မစ်ကီဖိုစတာ တက်ရောက်ခဲ့ပြီး သူတို့နှစ်ဦး ဘေးချင်းယှဉ်ထိုင်ခဲ့ကြောင်းလည်း သိရပါတယ်။

အရီရန်နာဂရန်းဒ်နဲ့ မစ်ကီဖိုစတာတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေဟာ အရီရန်နာဂရန်းဒ်ရဲ့ တေးသီချင်းသစ် "Boyfriend" ထုတ်လွှင့်ခဲ့ပြီးနောက် ပေါ်ထွက်လာတာ ဖြစ်ပါတယ်။ ဒီတေးသီချင်းမှာ မစ်ကီဖိုစတာကလည်း ပါဝင်အားဖြည့်သီဆိုပေးထားပါတယ်။ တေးသီချင်းသစ်နဲ့ပတ်သက်ပြီး ပရိသတ်တွေက လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ရေးသားဖော်ပြခဲ့တာတွေကနေတစ်ဆင့် သူတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြောင်း ဝေဖန်သံတွေ ပေါ်ထွက်လာတာ ဖြစ်ပါတယ်။

## ယခုလအတွင်း Red Velvet ရဲ့ တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မည်

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Red Velvet" ရဲ့တေးအယ်လ်ဘမ်သစ်ကို ယခုလအတွင်း ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း လတ်တလောမှာ ထုတ်ဖော်အသိပေးလာတာ ဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဩဂုတ် ၇ ရက်မှာ အက်စ်အမ်အန်တာတိန်းမန့်က အဖွဲ့ရဲ့တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်သွားမယ့်အကြောင်း အတည်ပြုပြောကြားလာတာ ဖြစ်ပါတယ်။ "Red Velvet"ဟာ ပြီးခဲ့တဲ့ ဇွန်လအတွင်း တေးသီချင်းသစ်ကို နောက်ဆုံး ထုတ်လွှင့်ခဲ့တာကြောင့် ယခုလအတွင်း ထုတ်လွှင့်သွားမယ့် တေးအယ်လ်ဘမ်ဟာ နှစ်လအကြာမှာ ပြုလုပ်လာတဲ့ အဖွဲ့ရဲ့တေးဂီတလှုပ်ရှားမှုသစ်ဖြစ်ကြောင်းလည်း သိရပါတယ်။





## လမ်းခွဲလိုက်ပြီဖြစ်တဲ့ သယ်ဝိခ်ကန်းဒ်နဲ့ ဘယ်လာဟာဒစ်

ကျော်ကြားတဲ့ ဟောလိဝုဒ်ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ တေးသံရှင် သယ်ဝိခ်ကန်းဒ်နဲ့ မော်ဒယ်တစ်ဦးဖြစ်သူ ဘယ်လာဟာဒစ်တို့ဟာ လတ်တလောမှာ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။ သူတို့နှစ်ဦးဟာ ဒုတိယအကြိမ် ပြန်လည်လက်တွဲခဲ့ကြတာဖြစ်တာကြောင့် လက်ရှိမှာ ဒုတိယမြောက် လမ်းခွဲခြင်းလည်း ဖြစ်ပါတယ်။

အသက် ၂၂ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ထိပ်တန်းမော်ဒယ် ဘယ်လာဟာဒစ်နဲ့ ၂၉ နှစ်အရွယ် ဂရမ်မီဆုရှင် တေးသံရှင် သယ်ဝိခ်ကန်းဒ်တို့ဟာ ဒုတိယအကြိမ် ချစ်သူသက်တမ်းမှာ တစ်နှစ်ခန့် လက်တွဲပြီးနောက် လမ်းခွဲလိုက်ကြတာ ဖြစ်တယ်လို့လည်း သိရပါတယ်။

သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်အရ ကြယ်ပွင့်တွေ လမ်းခွဲလိုက်ရတဲ့ အဓိကအကြောင်းရင်းကတော့ ဝေးကွာမှုကြောင့်ဖြစ်တယ်လို့ သိရပါတယ်။ ဘယ်လာဟာဒစ်ဟာ လက်ရှိမှာ သူ့ရဲ့ ဖက်ရှင်ပြပွဲတွေအတွက် ပြင်ဆင်နေတာဖြစ်ပြီး သယ်ဝိခ်ကန်းဒ်ကတော့ တေးအယ်လ်ဘမ်သစ်အတွက် တေးသီချင်းတွေ ပြင်ဆင်နေပါတယ်။ သူတို့နှစ်ဦးဟာ နေရာဒေသတွေ ဝေးကွာနေကြသလို ခံစားချက်ချင်းလည်း ဝေးကွာသွားခဲ့တာကြောင့် လမ်းခွဲဖို့ရာ ဆုံးဖြတ်ခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။



## တောင်ကိုရီးယားတက္ကသိုလ်တစ်ခုမှာ တက်ရောက်သွားမယ့် မက်ဒေ့ါ်ဇ်

ကျော်ကြားတဲ့ ဟောလိဝုဒ်ကြယ်ပွင့်တွေဖြစ်ကြတဲ့ မင်းသမီး အန်ဂျလီနာဂျိုလီနဲ့ မင်းသား ဘရက်ပစ်တို့ရဲ့သားအကြီးဆုံးဖြစ်သူ မက်ဒေ့ါ်ဇ်ဟာ ဆိုးလ်မှာရှိတဲ့ တက္ကသိုလ်တစ်ခုဖြစ်တဲ့ ယွန်ဆဲတက္ကသိုလ်မှာ တက်ရောက်သွားမှာဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လက်ရှိမှာ အသက် ၁၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မက်ဒေ့ါ်ဇ်ဟာ အဆိုပါ တက္ကသိုလ်မှာ တက်ရောက်ဖို့ရာ ကျောင်းအပ်နှံပြီးဖြစ်ကာ ဩဂုတ်လကုန်ပိုင်းမှာ အတန်းတွေ စတင်တက်ရောက်တော့မှာဖြစ်တယ်လို့လည်း သိရပါတယ်။ အန်ဂျလီနာဂျိုလီက သားအတွက် အလွန့်ကို ဂုဏ်ယူနေပြီး မက်ဒေ့ါ်ဇ်ဟာ တက္ကသိုလ်မှာ ဇီဝဓာတုဘာသာရပ်ကိုတက်ရောက်သင်ယူမှာဖြစ်တယ်လို့လည်း သိရပါတယ်။

မက်ဒေ့ါ်ဇ်ဟာ ဟောလိဝုဒ်မှာလည်း အနုပညာလုပ်ငန်းတွေကို လုပ်ဆောင်ခဲ့တာတွေ့ရပါတယ်။ သူဟာ ၂၀၁၇ ခုနှစ်အတွင်းက ရိုက်ကူးခဲ့တဲ့ "First They Killed My Father" ရုပ်ရှင်မှာ ထုတ်လုပ်သူတစ်ဦးအဖြစ် ပါဝင်ခဲ့ကြောင်းလည်း သိရပါတယ်။

အေးပြည့် စုစည်းသည်

## စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။
(၂) **ဇီဝဗေဒ** ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။
(၂) **သင်္ချာ** ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။
(၂) **သင်္ချာ** ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။

၂။ စာမေးပွဲများကို အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

(က) **နေပြည်တော်** အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်းခန်းမ။
(ခ) **မြစ်ကြီးနားမြို့** တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။
(ဂ) **လားရှိုးမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဃ) **တောင်ကြီးမြို့** တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။
(င) **နမ့်စန်မြို့** နမ့်စန်လေတပ်စခန်းဌာနချုပ်ခန်းမ။
(စ) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။
(ဆ) **မော်လမြိုင်မြို့** အထက၊ ရွှေနတ်တောင်။
(ဇ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။
(ဈ) **ရန်ကုန်မြို့** တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။
(ည) **ပုသိမ်မြို့** တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။
(ဋ) **အမ်းမြို့** တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ။
(ဌ) **မုံရွာမြို့** အထက(၂)၊ အလုံကျောင်း။
(ဍ) **မန္တလေးမြို့** အထက(၁၈)၊ နန်းမြို့။
(ဎ) **တောင်ငူမြို့** တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများတွင် ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့်ဖြေဆိုရမည့်နေရာများ**ကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကျော်မြင့်

### အသက်(၇၀)

ရန်ကုန်မြို့၊ အမှတ် (၂၀)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ (ဦးကံစိန်-ဒေါ်စန်းရှင်)တို့၏ သား၊ (ဦးမောင်ငယ်-ဒေါ်ငါး)တို့၏ သားသမက်၊ ဒေါ်ခင်ဦး၊ ဦးကျော်လှိုင်-ဒေါ်ညွန့်ညွန့်ရီတို့၏ မောင်၊ [သခင်ခင်ညွန့်-ဒေါ်ခင်လှ(စာပေလောကစာအုပ်တိုက်)]တို့၏တူ၊ ဒေါ်ခင်ဝိုင်း၏ ချစ်လှစွာသောခင်ပွန်း၊ ကိုကျော်မြတ်ဦး-ဒေါ်သင်ဇာမျိုးအောင်တို့၏ ချစ်လှစွာသောဖခင်၊ ကိုဇော်ဇော်၊ မဖြူဖြူမာ၊ မမီမီမျိုးမြတ်တို့၏ ဦးလေး၊ မောင်ဥက္ကာမင်းခန့်၏ ချစ်လှစွာသော အဘိုး သည် ၆-၈-၂၀၁၉ ရက် နံနက် ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၉ (တနင်္လာနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယိကာမကြီး

## ဒေါ်သင်းသင်းခိုင် (လက်ခုပ်ကုန်း)

### အသက် (၅၁) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ လက်ခုပ်ကုန်းကျေးရွာနေ [ဦးအောင်ညွန့်စိန် (ကျောင်းဆရာ-ငြိမ်း)-ဒေါ်ခင်မေ]တို့၏ သမီးထွေး၊ (ဦးစံကြည်-ဒေါ်ခင်ညွန့်)တို့၏ သမီးချွေးမ၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ(၁၉)လမ်း၊ အမှတ်(၆၆၅/ခ)နေ ဦးသန်းဌေး (MOGE-CNG)၏ ချစ်လှစွာသောဇနီး၊ ဦးဟိန်းထက်အောင်(ဟိုတယ်ခရီးသင်တန်းကျောင်း၊ ကန်တော်ကြီး)၊ မောင်အောင်ပြည့်ဖြိုးတို့၏ မွေးသမိခင်၊ (ဦးဇော်ဝင်း)၊ ဒေါ်ဝင်းမေသန်း၊ (ဦးခင်မောင်မြင့်)၊ ဒေါ်ခင်စန်းဝေ၊ (ဦးထွန်းနိုင်)၊ ဒေါ်တင်နုဝေ၊ ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးခင်ဇော်၊ ဒေါ်သီသီဆွေ၊ ဦးသက်ကိုကိုတို့၏ ချစ်လှစွာသောညီမသည် ၇-၈-၂၀၁၉ ရက် နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

### ဒေါ်မြကြည် (မိုးကုတ်မြို့)

### အသက် (၈၂) နှစ်

ဦးဌေးအောင်-ဒေါ်ထားထားလွင်(တိုက်ခွဲ-၃၂၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ၊ ရန်ကုန်ဥပဋ္ဌာကအဖွဲ့ဝင်)၏မိခင်ကြီး ဒေါ်မြကြည် (မိုးကုတ်)သည် ၆-၈-၂၀၁၉ (အင်္ဂါနေ့) ည ၉း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တိုက်ခွဲ(၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ**
**ရန်ကုန်ဥပဋ္ဌာကအဖွဲ့**
**ကုန်းတလပေါင်စံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး

### ဒေါ်လှမြင့်

### အသက် (၇၄) နှစ်

တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေဘိုလမ်း၊ အမှတ် (၃၇၅)နေ [ဦးငွေသိန်း(တပ်မတော်-ရေ)]၏ ဇနီး၊ ဦးရဲမြင့်အောင် (TLP Group Co.,Ltd)-ဒေါ်ဖြူပြာသစ္စာတို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်လှမြင့် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာသုဂတိလားပါစေ။

**TLP Group Co.,Ltd**
**ဦးသိန်းဇော်၊ ဦးမျိုးအောင်နိုင်နှင့် ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဇင်မာဖုန်း (ဒုတိယညွှန်ကြားရေးမှူး)

### အသက် (၅၉) နှစ်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၂)၊ အားကစားလေ့ကျင့်ရေးစခန်း(နေပြည်တော်)တွင် တာဝန်ထမ်းဆောင်ခဲ့သော ဒေါ်ဇင်မာဖုန်း(ဒုတိယညွှန်ကြားရေးမှူး)သည် ၅-၈-၂၀၁၉ ရက် (တနင်္လာနေ့) နံနက် ၆နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်**
**ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးဝင်းလှိုင် (ဒုတိယအင်ဂျင်နီယာချုပ်)

ကချင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

### အသက် (၅၃) နှစ်

ပိန်းဇလုပ်ဒေသအသင်း (ရန်ကုန်)၏အလုပ်အမှုဆောင်တစ်ဦးဖြစ်သော ဦးဝင်းလှိုင် (ဒုတိယအင်ဂျင်နီယာချုပ်၊ ကချင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ၊ လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း)သည် ၄-၈-၂၀၁၉ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပိန်းဇလုပ်ဒေသအသင်း (ရန်ကုန်)**

## ဦးထွန်းကြည် (ဖိုမင်-ငြိမ်း)

### အသက် (၈၁) နှစ်

(နတ်မောက်)ရွာမွန်နေ တပ်မှူးဗိုလ်မှူးကြီး သက်နိုင်ဦး-ဒေါ်မဋ္ဌုသင်း၊ စစ်ကိုင်းရဲလေ့ကျင့်ရေးကျောင်းနေ ရဲတပ်ကြပ်ညွန့်ဝင်းထွန်း-မအေးအေးခိုင်၊ မအေးအေးဖြူ၊ မရွှေရည်ဝင်း၊ ကိုအောင်ထွန်းဝင်း-မနှင်းနုရည်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး၊ (ဒေါ်တင်တင်ဝင်း)၏ချစ်လှစွာသောခင်ပွန်းသည် ၇-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၉ (သောကြာနေ့) နံနက် ၁၁နာရီတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၊ အကွက်(၈၆၂) နေအိမ်မှ တောင်အင်း/မြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်မေရီရွှေစိန်

### အသက် (၇၅) နှစ်

(ဦးရွှေစိန်-ဒေါ်စိန်ပွင့်)တို့၏ သမီး၊ ဦးတင်ထွန်း၏ ဇနီး၊ စောဝီလျံ-နော်ဖေါခီးလာတို့၏ ညီမ၊ ဦးခင်မောင်မြင့်-နော်အယ်မလီ၊ နော်ရိုစီ၊ နော်လီလီတို့၏ အစ်မ၊ ဒေါ်ခင်မေထွန်း၊ ဦးဝင်းဖေ-ဒေါ်သန်းသန်းဌေး၊ ဦးအေးမင်း၊ ဦးမောင်မောင်အောင်ဖုန်း-ဒေါ်သူဇာထွန်း၊ ဦးကျော်ဇင်ထူး-ဒေါ်စန်းစန်းထွန်း၊ ဒေါက်တာဖြူဖြူထွန်းတို့၏ ချစ်လှစွာသောမွေးသမိခင်၊ မယဉ်မင်းဦး၊ မောင်ကျော်ဇင်သန့်၊ မနှင်းလဲ့လဲ့ယဉ်၊ မောင်ဖုန်းသန့်၊ မောင်နီကိုးလပ်၊ မဆုမြတ်သီရိထူးတို့၏ ချစ်လှစွာသော အဘွားသည် ၆-၈-၂၀၁၉ (အင်္ဂါနေ့) ည ၉း၂၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၈-၈-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေး ခရစ်ယာန် ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး

## ဒေါ်လှမြင့် (၇၄) နှစ်

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေဘိုလမ်း၊ အမှတ်(၃၇၅)နေ (ကျောင်းအုပ်ဆရာကြီးဦးသိန်း-ဒေါ်အေးရင်)တို့၏သမီး၊ [ဦးငွေသိန်း (တပ်မတော်-ရေ)]၏ဇနီး၊ ဦးဇော်ဝင်းအောင် (တပ်ကြပ်ကြီး၊ တပ်မတော်/ရေ)-ဒေါ်လှလှရီ၊ ဦးရဲမြင့်အောင် (TLP Group Co.,Ltd)-ဒေါ်ဖြူပြာသစ္စာ၊ ဒေါ်ချိုချိုမြင့်-ဦးဝင်းနိုင်ဦး(Nature Living Floors)၊ (ဦးကိုကိုအောင်)-ဒေါ်ခင်စိုးအေး၊ ဦးအောင်မြတ်သူ-ဒေါ်စန္ဒာသိန်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၂ ယောက်၊ မြစ်နှစ်ယောက်တို့၏ကျေးဇူးရှင်ဘွားဘွားကြီးသည် ၆-၈-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၉ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၉ (တနင်္လာနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်သန်း (ခ) ဦးအာသာ

### အသက် (၆၃) နှစ်

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ စက္ကဝတ်(၅)လမ်း၊ အမှတ်(၁၂၁)နေ (ဦးဖိုးသန်း-ဒေါ်ကြည်မြိုင်)တို့၏သား၊ ဦးအောင်ဖေ-ဒေါ်ခင်စောဝင်းတို့၏ မောင်၊ ဒေါ်သိန်းသိန်းအေး၏ခင်ပွန်း၊ ကိုနေလင်းဟန်-မခင်ချိုချိုခိုင်(မြန်မာ့အာမခံလုပ်ငန်း)၊ မနှင်းနုနုနိုင် (First National Insurance Public Co., Ltd)တို့၏ဖခင်၊ မလင်းပိုးအိမ်၏အဘိုးသည် ၇-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကိုနိုင်ထူးမြင့် (တွတ်တွတ်)

### အသက် (၄၄) နှစ်

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၁၃၀)၊ ခတ္တာလမ်း၊ (၂/က) ရပ်ကွက်နေ ဗိုလ်မှူးကြီးဘမြင့်(ငြိမ်း)-(ဒေါ်ညိုညိုသန်း)တို့၏ သားလတ်၊ မအေးသီတာမြင့် (မြန်မာသံရုံး၊ နယူးဒေလီ)၊ ဗိုလ်မှူးကြီးဇော်ပိုင်ထွန်း-ဒေါ်ယုရွှေစင်မြင့်တို့၏မောင်၊ ဗိုလ်ကြီးအောင်သူမြင့် (ငြိမ်း)-ဒေါ်အိအိခိုင်တို့၏ အစ်ကို၊ ကျောက်ဆည်မြို့နေ ဦးအေးသောင်း၊ ဦးစံသိန်း၊ ဦးဘတင့်၊ ဒေါ်မေဝမ်း၊ ဒေါ်ခင်ဆန်း၊ ဒေါ်မြင့်မြင့်၊ ရန်ကုန်မြို့နေ ဒေါ်မေစိုးသန်း၊ ဒေါ်မြမာလာသန်း၊ ဒေါ်မေအေးသန်းတို့၏တူ၊ မဆုရတီမြင့်၊ မောင်ခန့်တည်မြင့်တို့၏ ဦးလေးသည် ၆-၈-၂၀၁၉ (အင်္ဂါနေ့) နံနက် ၄း၁၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၉ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ များအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၉ (တနင်္လာနေ့) နံနက် ၈ နာရီမှ ၁၀ နာရီအထိ မင်္ဂလာဒုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်အုံးမြ

ပြည်နယ်ဦးစီးမှူး၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ဘားအံမြို့

### အသက် (၅၁) နှစ်

ကရင်ပြည်နယ်၊ ဘားအံမြို့(ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး) ဒေါ်အုံးမြသည် ၅-၈-၂၀၁၉ ရက် ည ၈း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**

## အာနိစ္စ

### ဦးတင်ရွှေ

အလုပ်သမားဝန်ကြီးဌာန
ဝန်ကြီးရုံး-ငြိမ်း

### အသက် (၉၂) နှစ်

ရောဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နေ (ဦးစံငွေ-ဒေါ်သိန်းတင်)တို့၏ သား၊ ရန်ကုန်မြို့ လှိုင်မြို့နယ်၊ ပညာရေးဝန်ထမ်းရိပ်သာ၊ တိုက်(၄)၊ အခန်း(၁/၄)၊ (၁၂) ရပ်ကွက်နေ ဒေါ်ခင်ယုံ၏ခင်ပွန်း၊ (ဦးမောင်ငယ်-ဒေါ်ရှိန်)၊ ဦးတင်ဖေ-ဒေါ်တင်ဥ၊ ဦးတင်မောင်-ဒေါ်ခင်ရွှေ၊ ဦးကြည်ဝင်း-(ဒေါ်နှင်းဆီ)၊ (ဦးလှမြင့်) - ဒေါ်စပယ်တို့၏ အစ်ကိုကြီး၊ ဖျာပုံမြို့နေ ဦးဝင်းကြည်-ဒေါ်ညို၊ ဦးမြင့်-ဒေါ်စန်းမြင့်၊ ဦးဝေလွင်-ဒေါ်တင်တင်နွဲ့၊ (ဦးသောင်းဝင်း)-နော်ဇွေထူး၊ ဘဒ္ဒန္တ ဦးပညိန္ဒ (ရွှေယုံ မဟာစည်ကျောင်းတိုက် ဆရာတော်၊ လှည်းကူးမြို့နယ်)၊ ဦးစိုးနီ(လူမှုဖူလုံရေးဌာန)-ဒေါ်တင်တင်နွယ်၊ ဦးသက်မို(မွေး/ရေ)-ဒေါ်ချိုချိုသင်းတို့၏ဖခင်၊ မြေး ၁၈ ယောက်၊ မြစ်ကိုးယောက်တို့၏ ဘိုးဘိုးကြီး ဦးတင်ရွှေသည် ၇-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**နိုင်ငံ
တစ်ဝန်း
စိမ်းလန်းဖို့
သစ်ပင်
စိုက်ပျိုး
ထိန်းသိမ်းစို့**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ထွေး (တောင်ငူ)

### အသက် (၉၄) နှစ်

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ (၉)လမ်း၊ အမှတ်(၁၅၃/B)နေ ဦးဝမ်ရှိန်(လ/ထအထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)၏ ဇနီး၊ ဦးလှသွင်-ဒေါ်တင်တင်တို့၏အစ်မ၊ ဒေါက်တာကြည်ဦး-ဒေါက်တာခင်မာရှိန်(ပါမောက္ခ/ဌာနမှူး၊ ဓာတ်မှန်ပညာဌာန၊ မကွေးဆေးတက္ကသိုလ်)တို့၏မိခင်၊ ဒေါက်တာရှိန်လင်းဦး-ဒေါက်တာဝိုင်းမိုမိုကြွယ်၊ ဒေါက်တာမျိုးကျော်ဦးတို့၏ အဘွားသည် ၆-၈-၂၀၁၉ (အင်္ဂါနေ့) ည ၁၁ နာရီတွင် O.S.C ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၉ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ရီ

### အသက် (၉၁) နှစ်

ရန်ကုန်မြို့ ခြံအမှတ်(၃၅-ဃ)၊ ကျိုက်ဝိုင်းဘုရားလမ်းနေ (ဦးထွန်းလင်း-ဒေါ်နုနု)တို့၏ သမီး၊ (ဦးမောင်မောင်မြင့်)၊ (ဦးဖေမြင့်)၊ ဒေါ်ခင်ကြည်တို့၏ ညီမ၊ ဦးမြင့်စိုး-ဒေါ်မေမေစန်း၊ ဒေါ်ခင်မြ-(ဦးအုန်း)တို့၏ အစ်မ၊ ဒေါ်သက်မာအုန်း(သံမဏိစက်ရုံ၊ ပြင်ဦးလွင်)-ဦးဖေတင့်၊ ဦးသန့်ဇင် (Chief Engineer)-ဒေါ်မေသန္တာထွန်း၊ ဦးဇော်ဝင်း(ညွှန်မှူး၊ ရန်ကုန်စည်ပင်)-ဒေါ်ခင်မြအုန်း၊ ပါမောက္ခဦးကျော်ဇင်(မြောက်ဥက္ကလာပဆေးရုံကြီး)-ဒေါက်တာမေသူဟန်(UK)တို့၏ ချစ်လှစွာသော အဒေါ်သည် ၇-၈-၂၀၁၉ ရက် နံနက် ၈း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅ နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၉ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

သိမ်၊ ကျောင်းဒါယကာကြီး

## ဦးတင်ဝင်း (ခ) ဦးထင်ကျော် (ခ) ဦးနီတွတ် (ခ) Bobby Cooper

### အသက် (၇၀)

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်၊ (၈)ရပ်ကွက်၊ (၄၁)လမ်း၊ အမှတ်(၁၃၁)၊ အခန်း(၆)နေ [ဦးပါ (ခ) T.D COOPER - ဒေါ်သန်းဌေး]တို့၏သား၊ ဦးကျော်ညွန့်၊ [သိက္ခာတော်ရ ဦးမျိုးမြင့်(ခ)Peter Cooper]၊ ဒေါ်နန်းဘောက်ထုံ(U.S.A)၊ ဦးစိန်တင်(တပ်စာရင်းကိုင်-ငြိမ်း)-(ဒေါ်ခင်ခင်မြင့်)၊ (ဦးသန့်ဇင်)တို့၏ညီ၊ (ဦးကံကြီးမောင်)-ဒေါ်သိန်းသိန်း (သ/မရုံးချုပ်-ငြိမ်း)၊ (ဦးတင်မောင်ထွန်း)-ဒေါ်ချိုချိုဝင်း၊ ဦးဝင်းနိုင်-ဒေါ်ခင်ဆွေ (ရှမ်း/တောင်၊ သ/မ-ငြိမ်း)၊ ဦးသိန်းဆိုင် (ဌာနခွဲမှူး၊ M.P.P.E-ငြိမ်း)-ဒေါ်စန္ဒာခင်တို့၏အစ်ကို၊ တူ/တူမ ၁၂ ယောက်တို့၏ဦးလေး၊ မြေး ၁၄ ယောက်တို့၏အဘိုး ဦးတင်ဝင်း(ခ)ဦးထင်ကျော်သည် ၇-၈-၂၀၁၉ ရက် နံနက် ၁း၅၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်မြကြည် (မိုးကုတ်)

### အသက် (၈၂) နှစ်

မိုးကုတ်မြို့ ရှမ်းစုရပ်နေ (ဦးမှတ်-ဒေါ်သော်)တို့၏ သမီး၊ (ဦးထွန်း-ဒေါ်သိန်းတင်)တို့၏ သမီးချွေးမ၊ (ဦးတင်ဦး-ဒေါ်ခို)၊ (ဒေါ်ခင်မာရီ)တို့၏ညီမ၊ ရန်ကုန်မြို့ ဦးဝိစာရလမ်း၊ အမှတ်(၂၇၈)နေ (ဦးအောင်ကျော်)-ဒေါ်ကြည်ကြည်သန်း၊ မိုးကုတ်မြို့ ရှမ်းစုရပ်နေ (ဦးညိုညို)-ဒေါ်ကြည်စိန်တို့၏အစ်မ၊ ရန်ကုန်မြို့ အမှတ်(၂၈၅)၊ ဒု/ယာ၊ ဗိုလ်အောင်ကျော်လမ်းနေ ဦးဌေးအောင်-ဒေါ်ထားထားလွင်၊ ဦးစိုးမိုး-ဒေါ်မြင့်မြင့်လွင်(ခေတ္တ-USA)၊ မန္တလေးမြို့နေ ဦးညိုဝင်းလွင်-ဒေါ်မင်းမင်းသန်း၊ ရန်ကုန်မြို့နေ ဒေါ်ခိုင်ခိုင်ဆွေ၊ ဦးစောဝ်နေမျိုးအောင်-ဒေါ်အေးအေးမွန်(ခေတ္တ-UK)တို့၏မွေးသမိခင်၊ မောင်ဟိန်းသူလွင်၊ မောင်အောင်သူဟိန်း၊ မမေစိုးမိုး၊ မရွှေယမင်းမေ၊ မကြာညိုသင်း၊ မသီရိရတနာစိုးမိုး၊ မောင်လွင်မိုးအောင်၊ မစောဝ်အမရာအောင်တို့၏ အဘွား၊ (ဦးသိန်းလွင်)၏ဇနီးသည် ၆-၈-၂၀၁၉ (အင်္ဂါနေ့) ည ၉း၁၅ နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကျော်နိုင်ဦး (ဖိုးကျော်)

(ရှမ်းထိပ်တန်း Express)

### အသက်(၅၉)နှစ်

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်၊ ရွှေကမ်းသာယာအိမ်ရာ၊ အမှတ် (၆၂/A-1)နေ ဒေါ်စောလွမ်(ခ)မလွမ်း၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးကျင်-ဒေါ်ခင်ခင်အေး)တို့၏ သားကြီး၊ (ဦးကောက်)-ဒေါ်ရှုရှင် တို့၏ သားသမက်၊ ဦးမိုးခိုင်(ခ)ဦးမိုး-ဒေါ်နိုင်နိုင်ထွန်း(ထ-၃၊ ကြည့်မြင်တိုင်)၊ ဦးကျော်ကျော်စိုး-ဒေါ်ကေသီဦး၊ ဦးမျိုးနိုင်-ဒေါ်သူဇာနွယ်တို့၏ အစ်ကိုကြီး၊ ဒေါက်တာကျော်မင်းထွန်း (လက်ထောက်ဆရာဝန်၊ မြိတ်မြို့ပြည်သူ့ဆေးရုံကြီး)၊ မနှင်းဝတ်ရည်ကျော်တို့၏ ချစ်လှစွာသော ဖခင်သည် ၆-၈-၂၀၁၉ (အင်္ဂါနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# Myanmar Sat-2 ပါဝင်သည့် Intelsat 39 ဂြိုဟ်တု အောင်မြင်စွာ လွှတ်တင်

**နေပြည်တော် ဩဂုတ် ၇**

Myanmar Sat-2 ပါဝင်သည့် Intelsat 39 ကို ယနေ့ နံနက် ၂ နာရီတွင် တောင်အမေရိကတိုက် မြောက်အတ္တလန္တိတ် ကမ်းခြေရှိ ပြင်သစ်ဂီယာနာ အာရိယန် အာကာသဒုံးပျံပစ်လွှတ်ရေး အခြေစိုက်စခန်းမှ အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သည်။

**ဂြိုဟ်တုနှစ်လုံး ပါဝင်**

Myanmar Sat-2 ပါဝင်သည့် Intelsat 39 ဂြိုဟ်တုကို Ariane 5 ECA ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး ယင်းဒုံးပျံတွင် မြန်မာနိုင်ငံပိုင် Myanmar Sat-2 ပါဝင်သည့် Intelsat 39 ဂြိုဟ်တုနှင့် EDRS-C ဂြိုဟ်တုနှစ်လုံး ပါဝင်ကြောင်း သိရသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်းက "Myanmar Sat-2 ကို အသုံးပြုပြီး ၉၅ ရာခိုင်နှုန်းသော ပြည်သူလူထုတွေ ကောင်းမွန်တဲ့ ဆက်သွယ်ရေးရရှိစေဖို့၊ ကျန်းမာရေး စောင့်ရှောက်မှုနဲ့ ပညာရေးကဏ္ဍတွေ

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳**




Myanmar Sat-2 ပါဝင်သည့် Intelsat 39 ဂြိုဟ်တုကို ပြင်သစ်ဂီယာနာ အာရိယန်အာကာသဒုံးပျံပစ်လွှတ်ရေးအခြေစိုက်စခန်းမှ လွှတ်တင်စဉ်။



ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်လေးတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဩဂုတ် ၇ ရက်က ရေကြီးရေလျှံမှုဖြစ်ပွားနေသည်ကို တွေ့ရစဉ်။

ဓာတ်ပုံ-ရွှေအင်းသားခင်မောင်ဝင်း

**ကြေးမုံ ယနေ့ ဖတ်စရာ**

**ပြည်တွင်းလုပ် စမတ်ဖုံးနှစ်မျိုးနှင့် ဒုံးကျည်သစ်တို့အား အီရန်ထုတ်ဖော်ပြသ**

စာမျက်နှာ » ၁၂

**ဗီယက်နမ်၌ တိုင်ဖွန်းမုန်တိုင်း "ဝီဖာ" တိုက်ခတ်မှုကြောင့် ၁၂ ဦး သေ၊ ကိုးဦး ပျောက်ဆုံး**

စာမျက်နှာ » ၁၃

**လှုပ်လှုပ်ရှားရှား အားကစား**

## အာရှကလပ်ဖလားဆယ်ပြိုင်ပွဲ ယနေ့ စတင်ကျင်းပ

**နေပြည်တော် ဩဂုတ် ၇**

မြန်မာကလပ် VUC အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၉ အာရှကလပ်ဖလားဆယ်ပြိုင်ပွဲကို ယနေ့တွင် ထိုင်းနိုင်ငံ၌ စတင်ကျင်းပခဲ့သည်။ ပြိုင်ပွဲကို ယနေ့စတင်ကျင်းပသော်လည်း VUC အသင်းသည် အုပ်စုအဖွင့်ပွဲကို ဩဂုတ် ၈ ရက်မှ ကစားရမည်ဖြစ်သည်။ **စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ◆**

## မြန်မာ ယူ-၁၅ နည်းပြချုပ်အဖြစ် ဦးမင်းသူအား ခန့်အပ်

**ရန်ကုန် ဩဂုတ် ၇**

မြန်မာ ယူ-၁၅ အမျိုးသားအသင်း နည်းပြချုပ်နေရာအပြောင်းအလဲဖြစ်ပေါ်ခဲ့ပြီး ဦးမင်းသူကို ခန့်အပ်တာဝန်ပေးခဲ့သည်။ မြန်မာ ယူ-၁၅ အသင်းသည် ဩဂုတ်လဆန်းက ကျင်းပသည့် အာဆီယံ ယူ-၁၅ ပြိုင်ပွဲတွင် အောင်မြင်မှုမရရှိဘဲ အုပ်စုအဆင့်မှ ထွက်ခဲ့ရသောကြောင့် ယခင်နည်းပြချုပ်ဖြစ်သူ ဂျာမနီနိုင်ငံသား တော်စတန်ဖရန့်ခ်သည် ၂၀၁၉ အာဆီယံ ယူ-၁၅ ပြိုင်ပွဲအပြီးတွင် ရာထူးမှနုတ်ထွက်ကြောင်း တင်ပြခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က နည်းပြသစ်ကို အမြန်ဆုံးခန့်အပ်ခဲ့ခြင်းဖြစ်သည်။

**စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ❍**

## ယူ-၂၃ ဘော်လီဘော ချန်ပီယံရှစ်ပြိုင်ပွဲများ ကျင်းပ

**နေပြည်တော် ဩဂုတ် ၇**

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ကျင်းပသည့် SMM 3rd Asian "Asia World Foundation " Men's U-23 Volleyball Championship ပြိုင်ပွဲအား ယနေ့နံနက် ၁၁ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B) နှင့် (C) တို့၌ ဆက်လက်ကျင်းပလျက်ရှိသည်။ **စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ✪**

